
အုပ် ၇၀ မြောက်
အထိမ်းအမှတ်
မင်းမြတ်သူရ
လျှို့ဝှက်ကော်ဇော

# လှိုင်ဝှက်ကော်ဇော်
## အခန်း(၁)

တစ်နေ့သ၌ မြန်မာပြည် မြောက်ဖျားဒေသရွာကြီးတစ်ရွာရှိ အကြီးအကဲ၏ နေအိမ်မှ သာယာနာပျော်ဖွယ်ကောင်းသော ကြိုးတပ်တူရိယာအသံကို ကြားရလေ၏။ ကြိုးတပ်တူရိယာကို တီးခတ်နေသူမှာ ဒူဝါကတော် ဒူဂျန်ဖြစ်၏။

ကြိုးတပ်တူရိယာသည် ကချင်တို့၏ ရိုးရာတူရိယာမဟုတ်သော်လည်း ဒူဂျန်နှစ်သက်လွန်းလှ၍ တိဘက်ပညာရှင်တစ်ဦးထံမှ ဝယ်ယူပြီး ထိုတူရိယာပညာရှင်ကို ရွာတွင် သုံးနှစ်သုံးမိုး နေထိုင်စေပြီး ကြိုးတပ်တူရိယာ တီးခတ်ခြင်းကို သင်ယူခဲ့လေ၏။

ဒူဂျန်ကြိုးတပ်တူရိယာ တီးခတ်နေစဉ် သူမ၏ ဂီတသံကို သားဖြစ်သူ ဘရန်ရှောင်က နားဆင်နေလေ၏။

ဘရန်ရှောင်သည် မိခင်ဖြစ်သူ တူရိယာတီးခတ်တိုင်း နားမဆင်ဘဲ မနေနိုင်ချေ။

သူငယ်စဉ်က အိပ်စက်သည့်အခါတိုင်း မိခင်၏ တူရိယာ တီးခတ်တိုင်း မိခင်၏ တူရိယာသံကို နားဆင်ပြီး အိပ်ပျော်သွားမြဲဖြစ်၏။ ဒူဂျန်၏ ဂီတသံသည် အိမ်ဝိုင်းတစ်ခုလုံးသို့ လွင့်ပျံ့နေလေ၏။

အိမ်ဝိုင်းအတွင်းရှိ အစောင့်အကြပ်များသည် ကချင်ရိုးရာခေါင်ရည်ကို သောက်ရင်း ဒူဂျန်၏ ဂီတသံကို နားဆင်နေလေ၏။

ဂီတနှင့်ဝေးကွာလွန်းသော ဒူဝါကြီးမှာမူ ခေါင်ရည်များကို အဝအပြဲသောက်ပြီး တခေါခေါ ဟောက်သံပေးကာ အိပ်စက်နေပြီ ဖြစ်၏။

ဒူဂျန်သည် အတန်ကြာအောင် ကြိုးတပ်တူရိယာကို တီးခတ်ရင်း

မျက်လုံးများမှေးစင်း၍ အိပ်စက်ပျော်လုဖြစ်နေသော သားဖြစ်သူကို ကြည့်၍ ပြုံးလိုက်ပြီး တူရိယာတီးခတ်ခြင်းကို ရပ်တန့်လိုက်၏ ။

ပြီးနောက် သား၏ ပခုံးကို ပုတ်၍

“ ထ ထ အမေ့ရဲ့ ဂီတသံကောင်းလွန်းလို့ ငါ့သားအိပ်ပျော်သွားတယ် မှတ်တယ်၊ ကိုယ့်အခန်းမှာ ကိုယ်ပြန်ပြီး အိပ်ပေတော့ ”

ဟု ပြောလိုက်ရာ သားဖြစ်သူသည် အိပ်မှုံစုံမွှားဖြင့်ထ၍ အိပ်ခန်းဆီသို့ ထွက်ခွာသွားလေ၏ ။

ဒူဝါကတော် ဒူဂျန်သည် သူမ၏ တစ်ဦးတည်းသောသားဖြစ်သူ၏ နောက်ကျောကို ကြည့်၍ သက်ပြင်းချလိုက်မိ၏ ။

ဤကလေးသည် စိတ်သဘောထား နူးညံ့သိမ့်မွေ့ပြီး အေးဆေးလှ၏ ။ ဤမျှ အေးတိအေးစက်နိုင်သော ကလေးသည် ဖခင် မုန်းဒူဝါကြီး၏ အရိုက်အရာကို မည်သို့ ဆက်ခံလေမည်မသိ။

သို့သော် ကလေးမှာ ငယ်ရွယ်သေးသဖြင့် ကြီးပြင်းလာလျှင် ဖခင်၏ စိတ်ဓာတ်ဝင်ရောက်လာနိုင်သည်ဟု တွေးမိပြန်၏ ။

သူမ၏ ယောကျ်ား မုန်းဒူဝါကြီးသည် ရဲရင့်ပြီး သတ္တိကောင်းလှ၏ ။ ဒူဝါအားလုံးကို အုပ်ချုပ်ရသော မုန်းဒူဝါကြီးပီပီ ခက်ထန်ကြမ်းကြုတ်သော စိတ်ဓာတ်ရှိသူလည်းဖြစ်၏ ။

ယခု သူမယောကျ်ား မုန်းဒူဝါကြီးလက်ထက်တွင် ဒူဝါငယ်များအားလုံးက ပိုမို၍ ရိုကျိုးခယရှိကြ၏ ။ လက်ဆောင်ပဏ္ဏာများလည်း များစွာ ဆက်သခြင်းကို ခံရ၏ ။

သူမ၏ ယောကျ်ား မုန်းဒူဝါကြီးသည် ခက်ထန်ကြမ်းကြုတ်သော စိတ်ဓာတ်ရှိသော်လည်း လက်အောက်ငယ်သားများကို နှိပ်စက်ခြင်းမရှိ။

ဒူဝါငယ်များနှင့် ရွာသူရွာသားအားလုံးကို ကျောသားရင်သား မခွဲခြားဘဲ ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်စီမံ၏ ။

ဒူဂျန်သည် ထိုနေ့ညက ရောက်တတ်ရာရာကို တွေးတောပြီး ညဥ့်နက်သည်အထိ အိပ်မပျော်နိုင်ဘဲ ရှိ၏ ။

သူမတို့ ထိန်နုအိမ်ကြီး၏ ခြံဝိုင်းအတွင်းတွင် မီးတုတ်ကြီး၏ အလင်းရောင်များ ဖျော့တော့နေပြီ ဖြစ်၏ ။

အိမ်ဝိုင်းအတွင်းရှိ လက်နက်ကိုင်အစောင့်အကြပ်များပင် အိပ်ချင်မူးတူးနေလောက်ပေပြီ။ ဒူဂျန်သည် အိပ်ရာပေါ်တွင်လှဲ၍ အိပ်ပျော်အောင် အိပ်ရန် ကြိုးစားလိုက်၏ ။

ထိုအခိုက်မှာပင် သူမ၏ နားအတွင်းသို့ တိုးတိတ်သောအသံတစ်ခု ဝင်းရောက်လာ၏ ။ ထိုအသံသည် ထူးဆန်းသော လေချွန်သံတစ်မျိုးပင်ဖြစ်၏ ။

ဒူဂျန်သည် လေချွန်သံကြောင့် မျက်မှောင်ကြုတ်လိုက်မိ၏ ။ သူမတို့ အိမ်ကြီး၌ ထိုလေချွန်သံကို မည်သူမျှ ပြုလုပ်လေ့မရှိချေ။

ထိုအခိုက်မှာပင် တိုက်သံခိုက်သံ ထိုးခုတ်သံများကို ကြားရ၍ ဒူဂျန်၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေ၏ ။

“ သူမ၏ နှုတ်မှလည်း ရန်သူတွေ ရောက်နေပြီ၊ ရန်သူတွေ ရောက်နေပြီ ”

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်၏ ။

ဒူဂျန်သည် အသံကုန်အော်ဟစ်ရင်း သားဖြစ်သူနှင့် လင်တော်မောင် ဒူဝါကြီးအတွက် စိုးရိမ်သောက ဖြစ်သွား၏ ။

မုန်းဒူဝါကြီးသည် ခေါင်းရည်များ အဝအပြဲ သောက်၍ အိပ်ပျော်နေလေ၏ ။

ဒူဂျန်သည် စိတ်လှုပ်ရှားစွာဖြင့် အခန်းထောင့်ရှိ ဆောင်ဓားကို ကိုင်၍ ပြေးထွက်ခဲ့လေသည်။

သူမသည် လင်ဖြစ်သူ မုန်းဒူဝါကြီး၏ အိပ်ခန်းသို့ ရောက်ရှိသွားပြီး အိပ်ပျော်နေဆဲဖြစ်သော မုန်းဒူဝါကြီးကို လှုပ်နှိုးလိုက်၏ ။

မုန်းဒူဝါကြီးကို အလွယ်တကူ နှိုးမရသဖြင့် မျက်နှာကို ခေါင်းရည်နှင့် ဖျန်းပက်လိုက်၏ ။

ဒူဝါကြီးသည် ထိုအခါမှပင် အိပ်ပျော်နေရာမှ လူးလဲထ၏ ။ ဒူဂျန်က လင်ဖြစ်သူကို ကြည့်၍ အလန့်တကြားဖြင့်

" ရန်သူတွေ ရောက်နေတယ်၊ တိုက်ပွဲဖြစ်နေပြီ "

ဟု ပြောလိုက်၏ ။ ဒူဝါကြီးသည် ရန်သူဟူသော အသံကို ကြားသည်နှင့် အိပ်ပျော်နေရာမှ ဝုန်းခနဲ ထ၍ ဆောင်ဓားကို ဆွဲကိုင်ကာ

" ဘယ်မှာလဲ ရန်သူ၊ ငါသွားတိုက်ဦးမယ်၊ သားကို မင်းစောင့်ရှောက်ထားပါ "

ဟု ပြောဆိုလေ၏ ။ ဒူဂျန်သည် ဒူဝါကြီး အိပ်ရာမှနိုးသွားသဖြင့် အနည်းငယ် ပေ့ါပါးသွားပြီး သားဖြစ်သူ၏ အခန်းရှိရာသို့ ပြေးထွက်ခဲ့လေ၏ ။

လမ်းခရီးတွင် အစောင့်အကြပ်များနှင့် တွေ့ဆုံပြီး အစောင့်တစ်ဦးက စိတ်လှုပ်ရှားစွာဖြင့်

" ရန်သူတွေ အများကြီးရောက်နေပြီ၊ ဒူဂျန် သတိထားပါ "

ဟု သတိပေးလေ၏ ။

ဒူဂျန်သည် အစောင့်၏ စကားကို နားမဝင်ဘဲ သားဖြစ်သူထံသို့ အလျှင်အမြန် ပြေးလေ၏ ။

သူမတို့၏ ထိန်နုအိမ်ကြီးသည် ပေ ၃၀၀ ကျော် ရှည်လျား၏ ။ သူမ၏ ယောကျ်ားသည် မုန်းဒူဝါကြီးဖြစ်သဖြင့် ထိုမျှ ကြီးမားသော အိမ်ကြီး၌ နေထိုင်ရခြင်းဖြစ်၏ ။

ဒူဂျန်သည် အိမ်ပတ်လည်တွင် တိုက်ပွဲများ ဖြစ်ပွားနေသဖြင့် သားဖြစ်သူအတွက် ပိုမိုစိုးရိမ်သွားပြီး အမြန်ဆုံး ပြေးလွှားခဲ့၏ ။

အိမ်ထဲတွင် အစောင့်တပ်သားများ ညာသံပေး၍ ပြေးလွှားနေလေ၏ ။

ဒူဂျန်သည် သား၏ အခန်းသို့ ရောက်လျှင် အခန်းထဲတွင် မီးလင်းဖိုကိုသာ မြင်ရပြီး သားဖြစ်သူကို မမြင်သဖြင့် ခေါင်းနပန်းကြီးသွား၏ ။

သူမ၏ သားသည် ငယ်ရွယ်သူ ဖြစ်သဖြင့် တိုက်သံခိုက်သံများကို ကြောက်ရွံ့ပြီး ထွက်ပြေးခြင်း ဖြစ်ပေလော။ ဒူဂျန်သည် သားအတွက် စိုးရိမ်စိတ်ဖြင့် အခန်းများ တစ်ခန်းပြီး တစ်ခန်း ပြေးလွှားကြည့်၏ ။

သားကို ထိန်းကျောင်းသော အဘိုးကြီးဂျာလုသည် မည်သည့်အရပ်သို့ ရောက်ရှိနေသည် မသိ။ ဒူဂျန်သည် သား၏ အမည်ကို အော်ဟစ်ခေါ်ဝေါ်၏ ။ အဘိုးကြီး ဂျာလု၏ အမည်ကိုလည်း ခေါ်ဝေါ်၏ ။

ထိုအခိုက်မှာပင် အနီးသို့ အဘိုးကြီး အမောတကော ရောက်ရှိလာပြီး

“ ဒူဂျန် ရန်သူအင်အား အလွန်များတယ်၊ သတိထားပြီး နေပါ ကိုယ့်ကိုကိုယ်ကာကွယ်ဖို့ ကြိုးစားပြီး ”

ဟု သတိပေးလေ၏ ။ ဒူဂျန်သည် အဘိုးကြီးဂျာလုကို မြင်သော အခါ အလောတကြီးဖြင့်

“ ဂျာလု သားဘယ်မှာလဲ၊ သားကို ငါ လိုက်ရှာနေတာ ”

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါ အဘိုးကြီးဂျာလုက

“ ကျုပ်လည်း ဘရန်ရှောင်ကို လိုက်ရှာနေတာပဲ၊ ဘရန်ရှောင်

အခန်းထဲမှာ မရှိဘူး၊ သူ ဘယ်ရောက်နေလဲ မသိဘူး ”

ဟု ပြောလေရာ ဒူဂျန်သည် သားဖြစ်သူအတွက် အလွန်စိုးရိမ်ထိတ်လန့်သွားလေ၏။ ထိုအခိုက်မှာပင် အနီးသို့ တပ်သားများ ရောက်ရှိလာပြီး

“ ဒူဂျန် ရန်သူတွေ အိမ်ထဲကို ရောက်ကုန်ပြီ သတိထားပါ ”

ဟု အထိတ်တလန့် ပြောလေ၏။ ဒူဂျန်သည် တပ်သားများ၏ စကားကြောင့် လင်ဖြစ်သူ အတွက်ပါ စိုးရိမ်သွားပြီး

“ ငါ့ယောက်ျားဘယ်မှာလဲ ”

ဟု မေးမြန်းလိုက်လေ၏။ တပ်သားတစ်ဦးက ရန်သူများကို မျက်ခြေမပြတ်ကြည့်၍

“ ဒူဝါကြီး ဒဏ်ရာရထားတယ်၊ ဒါပေမယ့် ရန်သူတွေကို တိုက်ခိုက်နေတုန်းပဲ ”

ဟု ပြောလေ၏။

ဒူဂျန်သည် သူမယောက်ျားအကြောင်းကို အသိဆုံးဖြစ်သဖြင့် အနည်းငယ် စိတ်ဓာတ်ပေါ့ပါးသွားလေ၏။ ဒူဝါကြီးသည် ရန်သူကို အလျှော့ပေးရိုးထုံးစံမရှိ။

သူမ၏ အသက်နှင့်ခန္ဓာ တည်မြဲနေသရွေ့ ရန်သူကို တွန်းလှန်တိုက်ခိုက်မည်ဖြစ်၏။

ဒူဂျန်သည် အဘိုးကြီး ဂျာလုဘက်သို့ လှည့်၍

“ သားကို အမြန်ဆုံး တွေ့အောင်ရှာပါ၊ ကျွန်မ သိပ်စိုးရိမ်နေပြီ ”

ဟု အမိန့်ပေးပြီး သူမကိုယ်တိုင် တပ်သားများနှင့်အတူ ထိန်နုအိမ်ကြီး၏ အရှေ့ဘက်သို့ ပြေးလွှားခဲ့လေ၏။

အိမ်၏ တစ်နေရာသို့ ရောက်သောအခါ အိမ်ထဲသို့ ကျူးကျော်ဝင်ရောက်လာသော ရန်သူတပ်သားများနှင့် စတင်တွေ့ဆုံလေ၏ ။

ရန်သူများသည် အနက်ရောင်အကျႌ နှင့် ဘောင်းဘီရှည် များကို ဝတ်ဆင်ထားသဖြင့် ဒူဂျန်သည် အံ့သြသွားလေ၏ ။

ရန်သူများသည် သူမတို့ ပြိုင်ဘက် မုန်းဒူဝါအုပ်စုမှ ဖြစ်ပုံမရချေ။ ရန်သူများနှင့် သူမ၏ တပ်သားများ အပြင်းအထန် ထိုးခုတ်ကြလေ၏ ။

ဒူဂျန်သည် မုန်းဒူဝါးကြီး၏ မယားဖြစ်သူပီပီ သွေးမနည်းဘဲ ရန်သူများကို ဝင်ရောက်တိုက်ခိုက်လေ၏ ။

ဒူဂျန်သည် ရန်သူတစ်ဦး၏ လှံချက်ကို သူမ၏ ဓားရှည်ဖြင့် ကာကွယ်၍ ရန်သူကို ဓားဖြင့် ထိုးစိုက်လိုက်၏ ။

ရန်သူသည် အသံနက်ကြီးဖြင့် အော်၍ လဲကျသွားလေ၏ ။

ဒူဂျန်သည် ရန်သူ ၏ ကိုယ်ထဲတွင် နစ်ဝင်နေသော ဓားရှည်ကို ဆွဲနှုတ်နေစဉ် သူမကို တိုက်ခိုက်ရန် ကြံစည်သူ တစ်ဦး နှင့် ကြုံတွေ့ရပြန်၏ ။

ထိုသူသည် ဒူဂျန်အား ဓားရှည်ဖြင့် ခုတ်ပိုင်းရန် ကြိုးစား၏ ။

ဒူဂျန်သည် ရန်သူ၏ ဓားရှည်ကို သူမ၏ ဓားရှည်ဖြင့် ခုခံရင်း ရန်သူကို ပြန်လည်တိုက်ခိုက်၏ ။

သို့သော် ရန်သူသည် အရည်အချင်းရှိသူဖြစ်၍ သူမ အလွယ်တကူ အနိုင်မယူနိုင်ချေ။

ဒူဂျန်သည် ရန်သူနှင့် တိုက်ခိုက်ရင်း တစ်ဖက်ရန်သူများ၏ အရည်အချင်းကို လက်တွေ့သိမြင်ရသောကြောင့် ရင်ထဲတွင် လေးလံလာ၏ ။

ရန်သူများ၏ အရည်အချင်းသည် သူမတို့ တပ်သားအများစုထက် များစွာသာလွန်နေလေ၏ ။

ရန်သူများသည် သူမတို့ပြိုင်ဘက် မုန်းဒူဝါ၏ လက်အောက်ငယ်သားများ မဟုတ်ချေ။ ဒူဂျန်သည် ရန်သူများနှင့် တိုက်ခိုက်ရင်း စိတ်လှုပ်ရှားလာပြီး အပြင်းအထန် တိုက်ခိုက်နေမိလေ၏ ။

သူမ၏ ရန်သူများသည် ကချင်မိန်းမ တစ်ယောက်၏ ရဲစွမ်းသတ္တိ နှင့် တိုက်ရည် ခိုက်ရည်ကို အလွန်အံ့သြစွာ ကြည့်ရှုနေလေ၏ ။

ဒူဂျန်သည် ကချင်အမျိုးသမီးများအနက် ထူးထူးခြားခြားပင် သိုင်းပညာကို သင်ယူတတ်မြောက်ခဲ့သူ ဖြစ်၏ ။

ဒူဂျန်သည် သူမ၏ အစွမ်းသတ္တိများကို အကုန်အစင်ထုတ်သုံးလိုက်ရာ ရန်သူသုံးဦး ကျဆုံးသွားလေ၏ ။

ဒူဂျန်သည် ရန်သူများကျဆုံးသောအခါ ထိန်နုအိမ်ကြီး၏ အရှေ့ဘက်သို့ ပြေးထွက်ခဲ့လေ၏ ။

သူမသည် လင်ဖြစ်သူ ဒူဝါကြီးနှင့် သားအတွက်များစွာ ရတက်မအေးဘဲရှိနေလေ၏ ။

သူမသည် ပြေးလွှားရင်း ရန်သူတစ်ဦးနှင့် ထိပ်တိုက်တွေ့ပြီး ထိုးခုတ်ခဲ့ရသေး၏ ။

ဒူဂျန်သည် ထိန်နုအိမ်ကြီး၏ အရှေ့သို့ ရောက်လျှင် ရန်သူများနှင့် သဲကြီးမဲကြီး တိုက်ခိုက်နေသော သူမ၏ တပ်သားများကို တွေ့ရ၏ ။

ခြံဝိုင်းထဲတွင် လှည့်လည်ပြေးလွှားလိုက်ကြည့်သောအခါ မနောတိုင်များ၏ အနီးတွင် ရန်သူများနှင့် တိုက်ခိုက်နေသော မုန်းဒူဝါကြီးကို တွေ့ရ၏ ။

မုန်းဒူဝါကြီးကို ဝိုင်းဝန်းတိုက်ခိုက်နေသူများမှာ စွမ်းရည်သတ္တိရှိသူများဖြစ်ကြ၏ ။

မုန်းဒူဝါကြီးသည် ရဲရဲဝံ့ဝံ့ ပြန်လည် တိုက်စစ်ဆင်နေသော်လည်း ဒဏ်ရာဒဏ်ချက်များစွာ ရရှိထား၏။

ဒူဂျန်သည် မုန်းဒူဝါကြီးအနီးသို့ ရောက်သောအခါ မုန်းဒူဝါကြီးက စိုးရိမ်ဟန်ဖြင့် ကြည့်ရှု၍

" သတိထား၊ ဒီကောင်တွေဟာ ကြမ်းကြုတ်ရက်စက်တယ် "

ဟု ပြောလေသည်။ ဒူဂျန်သည် မုန်းဒူဝါကြီးကို ရင်ဆိုင်နေသော ရန်သူများကို ဝင်ရောက်တိုက်ခိုက်လေ၏။

မုန်းဒူဝါကြီးသည် ဒူဂျန်အတွက် စိုးရိမ်စိတ်ဖြင့် ရန်သူများကို အပြင်းအထန် တိုက်ခိုက်လေ၏။

သို့သော် ရန်သူများသည် တိုက်ခိုက်ရေးပညာ ကျွမ်းကျင်သူများ ဖြစ်သောကြောင့် လွယ်ကူခြင်းမရှိဘဲ တဖြည်းဖြည်း အရေးနိမ့်လာ၏။

နောက်ဆုံးတွင် ဒူဝါကြီးရင်ဝတွင် ပြင်းထန်သော ဓားဒဏ်ရာ တစ်ချက် ရရှိသွားသဖြင့် ဒူဂျန်သည် စိုးရိမ်တကြီးအော်ဟစ်လိုက်၏။ ဒူဝါကြီးသည် ဒဏ်ရာကြောင့် ဒေါသူပုန် ထသွားပြီး ဒူဂျန်ရှိရာဘက်သို့လှည့်၍

" မင်း ဒီနေရာက မြန်မြန်ရှောင်ပြေးစမ်း၊ ဒီကောင်တွေကို သူသေကိုယ်သေ တိုက်တော့မယ် "

ဟု အော်ဟစ်ပြောဆိုလေ၏။ ဒူဂျန်သည် ဒူဝါကြီး၏ စကားကြောင့် စိတ်ထိခိုက်ကြေကွဲသွားပြီး ခေါင်းခါယမ်း၍

" အို ..... ကျွန်မမပြေးဘူး၊ ရှင်နဲ့အတူပဲ သေအတူ ရှင်မကွာ တိုက်ခိုက်မယ် "

ဟု ပြန်လည် အော်ဟစ်လေ၏။ ဒူဝါကြီးသည် သူ၏ ရန်သူများကို ဒေါသတကြီး တိုက်ခိုက်ရင်း

“ မင်း ဒီနေရာက အမြန်ဆုံးထွက်သွားပါ။ ငါ့သားကို ရှာပြီး ကာကွယ်ပေးပါ၊ ငါသေသွားခဲ့ရင် ဒီကောင်တွေကို ငါ့ကိုယ်စား ငါ့သား ကလဲ့စားချေပါစေ ”

ဟု အမိန့်ပေးလိုက်လေ၏ ။ ဒူဂျန်သည် ထိုအခါမှပင် သားဖြစ်သူကို ပြန်လည် သတိရသဖြင့် စိုးရိမ်သွားပြီး တိုက်ပွဲမှ အပြင်သို့ ဆုတ်ခွာလိုက်၏ ။

ဒူဂျန်အိမ်ပေါက်ဝသို့ ရောက်ရှိသောအခါ ကျယ်လောင်သော သေနတ်သံကြောင့် အနောက်သို့ လှည့်ကြည့်လိုက်ရာ သူမ၏ ယောက်ျား သေနတ်ထိမှန်၍ လဲကျသွားကြောင်းတွေ့ရလေ၏ ။

ရန်သူများသည် ယုတ်မာကောက်ကျစ်စွာဖြင့် ဒူဝါကြီးကို အနိုင်ယူလိုက်ချေပြီ။

ဒူဂျန်သည် ဝမ်းနည်းကျေကွဲစွာဖြင့် ဒူဝါကြီးရှိရာသို့ ပြေးလွှားရန် ကြံလိုက်ပြီး မိမိအတွက် လက်စားချေပေးရန် ဒူဝါကြီး၏ မှာကြားချက်ကို သတိရပြီး မျက်လုံးကို စုံမှိတ်၍ အိမ်ထဲသို့ ပြေးဝင်ခဲ့သည်။

ဒူဂျန်သည် ထိန်နုအိမ်ကြီးထဲတွင် လှည့်လည်၍ သားဖြစ်သူကို ရှာဖွေလေ၏ ။

အိမ်ထဲတွင် သူမ၏ တပ်သားများ ကျဆုံးနေကြောင်းတွေ့ရလေ၏ ။

ဒူဂျန်သည် တစ်နေရာသို့ ရောက်သောအခါ သားဖြစ်သူကို ထိန်းကျောင်းရသော အဘိုးကြီး ဂျာလု လဲကျသေဆုံးနေကြောင်း တွေ့ရသဖြင့် ပိုမို စိုးရိမ်သွားလေ၏ ။

ဒူဂျန်သည် စိုးရိမ်ကြီးစွာဖြင့် သား၏ နာမည်ကို ခေါ်ဝေါ်လေ၏ ။

ထိုအခိုက်မှာပင် သူမအနောက်မှ သေနတ်သံကြားရပြီး ကျည်ဆန်များ ကိုယ်တွင်းသို့ ဝင်ရောက်လာလေ၏ ။

ဒူဂျန်သည် သေနတ်ဒဏ်ရာကြောင့် ကိုယ်ခန္ဓာ ယိမ်းယိုင်ပြီး အောက်သို့ လဲကျသွားလေ၏ ။

သူမသည် အသက်ရှင်သည့်ကာလ နောက်ဆုံးထိအောင်ပင် သားဖြစ်သူကို စိုးရိမ်သွားလေ၏ ။

ထိုအချိန်မှစ၍ မုန်းဒူဝါကြီး မိသားစုသာမက သစ္စာခံများ အားလုံး ကျဆုံးသွားလေတော့၏ ။

*

ဘရန်ရှောင်သည် တိုက်ပွဲဖြစ်သောအချိန်၌ ထိန်နုအိမ်ကြီးတွင် ရှိမနေချေ။ ထို့ကြောင့် မိဘနှစ်ပါး၏ သွေးပျက်ဖွယ် အဖြစ်ဆိုးကို မမြင်တွေ့လိုက်ရချေ။

ဘရန်ရှောင် ထိန်နုအိမ်ကြီး၌ ရှိနေလျှင် ကျူပင်ခုတ် ကျူငုတ်ပါမကျန်ရအောင် သုတ်သင်ခံရမည်မှာ သေချာ၏ ။

သူအိမ်မှ ထွက်ခွာသွားခြင်းသည်ပင်လျှင် သူ့အတွက် ကံကောင်းထောက်မခြင်းပေတည်း။

ဘရန်ရှောင်သည် မိခင်၏ ကြိုးတပ်တူရိယာသံကို နားဆင်ပြီးနောက် အိပ်မရသည်နှင့် ကောင်းကင်တွင် တလက်လက်တောက်ပနေသော ကြယ်ပွင့်လေးများကို ငေးမော ကြည့်နေလေ၏ ။ ထိုသို့ ကြည့်ရှုရင်း ထိန်နုအိမ်၏ မနီးမဝေးရှိ ခြံကြီးအနီးတွင် အရောင်တလက်လက် တောက်ပနေသော အရာဝတ္ထုတစ်ခုကို မြင်ရလေသည်။

ဘရန်ရှောင်သည် အရောင်တလက်လက် တောက်ပနေသော

အရာကလေးကို စိတ်ဝင်စား၍ မျက်တောင်မခတ်စတမ်း ကြည့်ရှုနေလေ၏။

ထိုအခိုက်မှာပင် တလက်လက်တောက်ပနေသော အရာဝတ္ထုကလေးသည် ချုံပုတ်ကြီးအနီးမှ ရွေ့လျားသွားလေ၏။

ဘရန်ရှောင်သည် ထိုအရာအား စိတ်ဝင်စားသဖြင့် နောက်မှ လိုက်လံကြည့်ရှုရန်အတွက် ပြတင်းပေါက်မှ ခုန်ချလိုက်လေ၏။ ထိုအခါ တလက်လက်တောက်ပနေသော အရာဝတ္ထုသည် ထိန်နုအိမ်ကြီးနှင့် ဝေးရာသို့ ရွေ့လျားသွားလေ၏။

ထိုအရာကလေးသည် ထိန်နုအိမ်ကြီးနှင့် ဝေးသော တောစပ်သို့ တဖြည်းဖြည်း ရောက်ရှိသွားလေ၏။ ဘရန်ရှောင်သည် တောတွင်းသို့ လိုက်လံကြည့်ရှုရင်း တောက်ပသော အရာလေးတစ်ခုမှ နှစ်ခု သုံးခု တိုင်အောင် မြင်တွေ့ရလေ၏။

ဘရန်ရှောင်သည် ထိုအရာများကို စိတ်ဝင်စားသဖြင့် ကလေးပီပီ စိတ်အားထက်သန်စွာဖြင့် ကြည့်ရှုလေ၏။

ထိုအခိုက်မှာပင် တလက်လက်တောက်ပနေသောအရာများ ပိုမို များပြားလာပြီး တောတွင်းတစ်ခုလုံး အရောင်းများ တဝင်းဝင်း လက်နေလေ၏။

ဘရန်ရှောင်သည် အလင်းရောင်တောက်ပနေသော အရာများ ကို အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ကြည့်ရှုနေလေ၏။ ထိုစဉ် အရောင်ဝင်းလက်နေသော အရာများသည် ပြန့်ကျဲနေရာမှ တစ်နေရာ တည်းတွင် စုစည်းမိပြီး မီးလုံးကြီးသဖွယ် ဖြစ်နေလေ၏။

ထိုမီးလုံးကြီးသည် ရွေ့လျားသွားပြီး တစ်နေရာသို့ ရောက်လျှင် ရပ်တန့်သွား၏။

ထိုမီးလုံးကြီးအနီးတွင် ရပ်တန့်နေသော လူတစ်ဦး၏ ပုံသဏ္ဍာန်ကို

အံ့သြဖွယ်ရာ တွေ့ရလေ၏။

ဘရန်ရှောင်သည် ထိုသူကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်ရှုလိုက်ရာ အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမတစ်ယောက်ဖြစ်ကြောင်း တွေ့ရလေ၏။ ထိုမိန်းမသည် ရှည်လျားသော ဆံပင်များရှိပြီး ချောမောလှပသော မိန်းမတစ်ယောက် ဖြစ်လေ၏။

ဘရန်ရှောင်သည် ညဥ့်နက် သန်းခေါင် တောကြီးထဲတွင် မြင်ရသော မိန်းမကို အထိတ်တလန့် ကြည့်၍

" ဟင် ..... ခင်ဗျား ..... ခင်ဗျား ဘယ်သူလဲ၊ တောနက်ထဲကို ဘာဖြစ်လို့ ရောက်နေတာလဲ "

ဟု မေးမြန်းလေ၏။ ထိုမိန်းမက ဘရန်ရှောင်၏ ရင်ထဲကို ဖောက်ထွင်းလုမတတ် စူးစိုက်ကြည့်၍

" ငါ ဘာဖြစ်လို့ တောထဲကို ရောက်နေသလဲဆိုတာ မင်းသိဖို့ မလိုဘူး၊ တောထဲကို မင်းရောက်လာဖို့ပဲ အရေးကြီးတယ် "

ဟု ပဟေဠိဆန်သော စကားကိုဆိုလေ၏။ ထိုအခါ ဘရန်ရှောင်က ထူးဆန်းသော မိန်းမကို ကြည့်၍

" ခင်ဗျားဟာ စုန်းမကြီးလား၊ ခင်ဗျားရှေ့မှာ အရောင်တောက်နေတဲ့ မီးလုံးကြီးက ဘာကြီးလဲ "

ဟု မေးလေ၏။

ထိုအခါ ထူးဆန်းသော မိန်းမက

" ငါက စုန်းမ မဟုတ်ဘူး၊ ငါ့ရှေ့မှာ ရောက်နေတဲ့ အရောင်တောက်ပနေတဲ့ မီးလုံးကြီးဟာ ဟိမဝန္တာ တောထဲမှာ ရှားရှားပါးပါး တွေ့ရတတ်တဲ့ ပိုးကောင်လေးတွေပဲ၊ ဒီပိုးကောင်လေးတွေမှာ

မီးစုန်းဓာတ်ရှိတဲ့အတွက် အလင်းရောင် တောက်ပနေတာပဲ ”

ဟု ပြောလေရာ ဘရန်ရှောင်သည် အရောင်တောက်ပနေသော ပိုးကောင်လေးများ တအံ့တသြကြည့်၍

“ ဟင် အဲဒါပိုးကောင်လေးတွေလား၊ အဲဒီ ပိုးကောင်လေးတွေက ဘာဖြစ်လို့ ခင်ဗျားနဲ့ အတူနေတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ထူးဆန်းသော မိန်းမက

“ ဒီပိုးကောင်လေးတွေကို ဆွဲဆောင်နိုင်တဲ့ ပန်းပင်တစ်မျိုး ငါ့ဆီမှာရှိတယ်၊ ဒါကြောင့် ပိုးကောင်လေးတွေဟာ ငါ့ဆီမှာ အမြဲနေတယ် ”

ဟု ပြောလေ၏။ ထိုအခါ ဘရန်ရှောင်သည် အရောင်တောက်ပသော ပိုးကောင်လေးများကို လွန်စွာ လိုချင်နှစ်သက်သွားပြီး

“ ခင်ဗျားရဲ့ ပိုးကောင်လေးတွေကို ကျုပ်ကို ပေးပါလား၊ ခင်ဗျားကို ကျုပ်က ဖဂါလက်ဆောင်တွေ အများကြီး ပြန်ပေးမှာပေ့ါ ”

ဟု ပြောလိုက်ရာ ထူးဆန်းသော မိန်းမက ဘရန်ရှောင်၏ စကားကြောင့် တဟားဟား ရယ်မောလိုက်၏။

“ ဟား ဟား ဟား .... မင်းက ဒူဝါသားဆိုတော့ ဖဂါစကားတွေ အများကြီး ပြောတတ်နေပြီပေ့ါ၊ မင်းစိတ်ဓာတ်ဟာ မင်းအဖေရဲ့ စိတ်ဓာတ် အတိုင်းပဲ၊ အသက်ကြီးလာရင်တော့ အတော် ယုတ်မာမဲ့ ကောင်လေးပဲ”

ဟု ပြောလေ၏။ ဘရှောင်သည် ထိုမိန်းမ၏ စကားက ဖခင်ဖြစ်သူ၏ ဂုဏ်သိက္ခာကို ထိပါးသော စကားဖြစ်နေသဖြင့် မကျေမချမ်းဖြစ်သွားပြီး တက်ခေါက်ကာ

“ တောက် ...... ခင်ဗျားစကားက ကျုပ်ဖခင်ကို စော်ကားနေပြီ၊ ဖခင်ဟာ လူယုတ်မာမဟုတ်ဘူး၊ လူစွမ်းကောင်းဗျ ”

ဟု ပြန်လည်ချေပလေ၏ ။

ထိုအခါ ထူးဆန်းသော မိန်းမက ဘရန်ရှောင်၏ မျက်နှာကို စူးစိုက်ကြည့်ပြီး

“ မင်းဟာ လူစွမ်းကောင်းလား လူယုတ်မာလားဆိုတာ မကြာမီ ပေါ်လွင်မှာပါ။ ငါ့ရဲ့ ပိုးကောင်လေးတွေကိုတော့ ဖဂါလက်ဆောင်တွေ ဘယ်လောက်ပေးပေး မလဲနိုင်ဘူး။ မင်းလိုချင်ရင် ပိုးကောင်လေးတစ်ကောင် ပေးလိုက်မယ် ”

ဟု ပြောလေရာ ဘရန်ရှောင်သည် လွန်စွာပျော်ရွှင်သွားပြီး

“ ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားရဲ့ ပိုးကောင်လေးကို ဘာကျွေးရမှာလဲ ”

ဟု မေးမြန်းလိုက်၏ ။ ထိုအခါ ထူးဆန်းသော မိန်းမက ခေါင်းခါရမ်း၍

“ ပိုးကောင်ကို မင်းဘာမှ ကျွေးစရာမလိုဘူး။ မင်းလက်ထဲ ရောက်ရင်တော့ နောက်တစ်နေ့ မနက်မှာ ပိုးကောင်လေးသေမှာပဲ ”

ဟု ပြောလေ၏ ။ ထိုအခါ ဘရန်ရှောင်သည် သတ္တဝါများအပေါ် သနားကြင်နာသော စိတ်ဓာတ်ရှိသူဖြစ်၍ ခေါင်းခါယမ်းလိုက်ပြီး

“ ပိုးကောင်လေးက ကျုပ်လက်ထဲရောက်ရင် သေမှာလား၊ ဒါဆိုရင်လည်း ပိုးကောင်လေးကို မလိုချင်တော့ပါဘူးဗျာ ”

ဟု ငြင်းဆန်လေ၏ ။ ဘရန်ရှောင်၏ စကားကြောင့် ထူးဆန်းသော မိန်းမက မဲ့ပြုံးပြုံးလိုက်လေ၏ ။

“ ဟင်း ….. ဟင်း ….. ဟင်း ….. ဒါဆိုရင်တော့ မင်းရဲ့စိတ်ဓာတ်မဆိုးပါဘူး၊ ယုတ်မာကောက်ကျစ်တဲ့ မင်းအဖေထက်သာသွားပြီ ”

ဟု ပြောလေ၏ ။

ထို့နောက် ထူးဆန်းသော မိန်းမက သူမ၏ အိတ်ထဲရှိ သားရေအိတ်အနက်တစ်လုံးကို ဖွေ့ယမ်းလိုက်ရာ အရောင်တလက်လက် တောက်ပနေသော ပိုးကောင်လေးများသည် အိတ်ထဲသို့ အစီအရီ ဝင်ရောက်သွားလေရာ တောတွင်း၌ မှောင်အတိကျသွားပြီး တစ်ဦးကို တစ်ဦး မမြင်ရတော့ချေ။

ဘရန်ရှောင်သည် လရောင်ကြောင့် ထူးဆန်းသော မိန်းမ၏ အဖြူရောင် ဝတ်ဆင်ထားသော သဏ္ဍာန်ကို မြင်တွေ့ရလေ၏ ။

ထိုအခါ ထူးဆန်းသော မိန်းမက

“ ဒီနေ့ည ငါနဲ့ ဆုံတွေ့ခွင့်ရတာ မင်းဘဝအတွက် သိပ်အရေးကြီးတယ်၊ တကယ်တော့ ဒီနေ့ညဟာ မင်းဘဝမှာ ဘယ်သောအခါမှ မေ့မရနိုင်တဲ့ ကံဆိုးမိုးမှောင်ကျတဲ့ ညတစ်ညပါ၊ ကလေးအရွယ် လူမမယ်သာရှိသေးတဲ့ မင်းအတွက် ဆိုးရွားလှတဲ့ ကံကြမ္မာကို ကြုံတွေ့ရတာ ငါစိတ်မကောင်းပါဘူး၊ တကယ်တော့ အရာအားလုံးဟာ ကံစီမံရာအတိုင်းပါပဲ၊ မင်းရဲ့အိမ်ကိုသာ သတိကြီးစွာထားပြီး ပြန်ပေတော့ ”

ဟု ပြောရာ ဘရန်ရှောင်က အမှောင်ထဲမှာ ရပ်နေသော မိန်းမကို နားမလည်စွာ ကြည့်၍

“ ခင်ဗျားစကားတွေကို ကျုပ်နားမလည်ဘူး၊ ကျုပ်က ဘာလို့ ကံဆိုးမိုးမှောင် ကျရမှာလဲ ”

ဟု ရေရွတ်လေ၏ ။ အမှောင်ထဲတွင် ရပ်နေသော မိန်းမက

“ ဒါတွေကို မကြာမီ မင်းနားလည်လာမှာပါ၊ ဒီနေ့ည ဆုံတွေ့ခဲ့ဖူးတဲ့ ငါ့ကို မင်းတစ်သက်လုံး အမှတ်ရနေမှာ သေချာပါတယ် ”

ဟု ပြောရင်း အမှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏ ။

*

ဘရန်ရှောင်သည် တောကြီးထဲမှ တစ်ကိုယ်တည်း ပြန်လာခဲ့လေတော့၏ ။

ဘရန်ရှောင်သည် ရွာအနီးသို့ ရောက်သောအခါ ၎င်းတို့ နေထိုင်သော ထိန်နုအိမ်ကြီးဘက်မှ မီးတောက်မီးလျှံများကို မြင်ရသဖြင့် ရင်ထဲတွင် လွန်စွာထိတ်လန့်သွားပြီး အိမ်ရှိရာသို့ ပြေးလွှားခဲ့လေ၏ ။

အိမ်နှင့်နီးသောအခါ မီးတောက်မီးလျှံများ ပိုမိုများပြားလာသဖြင့် စိုးရိမ်သောကြောင့် ပိုမို လျှင်မြန်စွာ ပြေးလွှားခဲ့လေ၏ ။

အိမ်ရှေ့သို့ ရောက်သောအခါ လဲကျနေသော အစောင့်တပ်သားများကို မြင်တွေ့ရသဖြင့်

“ အမေ ..... အမေ ”

ဟု အော်ဟစ်ကာ အိမ်ဝိုင်းထဲသို့ အပြေးဝင်ခဲ့လေ၏ ။ ထိန်နု အိမ်ကြီးမှာ တစ်ဝက်တစ်ပျက် မီးလောင်ကျွမ်းနေပြီး အိမ်ကြီး၏ လှေကားအနီးတွင် ဒဏ်ရာအသီးသီးဖြင့် လဲကျသေဆုံးနေသော အစောင့်အကြပ်များကို တွေ့ရလေ၏ ။

ဘရန်ရှောင်သည် စိုးရိမ်ထိတ်လန့်စိတ်ဖြင့် ထိန်နု အိမ်ကြီး၏ လှေကားထစ်များပေါ်သို့ ခုန်လွှား၍ တက်လေ၏ ။

ထိန်နုအိမ်ပေါ်တွင် အတုန်းအရုန်း သေဆုံးနေသော မိခင်ဖြစ်သူ၏ ကိုယ်ခန္ဓာအား

“ အမေ ..... အမေ ”

ဟု ခေါ်ယူပြီး ပြေးပွေ့လိုက်လေ၏ ။

မိခင်ဖြစ်သူမှာ သေနတ်ဒဏ်ရာများ ရရှိလျက် သေဆုံးနေလေ၏ ။

ဘရန်ရှောင်သည် အကြိမ်ကြိမ် လှုပ်ခါပြီး သေဆုံးနေကြောင်း သိရသောအခါ ဝမ်းပန်းတနည်း ရှိုက်ငိုလိုက်၏ ။

သူ၏ အားကိုးအားထား ပြုရသော ရွှေတောင်ကြီး ပြိုလဲသွားသလို ခံစားလိုက်ရ၍ ဘရန်ရှောင်သည် ငိုရှိုက်ရင်း အိမ်ဝိုင်းထဲတွင် လဲကျသေဆုံးနေသူများ အကြားတွင် ဖခင်ဖြစ်သူအား တွေ့ရပြန်၏ ။

ဖခင်ဖြစ်သူမှာလည်း သေနတ်ဒဏ်ရာဖြင့် သေဆုံးနေပြန်၏ ။ ဘရန်ရှောင်သည မိဘနှစ်ပါးစလုံး သေဆုံးနေသဖြင့် လွန်စွာအားငယ် ထိတ်လန့်သွား၏ ။

သူ၏ ပတ်ဝန်းကျင်တွင် သက်ရှိလူသားဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိဘဲ မိမိတစ်ဦးတည်းသာ ရှိ၏ ။ မီးဟုန်းဟုန်းတောက်နေသော အိမ်ကြီးနှင့် တိုက်ပွဲဖြစ်ပွားရာ နေရာသို့ ရွာသူရွာသားများ လာရောက် ကြည့်ရှုဝံ့ဟန် မရှိချေ။

ဘရန်ရှောင်သည် ပတ်ဝန်းကျင်ကိုကြည့်ရင်း အားငယ်ထိတ်လန့်စိတ် ဝင်လာရာမှ မိခင်၏ အမှာစကားကို နားထဲတွင် ပြန်လည်ကြားယောင်လာလေ၏ ။

“ ဒီမှာငါ့သား၊ မင်းအဖေ မုန်းဒူဝါကြီးမှာ ပြိုင်ဘက် မုန်းဒူဝါကြီးတွေရှိတယ်၊ သူ့ရဲ့ ဩဇာအာဏာကို လိုချင်တပ်မက်တဲ့ ဒူဝါငယ်တွေ လည်း အများကြီးရှိတယ်၊ ဒါကြောင့် အမေတို့ မိသားစုကို ကျူပင်ခုတ် ကျူငုတ်ပါမကျန်အောင် လုပ်ကြံသတ်ဖြတ်ချင်တဲ့ ရန်သူတွေရှိတယ်၊ အမေတို့ မိသားစု ကံဆိုးမိုးမှောင်ကျပြီး လုပ်ကြံခံရရင် ငါ့သား အဝေးကြီးကို ရောက်အောင်ပြေး၊ တကယ်လို့များ၊ ငါ့သား အသက်ရှင်ခွင့်ရခဲ့ရင် ရန်သူတွေကို တစ်နေ့နေ့မှာ လက်စားပြန်ချေပေးပါ၊ အမေတို့ လုပ်ကြံခံရရင် အရေးကြီးဆုံးက ငါ့သား အမြန်ဆုံးလွတ်အောင်ပြေးပါ ”

ဘရန်ရှောင်သည် မိခင်၏ စကားများကို ကြားယောင်ရင်း သူ့အတွက် အန္တရာယ်ကို စိုးရိမ်ထိတ်လန့်လာ၏ ။

ထို့ကြောင့် ပတ်ဝန်းကျင်ကို ကြည့်ရှုရင်း ထိုနေရာမှ အဝေးသို့ လွတ်မြောက်အောင် ထွက်ပြေးသွားလေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကို ကြည့်ရှုရင်း ထိုနေရာမှ အဝေးသို့ လွတ်မြောက်အောင် ထွက်ပြေးသွားလေ၏ ။

ထိုအခိုက်မှာပင် အမှောင်ထဲမှ လျှောက်လှမ်းလာသော မီးတုတ်ကိုင် လူတစ်စုအား မြင်ရလေ၏ ။ ထိုသူများ၏ လက်ထဲတွင် သေနတ်များနှင့် ဓားလှံ လက်နက်များကို ကိုင်ဆောင်ထား၏ ။

၎င်းတို့သည် အနက်ရောင် ဝတ်စုံများကို ဝတ်ဆင်ထားသော လူစိမ်းများ ဖြစ်သဖြင့် မိဘနှစ်ပါးကို လုပ်ကြံသွားသော ရန်သူများ ဖြစ်ရန်သေချာသွားလေ၏ ။

ဘရန်ရှောင်သည် ရန်သူများ၏ လက်မှ အထိတ်တလန့်ဖြင့် ပြေးလွှားထွက်ခဲ့လေ၏ ။

ရန်သူများသည် ဘရန်ရှောင်ကို မြင်တွေ့သွားသောအခါ လူစုခွဲ၍ အနောက်မှ လိုက်ခဲ့ကြလေ၏ ။ ဘရန်ရှောင်သည် မိဘများ၏ မှာကြားချက်ကို ပြန်လည်ကြားယောင်လာပြီး အသက်ဘေးမှ လွတ်မြောက်အောင် သေပြေးရှင်ပြေး ပြေးခဲ့ရလေ၏ ။

ရန်သူခေါင်းဆောင်သည် ဘရန်ရှောင်ကို ကြည့်၍ သူ၏ လူများကို လူစုခွဲ၍ ဖမ်းဆီးရန် အမိန့်ပေးလိုက်လေ၏ ။

၎င်းကိုယ်တိုင်လည်း မြားတစ်လက်ကို လေးညှို့တွင်တပ်ကာ ဘရန်ရှောင်၏ နောက်ကျောအား ပစ်ခတ်လိုက်၏ ။

ဘရန်ရှောင်သည် ပြေးလွှားနေသောကြောင့် ကံကောင်းထောက်မပြီး

မြားဒဏ်မှ ကပ်သီလေး လွတ်မြောက်သွားလေ၏။ ဘရန်ရှောင်သည် တောစပ်မှ သစ်ပင်များကြားတွင် ကွေ့ကောက်၍ မြားဒဏ်မှ လွတ်မြောက်အောင် ပြေးလွှားသွားလေ၏။

ရန်သူများသည် ကျူပင်ခုတ်၊ ကျူငုတ်ပါမကျန်အောင် လုပ်ကြံသတ်ဖြတ်ရမည်ဟု သဘောထားပြီး ဘရန်ရှောင်ကို သုတ်သင်ရန် ကြိုးစားကြလေ၏။

ဘရန်ရှောင်သည် ကြမ်းတမ်းသော ဆူးငြောင့်ခလုတ်များကြားတွင် အလဲလဲ အကွဲကွဲ သက်စွန့်ဆံဖျား ပြေးလွှားခဲ့ရလေ၏။

တစ်ချီတွင် ရန်သူခေါင်းဆောင်၏ သေနတ်ကျည်ဆန်သည် ဘရန်ရှောင်၏ ဦးခေါင်းအနီးမှ နီးကပ်စွာ ဖြတ်သန်းပြီး သစ်ကိုင်းတစ်ခုကို ပြတ်ကျသွားစေ၏။

နောက်ဆုံးတွင် ရန်သူများသည် မီးတုတ်ကိုယ်စီဖြင့် လေးဖက်လေးတန်မှ ဝန်းပတ်လာသဖြင့် ဘရန်ရှောင်မှာ ပြေးပေါက်မရှိတော့ဘဲ ပိတ်မိသွား၏။

ဘရန်ရှောင်သည် ပြေးလွှားရင်း နက်ရှိုင်းသော ချောက်ကြီးတစ်ခု ကာဆီးထားသဖြင့် ကြီးစွာသော အခက်အခဲနှင့် ကြုံတွေ့ရလေ၏။

ဘရန်ရှောင်အတွက် ပြေးပေါက်မရှိတော့သဖြင့် ရန်သူများသည် ၎င်းအား အေးဆေးစွာ လုပ်ကြံသတ်ဖြတ်နိုင်မည်ဟု ယူဆကာ တဖြည်းဖြည်း ဝိုင်းပတ်လာလေ၏။

ဘရန်ရှောင်သည် နောက်သို့ ဆုတ်သွားရင်း ချောက်ကမ်းပါးကြီး အစပ်သို့ တစ်လှမ်းမျှသာ လိုတော့၏။

ရန်သူ ခေါင်းဆောင်သည် မီးတုတ်ကြီးကို ကိုင်မြောက်၍

အားရကျေနပ်ဟန်ဖြင့် တဟားဟား ရယ်မောလိုက်လေ၏။

ဘရန်ရှောင်သည် မိဘနှစ်ပါးအား လုပ်ကြံသတ်ဖြတ်သော ရန်သူ၏ မျက်နှာကို မုန်းတီးနာကျည်းစွာဖြင့် ကြည့်ရှုရင်း ရန်သူလက်ထဲတွင် ကျဆုံးမခံဘဲ ချောက်ကမ်းပါးကြီးထဲသို့သာ ခုန်ချပြီး မိမိကိုယ်မိမိ အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်လေ၏။

ရန်သူခေါင်းဆောင်သည် ဘရန်ရှောင်အား သုတ်သင်ရှင်းလင်းရန် ဆုံးဖြတ်လိုက်ဟန်ဖြင့် သူ၏ နောက်ကျောမှ ဆောင်ထားကို ဆွဲထုတ်လိုက်လေ၏။

ထို့နောက် ဘရန်ရှောင်အား ထိုးခုတ်ရန် ဟန်ပြင်လိုက်ရာ ဘရန်ရှောင်သည် ချောက်ကမ်းပါးကြီးထဲသို့ ခုန်ချလိုက်လေ၏။

ရန်သူများသည် ဘရန်ရှောင်၏ မထင်မှတ်သော အပြုအမူကြောင့် ဟာခနဲ ဟင်ခနဲ ဖြစ်ကာ ကျန်ရစ်ခဲ့လေတော့၏။

ဘရန်ရှောင်သည မြင့်မားသော ချောက်ကြီးထဲမှ အရှိန်အဟုန်ပြင်းစွာဖြင့် ပြုတ်ကျသွားပြီး ချောက်ကမ်းပါးအောက်တွင် စီးဆင်းနေသော စမ်းချောင်းထဲသို့ ပြုတ်ကျသွားလေ၏။

ဘရန်ရှောင်သည် စမ်းချောင်းရေအလျင်ထဲတွင် မျောပါသွားရင်း ရေများမွန်းကြပ်ကာ မေ့မျောသွားလေ၏။

*

ဘရန်ရှောင် သတိရသောအခါ စမ်းချောင်းနံဘေးသို့ ထိုးထွက်နေသော သစ်ကိုင်းတစ်ခုပေါ်တွင် သူ၏ ခန္ဓာကိုယ်တင်နေကြောင်း တွေ့ရလေ၏။

ဘရန်ရှောင်သည် သတိရပြီး ကြောင်ငေးငေး ဖြစ်နေရာမှ သေဆုံးသွားသော မိဘနှစ်ပါးကို သတိရပြီး ဝမ်းနည်းကြေကွဲလာလေ၏ ။

ယုတ်မာကောက်ကျစ်သော ရန်သူများကြောင့် မိဘနှစ်ပါးနှင့် သေကွဲကွဲရလေပြီ။ မိဘများမရှိဘဲ ကမ္ဘာလောကကြီးတွင် မိမိတစ်ကိုယ်တည်း မည်သို့ ရပ်တည်ရမည်နည်း။

ဘရန်ရှောင်သည် မိခင်နှင့် ရင်းနှီးကျွမ်းဝင်စွာ နေထိုင်ခဲ့ရပုံများကို ပြန်လည်အမှတ်ရပြီး စိတ်ပျက်အားငယ်ကာ ဝမ်းနည်းကြေကွဲလာပြန်၏ ။

ဘရန်ရှောင်သည် နှင်းဖုံးတောင်တန်းများကြားတွင် ခြေဦးတည့်ရာသွားလာနေပြီး ဗိုက်ထဲတွင်ဆာလောင်လာလျှင်

တွေ့မြင်ရာ သစ်သီးသစ်ဖုများကို ရှာဖွေစားသောက်၏ ။

သူသည် နှင်းဖုံးတောင်တန်းများကြားတွင် တစ်ကိုယ်တည်းသွားလာနေရာမှ မိဘများကို လုပ်ကြံသတ်ဖြတ်သော ရန်သူများနှင့် ရင်ဆိုင်တိုးမိပြီး အန္တရာယ်ကြားမှ သေပြေးရှင်ပြေး ပြေးလွှားခဲ့ရပြန်၏ ။

ရန်သူများသည် တောင်စွယ်တစ်ခုပေါ်မှနေ၍ ဘရန်ရှောင်အား သေနတ်ဖြင့် ပစ်ခတ်လေ၏ ။

ဘရန်ရှောင်သည် ပြေးလွှားရင်း နှင်းဖုံးတောင်တန်းကြီးများပေါ်တွင် လမ်းပျောက်နေလေ၏ ။

ညနေစောင်းသောအခါ ရန်သူများ မိမိကို မျက်ခြေပြတ်သွားပြီး နှင်းမုန်တိုင်း စတင်တိုက်ခိုက်လေ၏ ။

ဘရန်ရှောင်သည် နှင်းမုန်တိုင်းမှ လွတ်မြောက်ရာ လိုဏ်ဂူတစ်ခုအတွင်းသို့ ခိုအောင်းရင်း ထိုည အိပ်စက်ရန် ကြိုးစားရ၏ ။

သို့သော် ရာသီဥတုက ခိုက်ခိုက်တုန်အောင် အေးမြလှသဖြင့်

အိပ်မပျော်နိုင်ဘဲ လိုဏ်ဂူထဲတွင် တစ်ညလုံး အချိန်ကုန်၏ ။

နံနက် အရုဏ်တက်ချိန်သို့ ရောက်သောအခါ နှင်းမုန်တိုင်းရပ်စဲသွားသဖြင့် လိုဏ်ဂူထဲမှ ထွက်ခဲ့လေ၏ ။

သူသည် မအိပ်စက်နိုင်ဘဲ ချမ်းအေးလှသော ရာသီဥတုကို အံတုပြီး နေထိုင်ရသဖြင့် ကိုယ်ပူပြီး အဖျားဝေဒနာ စွဲကပ်လာ၏ ။

ထို့ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေပြီး ခြေလက်များ မသယ်ချင်အောင် လေးလံလာ၏ ။

ဘရန်ရှောင်သည် ခရီးဆက်ရင်း မျက်လုံးများ ပြာဝေလာသဖြင့် တောင်စွယ်တစ်ခု၏ အနီးတွင် ခေတ္တနားခိုရလေ၏ ။ ထိုအချိန်တွင် နှင်းမုန်တိုင်းမှာ ပြန်လည်တိုက်ခတ်လာပြီး လေပြင်းထန်သောကြောင့် ဘရန်ရှောင်အတွက် များစွာအခက်အခဲ တွေ့ရလေ၏ ။

ထိုအခိုက်မှာပင် ပြင်းထန်သော မြည်းဟီးသံကြီးကို ကြားရပြီး နှင်းတောင်များ ပြိုကျလာလေ၏ ။

ဘရန်ရှောင်သည် ပြင်းထန်သော နှင်းခဲများကြောင့် ၎င်းနားခိုရာ လိုဏ်ဂူထဲတွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် ထိုနေရာမှ အသက်လု၍ ပြေးလွှားရပြန်လေ၏ ။

သူ့အတွက် အချိန်အနည်းငယ် နောက်ကျလျှင် လိုဏ်ဂူဝ၌ ဆီးနှင်းခဲများ ပိတ်ဆို့ပြီး အသက်ဆုံးရှုံးသွားနိုင်၏ ။

ဘရန်ရှောင်သည် လိုဏ်ဂူတွင်းမှ လက်မတင်ကလေး လွတ်မြောက်ခဲ့သည်ဟု ဆိုနိုင်၏ ။

ဘရန်ရှောင်သည် လွတ်မြောက်သွားသည်နှင့် လိုဏ်ဂူတစ်ခုလုံး ဆီးနှင်းများ ဖုံးလွှမ်းသွားလေ၏ ။

ဘရန်ရှောင်သည် နှင်းမုန်တိုင်းကြားမှ လွတ်မြောက်ခဲ့ပြီး မောပန်းလွန်းသဖြင့် အမောဖြေနေစဉ်မှာပင် ၎င်းရပ်နေခဲ့သော နေရာသို့ ဆီးနှင်းများ ပြိုကျလာပြန်၏။

သူ၏ ခန္ဓာကိုယ်သည် ဆီးနှင်းများနှင့်အတူ တောင်အောက်သို့ ဒလိမ့်ခေါက်ကွေး ကျသွားလေ၏။

ဘရန်ရှောင်သည် သစ်ကိုင်းနှင့် ချိတ်မိပြီး ကံကောင်းထောက်မစွာဖြင့် ချောက်ကမ်းပါးအောက်သို့ မကျခဲ့ခြင်းဖြစ်၏။

ဘရန်ရှောင်သည် သစ်ကိုင်းပေါ်တွင် အတန်ကြာအောင် ခိုနားရင်း အမောဖြေနေ၏။ ထိုအခိုက်မှာပင် နှင်းတောင်၏ ထိပ်ပိုင်းမှ နှင်းများ ပြိုဆင်းကျလာပြန်သဖြင့် ဘရန်ရှောင်သည် အလွန်ထိတ်လန့် တုန်လှုပ်သွားလေ၏။

ဆီးနှင်းများသည် တလိမ့်လိမ့် ပြိုဆင်းကျလာပြီး ပိုမို ကြီးမားလာကာ ဘရန်ရှောင် ရှိရာ ချောက်ကမ်းပါးဘက်သို့ အရှိန်အဟုန်ကြီးစွာ ပြိုဆင်းကျလာ၏။

ဘရန်ရှောင်သည် ဆီးနှင်းများ၏ ရိုက်ခတ်မှုကြောင့် ချောက်ကမ်းပါးကြီးထဲသို့ ပြုတ်ကျသွားပြန်၏။ ထို့နောက် နှင်းတောင်များပေါ်သို့ တလိမ့်ပြီးတလိမ့် ပြိုလဲကျရင်း ပြင်းထန်သော အရှိန်ကြောင့် မေ့မျောသွားပြန်၏။

*

# အခန်း(၂)

ဘရန်ရှောင်သည် နာရီပေါင်းများစွာ မေ့မြောနေပြီး သတိရသောအခါ နောက်တစ်နေ့နံနက်သို့ ရောက်ရှိနေပြီး နှင်းမုန်တိုင်းမှာလည်း ရပ်စဲသွားလေ၏ ။

ဘရန်ရှောင်သည် နှင်းမုန်တိုင်းစဲသွားသဖြင့် မိမိရောက်ရှိနေသော နေရာကို ကြည့်ရှုလိုက်ရာ ချောက်ကမ်းပါးအောက်ခြေရှိ တောင်စွန်းတစ်ခုပေါ်တွင် ဖြစ်ကြောင်း တွေ့ရလေ၏ ။

ဘရန်ရှောင်သည် ပတ်ဝန်းကျင်ကို ကြည့်ရှုရင်း အလွန်မွှေးကြိုင်သော ရနံ့ တစ်ခုကို ရရှိသဖြင့် ကြည့်ရှုလိုက်ရာ မိမိနှင့် မနီးမဝေးရှိ တောင်ပို့လေးပေါ်တွင် ထူးဆန်းသော အပင်ငယ်လေးတစ်ပင်ကို တွေ့ရ၏ ။

ထိုအပင်လေးသည် အမြင့်သုံးပေးခန့်သာရှိပြီး ပန်းသီးနှင့် အလွန်တူသော အသီးတစ်လုံးရှိလေ၏ ။ မွှေးကြိုင်သော ရနံ့မှာ ထိုအသီးမှ ထွက်ပေါ်နေခြင်းဖြစ်၏ ။

ဘရန်ရှောင်သည် ဗိုက်ထဲတွင် အလွန်ဆာလောင်နေပြီး မွှေးကြိုင်သော ရနံ့ကို ရရှိသဖြင့် ထိုအသီးအား ခူးဆွတ်ရန် ပြင်လိုက်သောအခါမှပင် သစ်သီး၏ ရနံ့မှာ အလွန်ထူးခြားပြီး စားချင်စဖွယ်ဖြစ်ပေါ်နေကြောင်း တွေ့ရ၏ ။

ထို့ကြောင့် ဘရန်ရှောင်သည် စိတ်ကိုမထိန်းနိုင်တော့ဘဲ သစ်သီးကို အပင်မှ ခူးဆွတ်လိုက်၏ ။

ဘရန်ရှောင်၏ လက်ထဲသို့ သစ်သီး ရောက်ရှိသောအခါ ပန်းသီးနှင့်တူသော အသီးသည် အလွန်နူးညံ့ပြီး စားချင်စဖွယ် ဖြစ်ပေါ်နေသောကြောင့် အဆိပ်သင့်၍ သေဆုံးမည်ကို မကြောက်ရွံ့တော့ဘဲ ကိုက်ဝါးလိုက်မိ၏ ။

ထိုအခါ သစ်သီးမှာ အလွန်အနံ့အရသာ နှင့် ပြည့်စုံပြီး သူ၏

တစ်သက်တွင် စားဖူးသမျှ သစ်သီးများထဲတွင် အရသာအကောင်းဆုံးသစ်သီးဖြစ်ကြောင်း တွေ့ရ၏။

ဘရန်ရှောင်သည် အလွန်ဆာလောင်နေသဖြင့် သစ်သီးတစ်ခုလုံး အစေ့ပါမကျန် ဝါးစားလိုက်၏။

ဘရန်ရှောင်သည် သစ်သီးကိုစားပြီးနောက် ဗိုက်ထဲတွင် ဆာလောင်ခြင်း မပြေပျောက်နိုင်သေးသဖြင့် ထိုအပင်ရှိ အစိမ်းရောင် သစ်ရွက်ကလေးများကို ခူးခြွေ၍ ကိုက်စားပြန်၏။

သစ်ရွက်အရသာမှာလည်း အသီးကဲ့သို့ ချိုစိမ့်သော အရသာရှိသဖြင့် ဘရန်ရှောင်သည် အပင်ပေါ်ရှိ အရွက်များအားလုံးကို ခူးဆွတ်ပြီး စားသောက်လိုက်ပြန်၏။

ထိုအခါမှပင် ဘရန်ရှောင်၏ ကိုယ်ထဲရှိ ဆာလောင်မှုများ ပြေပျောက်သွားသဖြင့် တောင်ကုန်းပေါ်တွင် ပက်လက်လှန်၍ အနားယူနေမိ၏။

သစ်သီးများစားသောက်ပြီး ခဏအကြာတွင် သူ၏ ခန္ဓာကိုယ်ပေါ်ရှိ နာကျင်မှုများ ပြေပျောက်သွားပြီး ကုန်ဆုံးသွားသော အင်အားများ ပြန်လည်ဝင်ရောက်သလို ခံစားလိုက်ရလေ၏။

ဘရန်ရှောင်သည် မိမိစားသောက်လိုက်ရသော သစ်သီးသည် အဆိပ်သီးမဟုတ်ဘဲ အစွမ်းရှိသော သစ်သီးဖြစ်သဖြင့် စိုးရိမ်ထိတ်လန့်မှုများ ပြေပျောက်သွားလေ၏။

ဘရန်ရှောင်သည် ထိုသစ်သီးအား စားသောက်ပြီး အတန်ကြာလျှင် မျက်လုံးများ လေးလံလာ၏။

သူသည် အိပ်ပျော်သွားလျှင် နှင်းမုန်တိုင်းကျပြီး ဒုက္ခရောက်မည်ကို စိုးရိမ်သောကြောင့် မျက်လုံးများကို အစွမ်းကုန်ဖွင့်ထားလေ၏။ သို့သော်

မျက်လုံးများ အလွန်မှေးစင်းလာပြီး မခံနိုင်တော့ဘဲ မှေးစက်အိပ်ပျော်သွားလေ၏။

ဘရန်ရှောင်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီး ဆူညံသော အသံဗလံများကြောင့် အိပ်ပျော်နေရာမှ လန့်နိုးလာလေ၏။

ထိုအခါ မိမိအား လက်ညှိုးငေါက်ငေါက်ထိုး၍ ဆူညံစွာ အော်ဟစ်ပြောဆိုနေသော အသက်ငါးဆယ်ဝန်းကျင်ရှိ အမျိုးသမီးကြီးတစ်ဦးနှင့် ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ် တစ်ဦးကို တွေ့ရလေ၏။

သူမတို့သည် ဘရန်ရှောင် စားလိုက်သော ထူးဆန်းသော သစ်ပင်ကို တစ်လှည့် ဘရန်ရှောင်ကို တစ်လှည့်ကြည့်ကာ အော်ဟစ်ပြောဆိုလေ၏။

၎င်းတို့သည် ထိုထူးဆန်းသော အပင်ကို အလွန် နှမြောတသဖြစ်နေဟန်ဖြင့် ကြည့်ရှုပြီး ဘရန်ရှောင်နားမလည်သော ဘာသာစကားဖြင့် ကျယ်လောင်စွာ အော်ဟစ်ပြောဆိုနေလေ၏။

ဘရန်ရှောင်သည် ၎င်းတို့ပြောဆိုနေသော ဘာသာစကားကို နားမလည်သောကြောင့်

“ ခင်ဗျားတို့ ဘာတွေ ပြောနေတာလဲ၊ ကျုပ်နားမလည်ဘူး ”

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဘရန်ရှောင် ပြောဆိုသော ဘာသာစကားကို နားထောင်၍ အမျိုးသမီးကြီးက ဘရန်ရှောင်၏ မျက်နှာကို ကြည့်၍ ကချင်ဘာသာဖြင့်

“ ဟဲ့ကောင်လေး၊ မင်းဘာဖြစ်လို့ ဒီနတ်ဆေးပင်ကို စားလိုက်ရတာ လဲ ပြောစမ်း ”

ဟု အော်ဟစ် မေးမြန်းလိုက်လေ၏။ ထိုအခါ ဘရန်ရှောင်က မိမိအား အော်ဟစ်ပြောဆိုသော အမျိုးသမီးကြီးကိုကြည့်၍

“ ကျုပ်ဗိုက်ဆာလို့ စားပစ်လိုက်တာပေါ့ဗျ၊ နှင်းမုန်တိုင်းထဲမှာ ၂

ရက်လောက် ဒုက္ခရောက်ပြီး အစားအစာ မစားရတာ ကြာပြီ ”

ဟု ပြောလေရာ သူမတို့သည် ဘရန်ရှောင် နားမလည်သော ဘာသာစကားကို ပြောဆို၍ ငြင်းခုန်နေဟန်ရှိ၏ ။

အတန်ကြာသောအခါမှ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်က ဘရန်ရှောင်၏ ပခုံးကိုဖက်၍

“ ကောင်လေး မင်းတောင်စွန်းပေါ်ကို ဘယ်လိုလုပ် ရောက်လာတာလဲ ”

ဟု ကရုဏာသက်ဟန်ဖြင့် မေးမြန်းလေ၏ ။

ထိုအခါ ဘရန်ရှောင်က သူ၏ ဆိုးရွားလှသော ဘဝနောက်ကြောင်းကို ပြန်ပြောင်းပြောဆိုလေ၏ ။

ဘရန်ရှောင် ဘဝနောက်ကြောင်းကို သိရပြီးနောက် အမျိုးသမီးကြီးသည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး မြေပြင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏ ။

“ မင်းကို အပြစ်မတင်တော့ပါဘူး၊ ငါ့ရဲ့ ကံကြမ္မာဟာ နတ်ဆေးပင်နဲ့ လွဲဖို့ ဖြစ်လာတယ်၊ ငါဟာ နတ်ဆေးပင်ကို ရဖို့အတွက် နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ကြိုးပမ်းခဲ့ရတယ်၊ အင်မတန် ဝေးလံခေါင်သီတဲ့ တိဘက်ပြည်ကနေ မင်းတို့ မြန်မာပြည်ထဲအထိ ရောက်အောင်လာခဲ့ရတယ်၊ ကြမ်းတမ်းခက်ထန်လှတဲ့ နှင်းမုန်တိုင်းတွေကြားမှာ ခက်ခက်ခဲခဲ သွားလာပြီး ရှာဖွေခဲ့ရတယ်၊ အဲဒီ နတ်ဆေးပင်ကို ရဖို့အတွက် နှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ရတယ်၊ အခုတော့ ငါ့ရဲ့ အိပ်မက်တွေ ပျောက်ဆုံးခဲ့ရတယ် ”

ဟု မချိတင်ကဲ ပြောလေ၏ ။

ထိုအချိန်တွင် မိန်းမပျိုက ဘရန်ရှောင်ကို ကြင်နာစွာ ထွေးပွေ့ရင်း သူမ၏ သားရေအိတ်ထဲမှ အသားခြောက်များကို ကျွေးမွေးလေ၏ ။

ဘရန်ရှောင် အသားခြောက်များကို စားသောက်ပြီး ဗိုက်ပြည့်သွားသောအခါ အမျိုးသမီးကြီးကို ကြည့်ပြီး

“ ကျုပ် စားလိုက်တဲ့ အပင်ဟာ ခင်ဗျားတို့နဲ့ ဘယ်လိုပတ်သက်နေလဲ ”

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ အမျိုးသမီးကြီးက

“ ဒီဆေးပင်ဟာ တိဘက်ပြည်က ဆေးသမားတော်တွေအားလုံး အလွန်လိုချင်နေကြတဲ့ နတ်ဆေးပင်ပဲ၊ နတ်ဆေးပင်ဟာ အလွန်ရှားပါးလွန်းလို့ ဆေးသမားတော်တစ်ယောက်ဟာ ဘဝ တစ်သက်တာလုံး ရှာဖွေရင်တောင် မတွေ့နိုင်ကြဘူး၊ နတ်ဆေးပင်ကို ရရှိတဲ့ ဆေးသမားတော်ဟာ အလွန်ကံထူးတဲ့သူပဲ ”

ဟု ရှင်းလင်း ပြောပြလေ၏။ ထိုအခါ ဘရန်ရှောင်က

“ နတ်ဆေးပင်က ဘယ်လောက်အစွမ်းထက်လို့လဲ ”

ဟု မေးလေ၏။

အမျိုးသမီးကြီးက

“ နတ်ဆေးပင်ရဲ့ အစွမ်းထက်ပုံကတော့ ဒဏ္ဍာရီဆန်လွန်းပါတယ်၊ နတ်ဆေးပင်ဟာ သက်ရှည်ကျန်းမာပြီး အားအင်ပြည့်ဖြိုးတယ်၊ ရောဂါအမျိုးမျိုးကို ပျောက်ကင်းနိုင်တယ်၊ သေကာနီး လူမမာနောင် နတ်ဆေးပင်ကို စားလိုက်ရရင် လဲကျနေရာက ငေါက်ကနဲ ထထိုင်တယ်လို့ အဆိုရှိတယ်၊ နောက်ပြီးတော့ နတ်ဆေးပင်ကို စားမိတဲ့ လူဟာ အလွန်အသက်ရှည်တယ်၊ အသက်ရာကျော်အောင် နေနိုင်ကြတယ်လို့ ယုံကြည်ကြတယ်၊ ငါတို့ တိဘက်က ဆေးသမားတော်ကြီးတစ်ယောက်ဟာ နတ်ဆေးပင်ကိုစားပြီး အသက်ရာကျော်အောင် နုပျိုကျန်းမာတယ်၊ သူဟာ လူငယ်တွေနဲ့ အတူ ဓားခုတ်၊ မြင်းစီး ပြိုင်နိုင်တယ်၊ အရက်ကိုလည်း ယှဉ်ပြိုင်ပြီး သောက်နိုင်တယ်၊ တိဘက်က

ကိုယ်တော်မြတ်ကြီး နဲ့ မင်းစိုးရာဇာတွေဟာ နတ်ဆေးပင်ကို
အလွန်လိုချင်တပ်မက်ကြတယ်၊ နတ်ဆေးပင်ကို ရှာဖွေပေးနိုင်တဲ့
ဆေးသမားတော်ဟာ ဆွေစဉ်မျိုးဆက် (၇) ဆက်တိုင်အောင်
သူကောင်းပြုခြင်းခံရတယ်၊ ငါဟာ ယောကျ်ားသေဆုံးပြီးတဲ့နောက် ဟောဒီသမီး
(၅)နှစ်အရွယ်ကတည်းက နတ်ဆေးပင်ကို ရှာမယ်ဆိုပြီး တိဘက်ပြည်ထဲက
ထွက်ခဲ့တာ ဒီနေ့တိုင်အောင်ပဲ၊ ငါဟာ နတ်ဆေးပင်ကို ရှာဖွေဖို့အတွက်
တိဘက်ပြည်က နှင်းဖုံးတောင်တန်းကြီးပေါ်မှာ နှစ်ပေါင်းများစွာ အချိန်ကုန်ခဲ့တယ်၊
နောက်တော့ တရုတ်ပြည်မကြီးထဲမှာ သက်စွန့်ဆံဖျား ရှာဖွေခဲ့တယ်၊ မင်းတို့
မြန်မာပြည်ထိပ်ဖျားကို ရောက်နေတာ (၇) နှစ်ရှိနေပြီ၊ ငါတို့ဟာ နတ်ဆေးပင်ကို
ရှာဖို့အတွက် အသက်အန္တရာယ်အမျိုးမျိုး နဲ့ ရင်ဆိုင်ခဲ့ရတယ်၊ လူဆိုး ဓားပြတွေ
သားရဲ တိရစ္ဆာန်တွေရဲ့ ရန်ပြုခြင်းကိုလည်း ရင်ဆိုင်တွန်းလှန်ခဲ့ရတယ်၊ ဟောဒီက
ငါ့ရဲ့သမီးလေးဟာလည်း ငယ်ရွယ်နုနယ်တဲ့ မိန်းမသားတန်မဲ့
ကြမ်းတမ်းခက်ထန်တဲ့ ခရီးကြမ်းကြီးကို နှင်ခဲ့ရတယ်၊ ငါတို့သားအမိ
နှစ်ပေါင်းများစွာ ရှာဖွေခဲ့ရတဲ့ နတ်ဆေးပင်ဟာ လက်မတင်လေး ဆုံးရှုံးလိုက်ရတာ
”

ဟု ပြောရင်း အမျိုးသမီးကြီးသည် ဝမ်းနည်း ကြေကွဲလာဟန်ဖြင့် မျက်ရည်များစီးကျလာလေ၏ ။

ဘရန်ရှောင်သည် အမျိုးသမီးကြီး၏ စကားကို နားထောင်ပြီး နတ်ဆေးပင်၏ သူမတူအောင် အစွမ်းထက်ပုံကို သိနားလည်သွားလေ၏ ။

နတ်ဆေးပင်မှ အသီးကို စားလိုက်ပြီးနောက် ပင်ပန်းနွမ်းနယ်သမျှ ပြေပျောက်ပြီး အင်အားပြည့်ဖြိုးလာကြောင်း သတိပြုမိသည်။ ဘရန်ရှောင်သည် အမျိုးသမီးကြီး၏ ဝမ်းနည်းကြေကွဲနေဟန်ကို ကြည့်၍ စိတ်ထိခိုက်ဟန်ဖြင့်

“ ဒီဆေးပင်ဟာ ဒီလောက် အစွမ်းထက်မှန်းသိရင် ကျုပ်မစားပါဘူးဗျာ၊ ကျုပ်ဟာ နှင်းတောထဲမှာ နှစ်ရက်လုံးလုံး လမ်းပျောက်ပြီး အစာရေစာ

ငတ်မွတ်နေတုန်း စားလိုက်မိတာပဲ ”

ဟု တောင်းပန်လေ၏ ။ ထိုအခါ အမျိုးသမီးကြီးက

“ ငါတို့ဟာ တစ်ကိုယ်ကောင်းဆန်ပြီး စိတ်သဘောထားကြမ်းကြုတ်တဲ့လူတွေ မဟုတ်ပါဘူး၊ ငယ်ရွယ်နုနယ်တဲ့ မင်းရဲ့ဘဝမှာ မိဘနှစ်ပါးဆုံးပါးသွားပြီး အထီးကျန် တစ်ကိုယ်တည်းဖြစ်နေတာ နားလည်ပါတယ်၊ မင်း ဘယ်လောက်အားငယ်ပြီး ဝမ်းနည်းကြေကွဲနေမယ်ဆိုတာ နားလည်စာနာမိပါတယ်၊ ဒါကြောင့် နတ်ဆေးပင်ကို ဆုံးရှုံးရပေမယ့် မင်းကို အပြစ်မတင်ရက်တော့ပါဘူး၊ ငါတို့ ထိုက်နဲ့ ငါတို့ကံလို့သာ သဘောထားလိုက်ပါတော့၊ နတ်ဆေးပင်ကို မမျှော်လင့်ဘဲ စားလိုက်ရတဲ့အတွက် မင်းဟာ တစ်သက်လုံး အနာရောဂါ စွဲကပ်ခြင်း မခံစားရတော့ဘူး၊ သဘာဝ တရားကြီးရဲ့ ကြီးမားတဲ့ရိုက်ပုတ်မှု အမျိုးမျိုးကိုလည်း ခံယူနိုင်သွားပြီ၊ ဒါကြောင့် မင်းဟာ အလွန်ကံထူးတဲ့ ကလေးတစ်ယောက်ပဲ ”

ဟု ပြောဆိုလေ၏ ။

ဘရန်ရှောင်သည် အမျိုးသမီးကြီး၏ စကားကြောင့် စိတ်အားတက်ကြွသလိုဖြစ်မိသော်လည်း မိဘနှစ်ပါးနှင့် သေကွဲကွဲရပုံကို အောက်မေ့သတိရပြီး ခေါင်းကိုခါရမ်း၍

“ ကျုပ် နတ်ဆေးပင်ကို မစားချင်ဘူး၊ မိဘတွေနဲ့ပဲ အတူတူနေချင်တယ် ”

ဟု ပြောဆိုလိုက်လေ၏ ။ ထိုအခါ အမျိုးသမီးငယ်က ဘရန်ရှောင်ကို ကရုဏာသက်ဟန်ဖြင့်

“ ဝမ်းနည်းစရာတွေ မတွေးပါနဲ့ မောင်လေးရယ်၊ မင်းမိဘတွေက လူ့ပြည်မှာ မရှိတော့ဘူး၊ မေ့ပစ်ဖို့ကို ကြိုးစားပါ ”

ဟု ပြောလေရာ ဘရန်ရှောင်သည် မိခင်မျက်နှာကို မြင်ယောင်ပြီး ဝမ်းနည်းကြေကွဲဟန်ဖြင့် မျက်ရည်များစီးကျလာ၏။

မိန်းမပျိုက ဘရန်ရှောင်၏ ပခုံးကိုဖက်၍ နှစ်သိမ့်လေ၏။ ဘရန်ရှောင်သည် ရှိုက်ငိုလိုက်ရင်း

" ကျုပ်မှာ အဖေ နဲ့ အမေလည်း မရှိတော့ဘူး၊ ဆွေမျိုးတွေ အားလုံးလည်း ရန်သူလို့သတ်လို့ ကုန်ပြီ၊ ကျုပ်ကိုလည်း ရန်သူတွေက လိုက်ရှာပြီး သတ်ဖို့ ကြိုးစားနေတယ်၊ နှင်းတောင်တန်းကြီးတွေရဲ့ အပေါ်မှာ ကျုပ်တစ်ယောက်တည်း ဘယ်လိုနေရမှာလဲ "

ဟု ရေရွတ်လေ၏။

ထိုအခါ ဆေးသမားတော်အမျိုးသမီးကြီးက ဘရန်ရှောင်ကို သနားကရုဏာသက်ဟန်ဖြင့် ကြည့်ရှုပြီး

" မင်း အဒေါ်တို့နဲ့ တိဘက်ပြည်ကို လိုက်ခဲ့ပါ၊ တိဘက်မှာဆိုရင် မင်း အေးအေးချမ်းချမ်း နေလို့ရပြီ၊ တိဘက်မှာ ဆေးကျောင်းတော်ကို တက်ပြီး အသက်ကြီးလာရင် ဆေးသမားတော် လုပ်ပေတော့ "

ဟု နှစ်သိမ့်လေ၏။ မိန်းမပျိုကလည်း

" ဟုတ်တယ်မောင်လေး၊ တိဘက်ကို ရောက်ရင် မင်းကို ဘယ်သူမှ ရန်မရှာနိုင်တော့ဘူး၊ ငါတို့တိဘက်က သိပ်အေးချမ်းတယ်၊ ကမ္ဘာပေါ်မှာ အမြင့်မားဆုံး တောင်ကြီးတွေနဲ့ တားဆီးထားတယ်၊ တိဘက်ပြည်သားတွေဟာ ကမ္ဘာပေါ်မှာ အထူးခြားဆုံး လူသားတွေပဲ၊ တိဘက်ကို ရောက်ရင် ဘယ်ကိုသွားသွား မြင်းကို အမြဲစီးရမယ်၊ ရာသီဥတုအေးမြလွန်းလို့ ထောပတ်လက်ဖက်ရည်ကိုပဲ နေ့စဉ် ခွက်ပေါင်းများစွာ သောက်ရမယ်၊ ဇမ္ဗာလို့ခေါ်တဲ့ မုန့်တစ်မျိုးကိုလည်း နေ့စဉ်စားသောက်ရမယ် "

ဟု ချော့မော့ ပြောဆိုလေ၏။ ဘရန်ရှောင်သည် မိန်းမပျို၏ စကားကြောင့် ခိုကိုးရာမဲ့ဘဝမှ အားတက်သွားသလို ခံစားရ၏။

ထို့ကြောင့် ဆေးသမားတော်သားအမိနှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ မိန်းမပျိုကိုကြည့်၍

“ တကယ်ပြောတာလားဟင်၊ အစ်မတို့ နဲ့ အတူ ကျုပ်ကို တိဘက်ပြည်ကို တကယ်ခေါ်သွားမှာလားဟင် ”

ဟုမေးမြန်းလေ၏။ ထိုအခါ အမျိုးသမီးကြီးက ဘရန်ရှောင်၏ လက်ကိုကိုင်၍

“ တကယ်ခေါ်မှာပေါ့ကလေးရဲ့၊ မင်းကိုမြင်မြင်ချင်း အဒေါ့်သားလေးကို ခံစားရတယ်၊ မင်းကို အဒေါ်တို့မွေးစားမယ်၊ မိဘတွေ မရှိလည်း စိတ်အားမငယ်ပါနဲ့ ”

ဟု အားပေးစကား ပြောလေ၏။ ဘရန်ရှောင်သည် အမျိုးသမီးကြီး၏ စကားကြောင့် အားတက်ရွှင်လန်းသွားပြီး

“ ဝမ်းသာလိုက်တာဗျာ၊ မိဘတွေမရှိလို့ ခိုကိုးရာမဲ့ ဘဝ ရောက်နေပြီဆိုပြီး ကျုပ်စိတ်အားငယ်နေတာ ”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ မိန်းမပျိုနှင့် ဘရန်ရှောင်သည် ထင်းခြောက်များကို လိုက်လံကောက်ယူကြ၍ ထင်းခြောက်များရရှိသောအခါ မီးမွှေးပြီး ရေနွေးအိုးတည်ကြ၏။

ရေနွေးဆူသောအခါ တိဘက်ရိုးရာ ထောပတ်လက်ဖက်ရည်များကို ကြိုသောက်ကြလေ၏။ ဘရန်ရှောင်သည် တိဘက်တို့၏ ထောပတ်လက်ဖက်ရည်ကို အရသာခံ၍ သောက်လေ၏။

ထောပတ်လက်ဖက်ရည်သည် အလွန်ချိုပြီး အီစိမ့်သောအရသာ ရှိသဖြင့် ဘရန်ရှောင်သည် အလွန်နှစ်သက်လေ၏။ ၎င်းတို့၏ အသားခြောက်များကိုလည်း မီးဖုတ်ပြီး စားသောက်ကြလေ၏။

ပြီးနောက် အမျိုးသမီးကြီးက

“ နှင်းမုန်တိုင်းမရှိတော့တဲ့အတွက် မနက်ဖြန် ငါတို့ ခရီးဆက်လို့ရပြီ၊ ဟောဒီက တောင်တန်းကြီးတွေကို ကျော်ဖြတ်ပြီး မြန်မာပြည် အရှေ့ဘက်စွန်းက ဂူဘားဆိုတဲ့ ရွာလေးကိုရောက်ပြီ၊ အဲဒီ အနားမှာ မြန်မာပြည်က တိဘက်ရွာကလေးတွေရှိတယ်၊ တိဘက်ရွာကလေးကို ရောက်ရင်တော့ ငါတို့ တိုင်းပြည်နဲ့ မဝေးတော့ဘူး ”

ဟု ပြောလေ၏။ ဘရန်ရှောင်တို့သည် ထိုနေ့ည တောင်စွန်းလေးတွင် လေကွယ်ရာ အရပ်ကို ရှာဖွေ၍ အိပ်စက်လိုက်လေ၏။

ဘရန်ရှောင်သည် အိပ်မက်ထဲတွင် မိဘနှစ်ပါးကို ပြန်တွေ့ရပြီး ရှိုက်ကြီးတငင် ငိုကြွေးနေမိ၏။

*

နောက်တစ်နေ့နံနက်တွင် ရာသီဥတု ကောင်းမွန်သဖြင့် တိဘက်ပြည်သို့ ခရီးကို စတင်လေ၏။ ၎င်းတို့သည် ခက်ခဲကြမ်းတမ်းသောခရီးကြမ်းများကို နှင်ခဲ့ပြီးနောက် မြန်မာပြည်နယ်စပ် ဂူဘားရွာသို့ ရောက်ရှိလေ၏။

ဂူဘားရွာ၏ အနီးတွင် မြန်မာပြည်ပေါက် တိဘက်လူမျိုးများ နေထိုင်၏။ ထိုရွာကလေးတွင် နေထိုင်သူ အားလုံးသည် နွားမွေးမြူရေး လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြလေ၏။

အမဲလိုက်သော မုဆိုးများလည်း ရှိ၏။ ဆေးသမားတော်အမျိုးသမီးကြီးသည် ရွာလူကြီးအား တိဘက်ဘာသာဖြင့် ပြောဆိုနှုတ်ဆက်ပြီး ကချင်တောင်တန်းပေါ်မှ ရရှိသော မချစ်ဥနှင့် နူမရင်းဆေးမြစ်များကို လက်ဆောင်ပေးလေ၏။

ရွာသူကြီးသည် ဘရန်ရှောင်တို့အား ရွာလယ်ရှိ ကျောက်တုံးများဖြင့် ပြုလုပ်ထားသော အိမ်ငယ်လေးသို့ ခေါ်ဆောင်သွားပြီး ထိုအိမ်၌ နားခိုနေစေ၏။

ညနေသို့ရောက်သောအခါ သူကြီးမင်းက တောင်ဆိတ်ကြီးတစ်ကောင်ကို တံစို့ထိုး၍ မီးကင်ပြီး ရိုးရာအရက်ဖြင့် ဧည့်ခံလေ၏။

ရွာရှိ လုပ်ပျိုဖြူကလေးများကလည်း တိဘက်ရိုးရာ အကဖြင့် ဧည့်ခံဖျော်ဖြေလေ၏။ ဆေးသမားတော် အမျိုးသမီးကြီးသည် ထိုရွာတွင် နှစ်ရက်နေထိုင်ပြီး အနာတရ ဖြစ်နေသူများကို ဆေးဝါးကုသပေးလေ၏။

ရွာသူကြီးသည် ဆေးသမားတော် အမျိုးသမီးကြီးအား အမှတ်တရ အဖြစ် ကျောက်စိမ်းဆွဲကြိုးအား လက်ဆောင်ပေးလေ၏။

ဘရန်ရှောင်တို့သည် နောက်တစ်နေ့တွင် တိဘက်ပြည်သို့ ခရီးဆက်ခဲ့ပြန်၏။ ၎င်းတို့သည် ကြမ်းတမ်းခက်ထန်သော ခရီးလမ်းများကို ကျော်ဖြတ်ပြီးနောက် တိဘက်ပြည် လာဆာမြို့သို့ ရောက်ခဲ့လေ၏။

ဘရန်ရှောင်သည် လာဆာမြို့သို့ ရောက်သောအခါ တိဘက်လူမျိုးတို့၏ ဝတ်စားဆင်ယင်ပုံကို အံ့သြဟန်ဖြင့် ကြည့်ရှုနေမိလေ၏။

တိဘက်ပြည်တွင် မြင်းစီး၍ သွားလာနေသူများ လွန်စွာများပြားကြောင်း တွေ့ရလေ၏။ တိဘက်တွင် မြင်းလှည်းဖြင့် သွားလာလေ့မရှိဘဲ ခြေလျှင်နှင့် မြင်းစီးခြင်း နှစ်မျိုးသာရှိ၏။

တိဘက်ပြည် လာဆာမြို့တော်တွင် ရှည်လျားသော ဈေးတန်းကြီး ရှိလေ၏ ။ ထို ဈေးတန်းတွင် ကမ္ဘာအရပ်ရပ်မှ ဈေးသည်များလာရောက် ရောင်းဝယ်ကြ၏ ။ မြန်မာပြည်၊ အိန္ဒိယပြည်၊ တရုတ်ပြည်တို့မှ ကုန်သည်များ အများအပြား လာရောက် ရောင်းဝယ်ကြ၏ ။

ဘရန်ရှောင်သည် ကုန်သည်များ၏ ဝန်တင်လားတန်းကြီးကို ငေးမော ကြည့်ရှုရင်း

“ လာဆာမြို့မှာ ကုန်ပစ္စည်းတွေအများကြီးရှိတယ်နော်၊ ကျုပ်တို့ ကချင်နယ်မြေမှာ ကုန်ပစ္စည်းတွေ ဒီလောက်အများကြီး မရှိနိုင်ဘူး ”

ဟု ပြောလေ၏ ။ ဆေးသမားတော် အမျိုးသမီးကြီးက

“ တို့ တိဘက်နယ်မြေမှာ ကမ္ဘာအရပ်ရပ်က ကုန်စည်မျိုးစုံ ဝယ်ယူရရှိနိုင်တယ်၊ မင်းကို ကချင်နယ်မြေမှာ ကုန်သွယ်တဲ့ ဓလေ့ မရှိဘူး၊ ကုန်ပစ္စည်း ဖလှယ်တဲ့ ဓလေ့ပဲရှိတယ် ”

ဟု ပြောလေ၏ ။ ဘရန်ရှောင်သည် တိဘက်လူမျိုးများ ဝတ်ဆင်သော ဝတ်ရုံကို ကြည့်ပြီး အံ့သြလေ၏ ။ ထိုအခါ မိန်းမပျိုက

“ ငါတို့ တိဘက်လူမျိုးတွေရဲ့ ဝတ်ရုံမှာ အိတ်ချုပ်ရိုးထုံးစံမရှိဘူး၊ ဝတ်ရုံထဲမှာ ကိုယ်ပိုင်ဆိုင်သမျှ စာရွက်စာတမ်းနဲ့ စာရင်စဇယားတွေ၊ အိတ်ဆောင်ဆေးဝါးနဲ့ ပေသီးတွေကို ဗိုက်ဖောင်းအောင် ထည့်ထားလေ့ရှိတယ် ”

ဟု ရှင်းပြလေရာ ဘရန်ရှောင်က တိဘက်လူမျိုးများ၏ ခါးတွင်ချိတ်ဆွဲထားသော အိတ်ကို လက်ညှိုးထိုး၍ မေးမြန်းလေ၏ ။

ထိုအခါ မိန်းမပျိုက

“ တိဘက်ပြည်မှာ ရာသီဥတု အေးမြလွန်းတော့ ထောပတ်လက်ဖက်ရည်ကို နေ့စဉ် ခွက်ပေါင်းများစွာ သောက်ရတယ်၊ ဒါကြောင့်

ခါးမှာ နွားသားရေ နဲ့ လုပ်ထားတဲ့ ထောပတ်လက်ဖက်ရည်အိတ်ကို ချိတ်ဆွဲထားရတယ် ”

ဟု ရှင်းပြလေ၏ ။

ဆေးသမားတော်သားအမိ၏ နေအိမ်မှာ လာဆာမြို့တော် မြောက်ဘက်ရှိ လူလတ်တန်းစားများ နေထိုင်သော အရပ်တွင် ရှိ၏ ။

မိန်းမပျိုသည် ဘရန်ရှောင်အား အိမ်ထဲသို့ ခေါ်ဆောင်သွားပြီး ဘရန်ရှောင်အိပ်စက်ရန် အခန်းကို ပြသလေ၏ ။ ဘရန်ရှောင်သည် ညနေစောင်းသောအခါ ဆေးသမားတော်ကြီးသားအမိနှင့်အတူ ညစာစားသောက်လေ၏ ။

ညစာတွင် ခေါက်ဆွဲပြုတ်နှင့် ဟင်းသီးဟင်းရွက်များ အသားခြောက်များ ညစာတွင်ပါဝင်လေ၏ ။ ညစာစားပြီးသောအခါ ထောပတ်လက်ဖက်ရည်နှင့် ဓမ္မာမုန့်များကို စားသောက်ကြလေ၏ ။

ဘရန်ရှောင်သည် ထိုနေ့ည အိပ်စက်ရန် အိပ်ခန်းထဲသို့ ရောက်သောအခါ အိပ်စက်ရန် အသုံးအဆောင်များကို ကြည့်ရှုရာ အခန်းထောင့်တွင် လူတစ်ကိုယ်စာ ထိုင်နိုင်သော ဖုံများကို တွေ့ရလေ၏ ။

ဘရန်ရှောင်သည် ဖုံများကို ကြည့်၍ အိပ်စက်ရန် အခက်တွေ့နေစဉ် အခန်းဝသို့ ဆေးသမားတော်ကြီး၏ သမီးရောက်ရှိလာပြီး ဘရန်ရှောင်၏ အခက်အခဲကို ရိပ်မိသွားလေ၏ ။

အမျိုးသမီးငယ်က အခန်းထောင့်ရှိ ဖုန်များကို ဆက်လိုက်ပြီး

“ ငါတို့ တိဘက်တွေက ခုတင်နဲ့ အိပ်လေ့မရှိဘူး ”

ဟု ပြောလေ၏ ။ ဆေးသမားတော်ကြီး၏ သမီးအမည်မှာ မာလာဟု သိရလေ၏ ။

ဘရန်ရှောင်သည် တိဘက်တို့၏ ဓလေ့ထုံးစံအတိုင်း အိပ်စက်ရလေ၏။ ထိုနေ့ညတွင် ဘရန်ရှောင်သည် မိဘာနှစ်ပါးကို သတိရပြီး ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုနေမိ၏။

နောက်တစ်နေ့တွင် ဆေးသမားတော် သားအမိသည် ဘရန်ရှောင်အား လာဆာမြို့တော်အတွင်း လှည့်လည်ပြသလေ၏။ ပေါလတ နန်းတော်တွင် လာဆာမြို့ကို အုပ်ချုပ်သော ကိုယ်တော်ကြီး စံမြန်းတော်မူကြောင်း သိရ၏။

ထိုနေ့က ဆေးသမားတော် သားအမိနှင့် ဘရန်ရှောင်တို့ လာဆာတစ်မြို့လုံး လှည့်လည် ကြည့်ရှုလေ၏။

ဘရန်ရှောင်သည် လာဆာမြို့တစ်နေရာသို့ ရောက်သော် သံကြိုးတွဲလောင်းဖြင့် သွားလာနေသော လူများကို အလွန်အံ့သြဟန်ဖြင့် လက်ညှိုးညွှန်ပြကာ

" ဟင် .... သံကြိုးတွဲလောင်းနဲ့ သွားတဲ့ လူတွေဟာ ဘယ်သူတွေလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဆေးသမားတော် အမျိုးသမီးကြီးက

" အဲဒါ အပြစ်ကျူးလွန်တဲ့ထောင်သားတွေလေ၊ ငါတို့ တိဘက်မှာ အစိုးရက ထောင်သားတွေကို အစားအစာ ကျွေးမွေးလေ့မရှိဘူး၊ ကိုယ့်ဘာသာ ရှာဖွေစားသောက်ရတယ်၊ ထောင်သားတွေနဲ့ အတူ သူတောင်းစားတွေကိုလည်း တွေ့ရတတ်တယ် "

ဟု ပြောလေ၏။ ထိုအခါ ဘရန်ရှောင်က ကလေးပီပီ ထောင်သားများကို ဂရုဏာသက်စွာဖြင့် ကြည့်ရှု၍

" ထောင်သားတွေ သနားစရာနော် သူတို့ကို လူတွေက မနှိပ်စက်ဘူးလား "

ဟု မေးမြန်းလေ၏ ။ ဆေးသမားတော်ကြီးက ခေါင်းခါ၍

" ငါတို့ တိဘက်မှာ ထောင်သားတွေကို ပြစ်တင် ရှုပ်ချလေ့မရှိဘူး၊ ရှေးဘဝက ဝဋ်မကင်းနိုင်လို့ ထောင်ကျရတယ်ဆိုပြီး သနားဂရုဏာသက်ကြတယ်၊ ညနေစောင်းအချိန်ရောက်ရင် ကျောင်းတော်က တံပိုးမှုတ်သံကြားရတာ နဲ့ ထောင်သားတွေဟာ လူချမ်းသာအိမ်ကို ညစာတောင်းခံဖို့ ရောက်လာကြတယ်၊ တိဘက်တွေဟာ ချမ်းသာသူတွေက ဆင်းရဲသူတွေကို ကြည့်ရှုစောင့်ရှောက်ရတဲ့ ဥပဒေသ ရှိတယ် "

ဟု ရှင်းလင်းပြလေ၏ ။

ထိုနေ့ ညနေ အိမ်သို့ရောက်သောအခါ ညစာအဖြစ် ခေါက်ဆွဲပြုတ်နှင့် အသားခြောက်များကို စားသောက်ရ၏ ။

ညစာစားပြီးသောအခါ ဓမ္မာနှင့် ထောပတ်လက်ဖက်ရည်ကို စားသောက်ရပြန်၏ ။ ဘရန်ရှောင်သည် တိဘက်တို့၏ အစားအသောက်ကို ကြည့်ရှု၍ နှာခေါင်းရှုံ့လိုက်ရာ အမျိုးသမီးကြီးက

" ငါတို့တိဘက်တွေအတွက် ဓမ္မာဟာ မရှိမဖြစ် အစားအစာပဲ ဓမ္မာနဲ့ ထောပတ်လက်ဖက်ရည်ကိုသာ စားသောက်ကြရတယ် "

" ပွဲတော်အချိန်တွေမှာ ဓမ္မာကို ဆင်ရုပ်၊ မြင်းရုပ်ကလေးတွေနဲ့ အလှအပပြုလုပ်ပြီး စားသောက်ကြတယ် "

ဟု ပြောဆိုလေ၏ ။ ထိုအခါ အမျိုးသမီးငယ်က

" ငါတို့ တိဘက်မှာ သတ္တဝါရဲ့အသားကို စားပြီး သတ္တဝါတွေအတွက် ဆုတောင်းပေးရတယ်၊ နောင်ဘဝမှာ အကျိုးကျေးဇူးရပါစေ၊ ယခုဘဝလည်းကောင်းမွန်သော ဘဝကို ပိုင်ဆိုင်ရပါစေ ဆိုပြီးတော့ ဆုတောင်းပေးရတယ်၊ ဒီလိုပဲ ခရီးထွက်မဲ့ မြင်းတွေအတွက်လည်း လမ်းခရီးမှာ

ဒုက္ခမတွေ့အောင် ဆုတောင်းပေးရတယ် ”

ဟု ပြောပေးလေ၏ ။

ဘရန်ရှောင်သည် လမ်းမအလယ်တွင် မြင်းစီးသွားသော မိန်းမများကို တအံ့တသြငေးကြည့်မိပြန်၏ ။ သူတို့ကချင်ဒေသတွင် မြင်းသည် အလွန်ရှားပါးသော သတ္တဝါဖြစ်၏ ။ အမျိုးသမီးက

“ ငါတို့ တိဘက်မှာ အထက်တန်းစားသားသမီးအားလုံး လမ်းမလျှောက်ခင်က မြင်းစီးသင်ပေးကြတယ်၊ သုံးနှစ်သားအရွယ်ရောက်ရင် မြင်းကောင်းကောင်းစီးတတ်နေပြီ၊ တိဘက်မှာ မြင်းစီးကျွမ်းကျင်တာကို အလွန်ဂုဏ်ယူဝံ့ကြွားကြတယ်၊ ဘုန်းကြီးတွေတောင် မြင်းစီးပြီးခရီးသွားလေ့ရှိတယ် ”

ဟု ပြောလေရာ ဘရန်ရှောင်သည် တိဘက်တို့၏ ဓလေ့ထုံးစံများကို တအံ့တသြနားထောင်နေလေ၏ ။

ဘရန်ရှောင်သည် ဆေးသမားတော် သားအမိနှင့် နေထိုင်ပြီး တိဘက်တို့နှင့် ပတ်သက်သော ဗဟုသုတမျိုးစုံကို သင်ကြားခဲ့ရ၏ ။

ဘရန်ရှောင် ပညာသင်ကြားနိုင်ရန် တိဘက်စကားကိုလည်း ကျွမ်းကျင်အောင် သင်ကြားပေးရ၏ ။ တိဘက်ပြည်နှင့် ပတ်သက်သော ဗဟုသုတများကို ဆေးသမားတော် အမျိုးသမီးကြီးက သင်ကြားပေး၏ ။

“ ဒီမှာ လူကလေး ငါတို့ တိဘက်ပြည်ဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်လို့ ကမ္ဘာ့မိုးခေါင်မိုးလို့တောင် တင်စားပြီး ခေါ်ခဲ့ကြတယ်၊ ကမ္ဘာ့ရာသီဥတုအကြမ်းဆုံးနေရာလည်းဖြစ်တယ်၊ တို့တိဘက်ပြည်မှာ မွန်းတဲ့အချိန်မှာ အလွန်ပူပြင်းပြီး ညအချိန်မှာ ရေခဲမှတ်အောက် ရောက်အောင်အေးမြတယ်၊ ဒါကြောင့် တိဘက်မှာ အသက်ရှင်နေထိုင်ဖို့အတွက် အလွန်ခက်ခဲတယ် ”

ဟု ပြောလေရာ ဘရန်ရှောင်က စိတ်ဝင်စားစွာဖြင့်

" တိဘက်ပြည်မှာ လားမားဘုန်းတော်ကြီးတွေ အလွန်များတယ်နော် "

ဟု ပြောဆိုလေ၏ ။ ထိုအခါ အမျိုးသမီးကြီးက

" ငါတို့တိဘက်တွေက ကမ္ဘာ့နိုင်ငံတွေနဲ့ အဆက်အသွယ်မလုပ်ပဲ သီးခြားနေထိုင်တယ်၊ တိုင်းပြည်အုပ်ချုပ်ရေးကို လားမားဘုန်တော်ကြီးတွေကပဲ တာဝန်ယူထားတယ်၊ ငါတို့တိဘက်မှာ ထူးဆန်းလျှို့ဝှက်တဲ့ ဂမ္ဘီရပညာတွေရှိတယ်၊ အလွန်အစွမ်းထက်တဲ့ ရိုးရာဆေးပညာလည်းရှိတယ်၊ ဒါကြောင့် ကမ္ဘာအရပ်ရပ်က နာမကျန်းဖြစ်သူတွေဟာ တိဘက်ကိုလာပြီး ဆေးဝါးကုသလေ့ရှိတယ်၊ ဆေးသမားတော်များ လူတစ်ယောက်ကို မြင်ရုံနဲ့ ဒီလူဟာ လူကောင်းလား လူးဆိုးလား၊ မကြာမီ ရောဂါဝေဒနာဖြစ်မဲ့သူလားဆိုတာ ခွဲခြားသိနိုင်တယ်၊ ဒီလိုအမြင်ပေါက်တဲ့လူတွေကို တတိယ မျက်လုံးရနေသူများလို့ခေါ်ကြတယ်၊ တိဘက်ဟာ ဗုဒ္ဓတရားတော်ကို ကိုးကွယ်ယုံကြည်ပြီး လောဘ၊ ဒေါသနည်းပါးကြတယ်၊ ပင်ပင်ပန်းပန်း လုပ်ကိုင်တဲ့ သူတွေဟာ တဏှာလောဘကြီးတဲ့ လူတွေလို့ ယုံကြည်တယ်၊ ဒါကြောင့် ငါတို့တိဘက်ရောက်ရင် အလုပ်ကို အေးအေးမှန်မှန် လုပ်နေတဲ့လူတွေသာ တွေ့ရတယ် "

ဟု ပြောလေ၏ ။

ဘရန်ရှောင်သည် တိဘက်တွင် ခြောက်လခန့် နေထိုင်ပြီးနောက် ညဏ်ကောင်းသောကလေး ဖြစ်သဖြင့် တိဘက်ဘာသာစကားကို အသင့်အတင့် ပြောတတ်လာ၏ ။

ထိုအခါမှပင် ဆေးသမားတော် အမျိုးသမီးသည် ဘရန်ရှောင်အား လာဆာမြို့တော်၏ အစွန်အဖျားတွင်ရှိသော ဆရာဝမ်၏ ကျောင်းသို့ ခေါ်ဆောင်သွားလေ၏ ။

ဆရာဝမ်သည် တိဘက်လူလတ်တန်းစား မိသားစုများကို

ပညာသင်ကြားပေးလေသည်။ ဆရာဝမ်သည် စည်းကမ်းကောင်းပြီး ပညာသင်ကြားရာတွင် စေတနာပါသဖြင့် သူ၏ ကျောင်းသည် ထင်ရှားသည်။

ဆရာဝမ်သည် ဘရန်ရှောင်ကို တိဘက်လူမျိုးမဟုတ်မှန်း မြင်မြင်ချင်း ရိပ်မိစားမိသွားပြီး တိဘက်လူမျိုးမဟုတ်သူကို ပညာသင်ကြားရန် ငြင်းဆိုလေ၏ ။ ဆေးသမားတော် အမျိုးသမီးကြီးက သက်ပြင်းချ၍

“ ဒီကလေးဟာ လူမျိုးခြားတစ်ယောက်ပေမယ့် ကျွန်မရဲ့သားချင်းတစ်ယောက်လို မွေးစားထားတယ်၊ ဒါကြောင့် ပညာသင်ပေးဖို့ မေတ္တာရပ်ခံပါတယ် ”

ဟု တောင်းပန်လေ၏ ။ ဆရာဝမ်က ခေါင်းခါယမ်း၍

“ ကျုပ်တို့ တိဘက်တွေဟာ သိပ်ပြီးတော့ ထူးဆန်းလျှို့ဝှက်တယ်၊ ကျုပ်တို့တိဘက်တွေ အထပ္ပနဗေဒင်ပညာဟာ အလွန်လျှို့ဝှက်နက်နဲပြီး တိဘက်မဟုတ်သူကို ပညာသင်ကြားမပေးဘူး၊ ဒီကလေးဟာ တစ်နေ့ပညာတတ်ပြီး မိဘဆွေမျိုးတွေရှိတဲ့ အရပ်ကိုပြန်ရန် ဘယ်လိုလုပ်မလဲ၊ ကျုပ်တို့ရဲ့ ပညာတွေ မလိုလားတဲ့ အရပ်ကို ပျံ့နှံ့သွားမှာပေါ့ ”

ဟု ငြင်းဆန်လေ၏ ။ ထိုအခါ ဆေးသမားတော်ကြီးက

“ ကလေးမှာ မိဘဆွေမျိုးတွေ လုံးဝမရှိတော့ဘူး၊ ဒါကြောင့်သူ့ကို မွေးစားပြီး ကျွန်မအပြီးအပိုင်ခေါ်လာခဲ့တာ ”

အတန်တန်ပြောဆိုသောအခါမှာပင် ဆရာဝမ်က ဘရန်ရှောင်ကို သူ၏ ကျောင်းတွင် အပ်နှံရန်သဘောတူလေ၏ ။

ဘရန်ရှောင်သည် ကျောင်းတက်နိုင်ရန်အတွက် ရိုးရာအခမ်းအနားပြုလုပ်ပြီး ခွင့်တောင်းရလေ၏ ။ ဆရာဝမ်က ဘရန်ရှောင် သူငယ်တန်းတွင် သင်ကြားရန်ခွင့်ပြုလိုက်၏ ။

ဘရန်ရှောင်သည် ပညာသင်ကြားရန် များစွာနောက်ကျသဖြင့် သူငယ်တန်းတွင် အသက်အကြီးဆုံးဖြစ်နေလေ၏။ ထို့နောက်ကျောင်းသားများအကြားတွင် လှောင်ပြောင်စရာ သတ္တဝါတစ်ဦးကဲ့သို့ ဖြစ်နေလေ၏။

မည်သို့ပင်ဖြစ်စေ ဘရန်ရှောင်သည် ဘဝနာလာသူဖြစ်သဖြင့် ပညာကိုကြိုးစားသင်ယူလေ၏။ တိဘက်တွင် ပညာသင်ကြားသော စနစ်သည် ဆရာကတပည့်ကို အစဉ်အမြဲ စောင့်ကြည့်တတ်သော စနစ်ဖြစ်၏။

တိဘက်စာသင်ခန်းများတွင် ကျောင်းသားများသည် ဆရာကို ကျောခိုင်း၍ ထိုင်ရ၏။ ဆရာသည် ကျောင်းသားများကို နောက်ကျောမှကြည့်ရင်း ပညာသင်ကြားရာတွင် စိတ်ဝင်စားမှုရှိမရှိ အကဲဖြတ်လေ၏။

ဘရန်ရှောင်ကျောင်းတက်ပြီး များမကြာမီ ဆေးသမားတော် အမျိုးသမီးကြီးက အံဆွဲငယ်လေးများစွာပါဝင်သော ဗီရိုကြီးတစ်လုံးကို ပြုလုပ်ပေးလေ၏။

ထိုဗီရိုကြီးမှာ တိဘက်ကျောင်းသားများစာကျက်ရာတွင် အသုံးပြုသော ထူးဆန်းသည့် ဗီရိုကြီးဖြစ်၏။ တိဘက်ကျောင်းသားများသည် သေးငယ်သော အံဆွဲငယ်များတွင် မှတ်စုများကို ပြန်ထုတ်ပြီး ကျက်မှတ်ရသည့်နေရာတွင် အသုံးပြု၏။

ဘရန်ရှောင်သည် အတန်းထဲတွင် အသက်အကြီးဆုံးကလေးဖြစ်ပြီး တိဘက်စကားကို အတော်အသင့်သာ ပြောဆိုတတ်သော လူမျိုးခြားဖြစ်သဖြင့် အတန်းသားများ၏ လှောင်ပြောင်သရော်ခြင်းကို မကြာခဏခံရတတ်၏။

ဆရာဝမ်သည် အတန်းငါးတန်းကို ကျောင်းသားများသည် မနက်ကျောင်းသို့ရောက်သည်နှင့် တိဘက်စာ တရုတ်စာကိုသင်ယူရ၏။ နေ့လယ်ပိုင်းတွင် သချာ်၊ သမိုင်းနှင့် ဒဿနိကပညာရပ်များကို သင်ကြားရ၏။

ထို့ပြင် တရုတ်ရှေးဟောင်းပညာရပ်များနှင့် ကွန်ဖြူးရှပ်၊ လောက်ဇူးတို့၏ ဒဿနိကပညာရပ်များကို သင်ကြားပေးရ၏ ။ သို့သော် ဘရန်ရှောင်သည် သူငယ်တန်းကျောင်းသားဖြစ်သဖြင့် သမိုင်းနှင့် အတွေးအခေါ်ပညာကို သင်ကြားရခြင်းမရှိပေ။

ဘရန်ရှောင်သည် ကျောင်းပညာရပ်များကို ကြိုးစားသင်ယူရင်း သေဆုံးသွားသော မိဘနှစ်ပါးကို မကြာခဏ သတိရနေမိ၏ ။

သူသည် ဝေးလံခေါင်သီသော တိဘက်ပြည်တွင် နေထိုင်ရသော် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရန်သူများအား ကလဲ့စားချေရန် ဆုံးဖြတ်ထား၏ ။

မိခင်မသေဆုံးမီ ရန်သူများအား ကလဲ့စားချေရန် မှာကြားခဲ့သော စကားများကို မကြာခဏကြားယောင်နေမိ၏ ။ သူသည် တိဘက်ပြည်တွင် အနေကြာလာသောအခါ တိဘက်လူမျိုးများ၏ ဓလေ့ထုံးစံများနှင့် တဖြည်းဖြည်း ရင်းနှီးကျွမ်းဝင်လာ၏ ။

တိဘက်တို့သည် အလွန် ထူးဆန်းလျှို့ဝှက်သော်လည်း ရိုးသားသိမ်မွေ့သူများဖြစ်၏ ။ တစ်ခါက နှစ်သစ်ကူးပွဲတော်၌ ကျင်းပသော မီးထွန်းပြိုင်ပွဲသို့ ကိုယ်တော်မြတ်ကြီး လှည့်လည်ကြည့်ရှုခိုက်တွင် ကြုံတွေ့ရ၏ ။

ကိုယ်တော်မြတ်ကြီးသည် တိဘက်ပြည်၏ အမြင့်မြတ်ဆုံးအာဏာပိုင်ဖြစ်သဖြင့် အလွန်ခမ်းနားကြီးကျယ်၏ ။

ကိုယ်တော်မြတ်ကြီး လှည့်လည်သော လမ်းများတွင် အိမ်မြင့်ကြီးများ မဆောက်ကြချေ။ ကိုယ်တော်မြတ်ကြီးထက် မြင့်မားသွားလျှင် အပြစ်ဖြစ်မှာ စိုးရိမ်ကြ၏ ။

ဘရန်ရှောင်သည် နှစ်သစ်ကူး မီးထွန်းပြိုင်ပွဲသို့ လှည့်လည်ကြည့်ရှုသော ကိုယ်တော်မြတ်ကြီးအား လူအုပ်ကြားထဲတွင် တိုးဝှေ့ဖူးမျှော်ခဲ့ရ၏ ။

ကိုယ်တော်မြတ်ကြီးသည် ပြည်သူပြည်သားများ၏ အခက်အခဲများကို တာဝန်ယူဖြေရှင်းပေးသည်ဟု ဆိုသဖြင့် မိမိဘဝ၏ အခက်အခဲများအား ကိုယ်တော်မြတ်ကြီးထံတွင် တိုင်တည်လိုလှ၏။

*

ဘရန်ရှောင်သည် ကျောင်းအားသော ရက်များ၌ လာဆာမြို့တော် ကောင်းကင်ယံတွင် စွန်များကို ကြည့်ရှုလေ့ရှိသည်။ တိဘက်ဒေသ တစ်ခွင်လုံး စွန်လွှတ်ခြင်းကို စိတ်ဝင်စားကြ၏။

သို့သော စွန်လွှတ်ခြင်းကို မိုးနတ်မင်း ကြိုက်နှစ်သက်ခြင်းမရှိဟု ယူဆကာ မိုးရာသီတွင် စွန်လွှတ်ခြင်းမရှိချေ။ ဆောင်းရာသီ၌ လာဆာမြို့တော် ကောင်းကင်ယံတွင် စွန်ရောင်စုံများ ဝဲပျံနေလေ့ရှိ၏။

ဘရန်ရှောင်သည် သူနှင့်ရွယ်တူ လူငယ်များ စွန်လွှတ်ခြင်းကို အလွန်သဘောကျပြီး သွားရောက်ငေးကြည့်နေတတ်၏။

ဆေးသမားတော်ကြီး၏ သမီးမှာ ဘရန်ရှောင် စွန်လွှတ်ခြင်းကို စိတ်ဝင်စားမှန်းသိသဖြင့် လာဆာမြို့ဈေးအတွင်းရှိ အနီရောင် စွန်ပျံတစ်စီးကို ဝယ်ယူပေးလေ၏။

ဘရန်ရှောင်သည် စွန်ရရှိသောအခါ လာဆာမြို့ကောင်းကင်ယံတွင် အများနည်းတူ ပျော်ရွှင်စွာစွန်လွှတ်ကစားလေ၏။ ဘရန်ရှောင်သည် စွန်လွှတ်ခြင်းကို အလွန်စိတ်ဝင်စားသဖြင့် ကျွမ်းကျင်သူတစ်ဦး ဖြစ်လာလေသည်။

ထို့ကြောင့်ပင် ဘရန်ရှောင်သည် စွန်လွှတ်ကောင်းသူ တစ်ဦးအဖြစ် အများက အသိအမှတ်ပြုလာ၏။ ဘရန်ရှောင်၏ စွန်လွှတ်ခြင်းကို မနာလိုသော

လူငယ်တို့သည် ဘရန်ရှောင်၏ စွန်ပြတ်ကျရန် ကြိုးစားကြ၏ ။

ထိုသူများအနက် ဆရာဝမ်၏ ကျောင်းတွင် အတူတူ ပညာသင်ကြားသော တန်ဥတို့လူစုမှာ အဆိုးဆုံးဖြစ်၏ ။ တန်ဥသည် လာဆာမြို့တော်ရှိ ကုန်သည်ကြီးတစ်ယောက်၏ သားဖြစ်၏ ။

တန်ဥ၌ ငွေကြေးချမ်းသာသဖြင့် မြှောက်စားလိုသော သူငယ်ချင်းများလည်းရှိသည်။ တန်ဥသည် သူငယ်ချင်းများ၏ မြှောက်ပင့်ပေးမှုကြောင့် ဘရန်ရှောင် စွန်လွှတ်ခြင်းကို မနာလိုခြင်းကြီးစွာ ဖြစ်လေ၏ ။

ထို့ကြောင့် ဘရန်ရှောင်၏ စွန်အား ကောင်းကင်မှ ပြတ်ကျရန် ကြံစည်လေ၏ ။ တန်ဥသည် သူ၏ စွန်ကြိုးတွင် မှန်ကွဲစများကို ကြေညက်အောင် ထောင်းပြီး ကော်ဖြင့်ကပ်လေ၏ ။

သူ၏ စွန်ကြိုးများသည် မှန်ကွဲစများကြောင့် ထက်မြက်လာ၏ ။ ထို့နောက်တွင်မူ တန်ဥသည် ကောင်းကင်ယံတွင် ဘရန်ရှောင်၏ စွန်ကြိုးကို သူ၏ စွန်ကြိုးဖြင့် ပြတ်ကျအောင် ကြိုးစားလေ၏ ။

ဘရန်ရှောင်သည် မိမိနေ့စဉ်ရက်ဆက် လွှတ်ခဲ့သော စွန်နီလေးပြတ်ကျသွားခြင်းအတွက် နှမြောတသခြင်းဖြစ်မိ၏ ။

တန်ဥတို့လူစု၏ ယုတ်မာကောက်ကျစ်ခြင်းကို သိရှိသော်လည်း ရန်ကိုရန်ချင်း မတုံ့နှင်းရ ဟူသော တိဘက်ဥပဒေကြောင့် ငြိမ်သက်၍ သာ နေလေ၏ ။

ဘရန်ရှောင်တို့ ကျောင်းတက်သည့်အခါတိုင်း “ ရန်ကိုရန်ခြင်း မတုံ့နှင်းရ ” “ အကောင်းကို အကောင်းဖြင့်သာ တုန့်ပြန်ရ၏ ” “ သိမ်မွေ့သူကို ရန်မမူရ ” “ ကျမ်းစာ၏ အနက်အဓိပ္ပာယ်ကို နားလည်ပါစေ ” “ အိမ်နီးချင်းကို ကူညီပါ ” “ ကြွေးဟောင်းကို ချက်ခြင်း ပေးဆပ်ပါ ” ဟူသော ဥပဒေသကို

ရွတ်ဆိုရ၏ ။

ထိုဥပဒေသည် တိဘက်စာသင်ကျောင်းများတွင် ကျောင်းခန်းမသို့ ဝင်လျှင်တစ်ကြိမ်၊ ထွက်လျှင်တစ်ကြိမ် ရွတ်ဆိုရ၏ ။ ဘရန်ရှောင်သည် တိဘက် ဥပဒေသများကို လိုက်နာသူ ဖြစ်သဖြင့် တန်သတို့ လူစုကို သည်းခံခွင့်လွှတ်ပြီး စွန်မလွှတ်ဘဲ နေလေ၏ ။

ဘရန်ရှောင်၏ အဖြစ်ကို မာလာသိရှိသွားသောအခါ

" ဟင် .... ဘရန်ရှောင် မင်းဘာဖြစ်လို့ စွန်နဲ့မလွှတ်တော့တာလဲ "

ဟု မေးမြန်းလေ၏ ။

ဘရန်ရှောင်သည် မာလာ၏ အမေးကြောင့် ဆုံးရှုံးသွားသော စွန်နီကလေးကို သတိရပြီး ဝမ်းနည်းကြေကွဲသွားလေ၏ ။ သို့သော် တန်ဥတို့ လူစု၏ ယုတ်မာကောက်ကျစ်သော အပြုအမူကို မာလာ့အားပြေမပြောဘဲ

" ကျုပ်ရဲ့ စွန်နီလေး ကောင်းကင်ပေါ်မှာ ပျက်စီးသွားတယ် "

ဟု ပြောလေရာ မာလာက ဘရန်ရှောင်အား စိတ်မကောင်းစွာဖြင့် ကြည့်၍

" သြော် ... ဒါကြောင့် မင်းစွန်နဲ့မလွှတ်ဘဲ နေရတာ ကိုး၊ မနက်ဖြန်ကျရင် မင်းအတွက် စွန်တစ်ကောင် ပြန်ဝယ်ပေးမယ် "

ဟု ပြောလေ၏ ။

ဘရန်ရှောင်သည် စွန်နဲ့လွှတ်ခြင်းကို အလွန်ဝါသနာထုံးသူ ဖြစ်သဖြင့် မာလာ၏ စကားကြောင့် ပျော်ရွှင်သွားလေ၏ ။

မာလာသည် သူမ၏ ကတိအတိုင်း နောက်တစ်နေ့တွင် လာဆာ မြို့တော် ဈေးအတွင်းသို့သွား၍ ဘရန်ရှောင်အတွက် အဝါရောင် စွန်ငယ်လေးတစ်ကောင် ဝယ်ပေးလေ၏ ။

ဘရန်ရှောင်သည် စွန်ဝါလေးရရှိသောအခါ တန်ဥတို့ လူစုကြောင့် နောက်တစ်နေ့ နောက်တစ်ကြိမ်ဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် ရတ်တရက် စွန့်လွှတ်ရန် မဝံ့မရဲရှိလေ၏။

ထို့နောက် ဘရန်ရှောင်သည် လာဆာမြို့တော်ရှိ လူအများစွန့်လွှတ်လေ့ရှိသော လွင်ပြင်ကြီးထဲတွင် စွန့်မလွှတ်ဝံ့တော့ဘဲ လာဆာမြို့အစွန်ရှိ ဆင်းရဲသား လူတန်းစားများလွှတ်သော ကွင်းပြင်ထဲသာ စွန့်လွှတ်လေ၏။

ဘရန်ရှောင်သည် စွန်ဝါလေးကို အလွန်နှစ်သက်သဖြင့် မဆုံးရှုံးစေရန် သတိကြီးစွာထား၍ စွန်လွှတ်လေ၏။

ဘရန်ရှောင်သည် စွန်လွှတ်ကောင်းသူ ဖြစ်သဖြင့် သူနှင့်ရွယ်တူ ဆင်းရဲသား လူငယ်များ၏ ချီးမွမ်းခြင်းကို ခံရလေ၏။ ဘရန်ရှောင်သည် ဆင်းရဲသားများကြားတွင် စွန်လွှတ်ခြင်းကို လာဆာမြို့လယ်ခေါင်တွင် စွန်လွှတ်ခြင်းထက် များစွာပျော်ရွှင်လေ၏။

ဆင်းရဲသားများ၏ စွန်များသည် ဟောင်းနွမ်းဆွေးမြေ့၍ အရောင်အဆင်းမရှိတော့သည့်အတွက် လာဆာမြို့တော်ရှိ စွန်များကဲ့သို့ ယှတ်မာကောက်ကျစ်ခြင်း မရှိချေ။

ဘရန်ရှောင်သည် ကျောင်းအားသည့်အခါအတိုင်း ဆင်းရဲသားများ၏ အကြားတွင် ပျော်ရွှင်စွာ စွန်လွှတ်လေ၏။ ဆေးသမားတော် အမျိုးသမီးကြီး သားအမိသည် လာဆာမြို့တော်ရှိ နာမကျန်းဖြစ်နေသူများကို အခမဲ့ ဆေးကုသပေးခြင်းဖြင့်သာ ပျော်မွေ့နေလေ၏။

ဘရန်ရှောင်သည် ကျောင်းသင်ခန်းစာများကို ကြိုးစားလေ့ကျင့်သဖြင့် ဆရာဝမ်၏ ချီးမွမ်းခြင်းကိုခံရပြီး ပထမတန်းသို့ တက်ရလေ၏။

တစ်နေ့သ၌ ဘရန်ရှောင်သည် ဆင်းရဲသားများနှင့်အတူ ပျော်ရွှင်စွာ

စွန်လွှတ်ကစားနေစဉ် သူ၏ စွန်နောက်သို့ပ အပြင်းအထန် လိုက်လံနှောင့်ယှက်သော စွန်ကြားတစ်ကောင်နှင့် ကြုံရလေ၏။

ဘရန်ရှောင်သည် ထိုစွန်ကြားကြီးသည် ဆင်းရဲသားများ၏ စွန်မဟုတ်သဖြင့် အလွန်တအံ့တသြသွားပြီး ခက်ခဲစွာရှောင်တိမ်းရလေ၏။

သို့သော် စွန်ကြားကြီး၏ ပိုင်ရှင်မှာ ဘရန်ရှောင်၏ စွန်ဝါလေးအား ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် လိုက်လံတိုက်ခိုက်ရာ နောက်ဆုံးတွင် ဘရန်ရှောင်သည် မရှောင်တိမ်းနိုင်တော့ဘဲ သူ၏ စွန်ဝါလေးပြတ်သွားလေ၏။

ဘရန်ရှောင်သည် စွန်ဝါလေး ဆုံးရှုံးသွားသဖြင့် အလွန်နှမြောတသဖြစ်သွားပြီး စွန်ကြားကြီး၏ ပိုင်ရှင်ကို စုံစမ်းလေရာ ပိုင်ရှင်မှာ တန်ဥပင်ဖြစ်ကြောင်း သတိရလေ၏။

စိတ်သဘောထား ယုတ်မာသော တန်ဥသည် ဘရန်ရှောင်ဆင်းရဲသားများနှင့် စွန်လွှတ်ခြင်းကို သိရှိသဖြင့် တောင်ကုန်းတစ်ခုနောက်မှ ဝင်ရောက်နှောင့်ယှက်ခြင်းဖြစ်၏။

တန်ဥတို့လူစုသည် ဘရန်ရှောင်၏ စွန်ကို တိုက်ခိုက်ပြီး စွန်ကြားကြီးကို အမြန်ရုပ်သိမ်းပြီး ထွက်ပြေးသွားလေ၏။ သို့သော် ဘရန်ရှောင်၏ မိတ်ဆွေ ဆင်းရဲသားလူငယ်များ၏ သတင်းပေးမှုကြောင့် တန်ဥ၏ လက်ချက်ဖြစ်ကြောင်း ခိုင်မာစွာ သိရှိရလေ၏။

ဘရန်ရှောင်သည် မိမိနှင့် ရန်ငြိုးရန်စမရှိဘဲ အကြိမ်ကြိမ် လိုက်လံနှောင့်ယှက်သော တန်ဥကြောင့် လွန်စွာအခံချိမခံသာ ဖြစ်မိလေ၏။

သူ၏ ဆုံးရှုံးသွားသော စွန်ဝါလေးအတွက်လည်း များစွာ နှမြောတသခြင်းဖြစ်လေ၏။ သို့သော် ရန်ကိုရန်ခြင်းမတုံ့နှင်းရဟူသော ဥပဒေကြောင့် ရန်မဖြစ်ဘဲ နေလေ၏။

တန်ဥကမူ ဆရာဝမ်၏ ကျောင်းတွင်တွေ့တိုင်း ဘရန်ရှောင်ကို အုပ်စုဖွဲ့၍ ရန်စရန် ကြံစည်၏။ ဘရန်ရှောင်သည် လူမျိုးခြားတစ်ယောက်ဖြစ်၍ တိဘက်လူမျိုးများက ဝိုင်းဝန်းနှိပ်ကွက်ရမည်ဟု အပေါင်းအဖော်များအား စည်းရုံးလေ၏။

တန်ဥ၏ အပေါင်းအဖော်များသည် တန်ဥအား မြှောက်ပင့်ပြီးစားသောက်နေသူများဖြစ်၍ တန်ဥအကြိုက် ဘရန်ရှောင်အား ဝိုင်းဝန်းရန်စကြလေ၏။ ဘရန်ရှောင်သည် တန်ဥတို့၏ ရန်စခြင်းကို အကြိမ်ကြိမ်အဖန်ဖန်ခံရလေ၏။

သူသည် ဆင်းရဲသားရပ်ကွက်တွင် စွန်မလွှတ်ရသည်မှာ ကြာမြင့်ခဲ့လေပြီ။ ဘရန်ရှောင်စွန်မရှိကြောင်း မလာမရိပ်စားမိသောအခါ သူမက

“ ဘရန်ရှောင် မင်းစွန်ပြတ်သွားပြန်ပြီမဟုတ်လား ”

ဟု မေးမြန်းလေရာ ဘရန်ရှောင်သည် စွန်ပြတ်သည့်အကြောင်းကို ဝန်ခံလိုက်လေ၏။ သို့သော် တန်ဥတို့လူစု ယုတ်မာကောက်ကျစ်သည့်အကြောင်းကို ဝန်မခံဘဲ ရေငုံနှုတ်ပိတ်နေလိုက်၏။

မာလာသည် ဘရန်ရှောင် စွန်လွှတ်ခြင်းကို ဝါသနာထံကြောင်း ရိပ်မိသဖြင့် ဘရန်ရှောင်အတွက် အနီရောင်စွန်ကလေးတစ်ကောင်ကိုထပ်မံ ဝယ်ယူပေးပြန်၏။

ဘရန်ရှောင်သည် စွန်နီလေးရရှိသောအခါ ဆင်းရဲသားရပ်ကွက်သို့ သွား၍ စွန့်လွှတ်ပြန်၏။ ဘရန်ရှောင် စွန်လွှတ်ပြီး ဆယ်ရက်ခန့်ကြာသောအခါ တန်ဥတို့လူစု ထပ်မံရောက်ရှိလာသည်။

ဘရန်ရှောင်၏ စွန်ကို ဖြတ်ပြန်၏။ ဘရန်ရှောင်သည် သူ၏ စွန် ထပ်မံဆုံးရှုံးရသဖြင့် ရင်ထဲတွင် မခံချိမခံသာ ဖြစ်မိလေ၏။

သို့သော် တန်ဥ၏ ရန်စကျူးလွန်ခြင်းကို လက်တုံ့မပြန်ဘဲ သည်းခံ၍သာ နေလိုက်လေ၏ ။

မိမိဘဝ၌ မိဘနှစ်ပါး၏ ရန်ကြွေးကိုး ပေးဆပ်ရန်ကြီးမားသော ရည်မှန်းချက်ရှိသဖြင့် အရာရာကို သည်းခံရမည်ဟု နှလုံးသွင်းထားလေ၏ ။ ဘရန်ရှောင်သည် စွန်လွှတ်ခြင်းကို အပြီးအပိုင် စွန့်လွှတ်လိုက်တော့၏ ။

တန်ဥတို့လူစုသည် တစ်ကြိမ် ထပ်မံကျူးလွန်လျှင် သည်းခံနိုင်မည် မထင်ချေ။

*

ဘရန်ရှောင်သည် ဆရာဝမ်၏ ကျောင်း၌ ဒုတိယတန်းအောင်မြင်ပြီးနောက် တတိယတန်းကျရှုံးသော တန်ဥတို့လူစုနှင့် တစ်တန်းတည်းတွင် တွေ့ရလေ၏ ။ ဘရန်ရှောင်သည် တန်ဥတို့လူစု၏ ရန်စကျူးလွန်ခြင်းကို ပိုမိုကြုံတွေ့ရလေ၏ ။

တိဘက်ဒေသ၏ ကျောင်းတော်များတွင် ကျောင်းသန့်ရှင်းရေးကို ကျောင်းတော်သားများက တာဝန်ယူရသော ထုံးစံရှိ၏ ။ ဘရန်ရှောင်သည် လူမျိုးခြားဖြစ်သဖြင့် ကျောင်းသန့်ရှင်းရေးကို တစ်ဦးတည်း တာဝန်ယူရ၏ ။

တန်ဥတို့လူစုသည် ဘရန်ရှောင်ကို အနိုင်ကျင့်စော်ကားလိုသဖြင့် ဘရန်ရှောင် သန့်ရှင်းရေးပြုလုပ်နေရာသို့ ကြက်ဥအခွံများ ပေါက်စီအပိုင်းအစများ ပစ်ချလေ၏ ။

ဘရန်ရှောင်သည် တန်ဥတို့လူစု၏ ရန်စကျူးလွန်ခြင်းကို မခံနိုင်တော့ဘဲ အမှိုက်တောင်းကို ဝုန်းခနဲပစ်ချ၍

“ မင်းတို့ မိုက်ရိုင်းလှချည်လား၊ အားနည်းသူကို အနိုင်မယူရဘူးဆိုတဲ့ ဥပဒေသကို နားမလည်ဘူးလား ”

ဟု ပြောဆိုလေ၏ ။ ထိုအခါ ဘရန်ရှောင်ကို အသားလွတ် အနိုင်ယူလိုသော တန်ဥက တဟားဟားရယ်မော၍

“ ဟား ဟား ဟား .... မင်းတို့လို လူမျိုးတစ်ယောက်အတွက် ဥပဒေသဆိုတာမရှိဘူး၊ မင်းတို့ဟာ ငါတို့တိုင်းပြည်က ပညာတွေကိုယူပြီး ပြန်မယ့်ကောင်တွေ ”

ဟု ပြောဆိုလေရာ တန်ဥ၏ အပေါင်းအဖော်များက ဘရန်ရှောင်လှည်းကျင်းထားသော နေရာသို့ အမှိုက်များပစ်၍ တဟားဟားဖြင့် ရန်စလှောင်ပြောင်လေ၏ ။

ဘရန်ရှောင်သည် တန်ဥတို့အား သည်းမခံနိုင်တော့ဘဲ မိမိအား အကြိမ်ကြိမ်ရန်စကျူးလွန်နေသော တန်ဥ၏ မျက်နှာအား လက်သီးဖြင့် အားကုန်ထိုးလိုက်ရာ တန်ဥ ပက်လက်လန်လဲလေ၏ ။

ဘရန်ရှောင်သည် ဒေါသကို မထိန်းချုပ်နိုင်တော့၍ တန်ဥ၏ ကိုယ်ကို ခွစီးပြီး လက်သီးဖြင့် အကြိမ်ကြိမ်ထိုးလေ၏ ။ ထိုအခါ သူရသတ္တိနည်းသော တန်ဥ၏ အပေါင်းအဖော်များသည် အော်ဟစ်ပြီး ဆရာဝမ်ထံသို့ သွားရောက်တိုင်ကြားလေ၏ ။

ဆရာဝမ်သည် စည်းကမ်းကြီးသော ကျောင်းဆရာကြီးတစ်ဦးဖြစ်၍ သူ၏ ကျောင်း၌ ရန်ပွဲဖြစ်ခြင်းကို ခွင့်မလွှတ်နိုင်ဘဲ တန်ဥနှင့် ဘရန်ရှောင်ကို အပြစ်ပေးရန် ကြံစည်လေသည်။

တန်ဥသည် ဘရန်ရှောင်က ရန်စပြီး လက်သီးနှင့် ထိုးကြိတ်ကြောင်း လိမ်ညာတိုင်ကြားလေသည်။ ဘရန်ရှောင်ကမူ ရိုးရာစွန့်လွှတ်ပွဲတွင် တန်ဥတို့လူစု၏ အကြိမ်ကြိမ် ရန်စကျူးလွန်မှုများကို ဆရာဝမ်အား တိုင်ကြားလိုက်လေ၏ ။

ဆရာဝမ်သည် ၎င်းတို့၏ တိုင်ကြားမှုများကို ကြားနာပြီးနောက် ဘရန်ရှောင်သည် ရိုးသားသူတစ်ဦးဖြစ်ကြောင်း ရိပ်စားမိသော်လည်း ကျောင်းတော်တွင် ရန်ပွဲဖြစ်ပွားသူနှစ်ဦးစလုံးကို အပြစ်ဒဏ်ပေးလေ၏။

ဘရန်ရှောင်နှင့်တန်ဥတို့သည် မနက်နေထွက်သည့်အချိန်မှစ၍ နေဝင်သည့်အချိန်ထိ ကျောင်းရှေ့တွင် မတ်တတ်ရပ်ပြီး အပြစ်ပေးခြင်းခံရလေ၏။ ထိုအချိန်မှစ၍ တန်ဥသည် ဘရန်ရှောင်းအား ရန်ငြိုးရန်စကြီးစွာထားခဲ့လေ၏။

*

တန်ဥသည် ဘရန်ရှောင်အား မုန်းတီးနာကြည်းနေသူဖြစ်၍ စိတ်ထိခိုက်အောင် အမျိုးမျိုးပြုလုပ်ရန် ကြိုးစားလေ၏။

တစ်နေ့သ၌ ဘရန်ရှောင် ကျောင်းမှ ပြန်လာသော အချိန်တွင် ထောပတ်လက်ဖက်ရည် ဝယ်နေသော တန်ဥတို့လူစုနှင့်ဆုံတွေ့မိပြီး ရန်စခြင်းကို ခံရပြန်၏။ တန်ဥက သူ၏ အပေါင်းအဖော်များအား

“ အဖေမပေါ်တဲ့ကောင်ဟာ ဘယ်လိုကောင်စားလဲဟေ့ ”

ဟု ကျယ်လောင်စွာအော်ဟစ်မေးမြန်းလေရာ တန်ဥ၏ အပေါင်းအဖော်များက

“ မျိုးမစစ်တဲ့ကောင်၊ မျိုးမစစ်တဲ့ကောင် ”

ဟု သံပြိုင်အော်ဟစ်ကြလေ၏။ တန်ဥက

“ အမေမပေါ်တဲ့ကောင်ဟာ ဘယ်လိုကောင်စားလဲ ”

ဟု ထပ်မံ မေးမြန်းလေရာ တန်ဥ၏ အပေါင်းအဖော်များက

ဘရန်ရှောင်အား လက်ညှိုးထိုး၍

“ မျိုးမစစ်တဲ့ကောင်၊ မျိုးမစစ်တဲ့ကောင် ”

ဟု သံပြိုင်အော်ဟစ်ကြပြန်၏။

ဘရန်ရှောင်သည် တန်ဥတို့၏ နောက်ပြောင်မှုကြောင့် မိဘနှစ်ပါး၏ ကံကြမ္မာဆိုးကို ပြန်လည်မြင်ယောင်ရာပြီး ဝမ်းနည်းကြေကွဲ၍ လာလေ၏။

မိဘနှစ်ပါးသေဆုံးခဲ့ပုံများကို မျက်လုံးထဲတွင် မြင်ယောင်လာပြီး သွေးများပွက်ပွက်ဆူလာလေအောင် ခံစားရ၏။ တန်ဥတို့ လူစုမှာ ဘရန်ရှောင်အား လက်ညှိုးငေါက်ငေါက်ထိုး၍

“ မျိုးမစစ်တဲ့ကောင်၊ မျိုးမစစ်တဲ့ကောင် ”

ဟု လှောင်ပြောင်ကြ၏။

ဘရန်ရှောင်သည် လှောင်ပြောင်မှုများကြောင့် ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ လမ်းဘေးရှိ တုတ်ကြီးတစ်ချောင်းကို ကောက်ယူ၍ တန်ဥတို့အား ရိုက်နှက်ရန်ကြိုးစား၏။

ထိုအခိုက်မှာပင် အလံကိုင် မြင်းသည်တော်များသည် ဒုန်းစိုင်း၍ စီးနှင်လာသဖြင့် တန်ဥတို့သည် လမ်းနံဘေးသို့ ပြေးလွှားသွားလေ၏။

ရှေ့ပြေးအလံတိုင် မြင်းသည်တော်များ၏ အမှတ်အသားကို ကြည့်ရှု၍ တိဘက်ဒေသ၏ အမြင့်မားဆုံး အာဏာပိုင်ဖြစ်သော ကိုယ်တော်မြတ်ကြီး ကြွချီလာကြောင်း သိရ၏။

ဘရန်ရှောင်သည် မိဘနှစ်ပါးနှင့် ပတ်သတ်၍ စော်ကားမော်ကားပြုသော တန်ဥတို့၏ အမူအကျင့်ကြောင့် မျက်လုံးထဲတွင် မည်သည့်အရာကိုမျှ မမြင်နိုင်ဘဲ ရှိနေသဖြင့် ကိုယ်တော်မြတ်ကြီး၏ အလံတိုင်တပ်ဖွဲ့အား လမ်းဖယ်ပေးခြင်းမရှိချေ။

မြင်းသည်တော်များသည် လမ်းပေါ်တွင် ပိတ်၍ ကာဆီးထားသော ဘရန်ရှောင်၏ အပြုအမူကို ကြည့်၍ လွန်စွာ အံ့ဩသွားကြပြီး မြင်းများကို ရပ်တန့်လိုက်လေ၏ ။

တိဘက်ဒေသတွင် ကိုယ်တော်မြတ်ကြီးအား ကလေးသူငယ်များမှစ၍ ကြောက်ရွံ့ခဲ့ညားကြသောကြောင့် ဘရန်ရှောင်၏ အပြုအမူသည် အလွန်ထူးဆန်းသော အပြုအမူဖြစ်၏ ။

ထိုအခိုက်မှာပင် ကိုယ်တော်မြတ်ကြီး၏ အဖြူရောင်မြင်းကြီးသည် ဘရန်ရှောင်၏ ရှေ့သို့ ရောက်ရှိလာလေ၏ ။

ကိုယ်တော်မြတ်ကြီးသည် ဝါးရင်းတုတ်ကြီးတစ်ချောင်းကို ကိုင်၍ ရပ်တန့်နေသော ကလေးကို အံ့ဩဟန်ဖြင့် ကြည့်ရှု၍

“ ကလေးငယ် သင်ဘာကို အလိုမကျဖြစ်နေလဲ ”

ဟု မေးမြန်းလေ၏ ။ ဘရန်ရှောင်သည် ကိုယ်တော်မြတ်ကြီး၏ အမေးကြောင့် တန်ဥတို့လူစု၏ အပြုအမူကို တိုင်ကြားရန် ဆုံးဖြတ်လိုက်ပြီး

“ မိဘနှစ်ပါးမရှိတဲ့ လူတစ်ယောက်ဟာ မျိုးမစစ်တဲ့လူ ဖြစ်နိုင်ပါ့မလား ”

ဟု မေးမြန်းလိုက်လေ၏ ။ ကိုယ်တော်မြတ်ကြီးသည် ဘရန်ရှောင်၏ အမေးကြောင့်

“ မိဘနှစ်ပါးမရှိရုံနဲ့ မျိုးမစစ်တဲ့လူမဖြစ်နိုင်ဘူး ကလေးရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တော်မြတ်ကြီးမှာတောင် မိဘနှစ်ပါးမရှိတော့ဘူး၊ မိဘမရှိရုံနဲ့ မျိုးမစစ်တဲ့ လူဖြစ်ရမယ်ဆိုရင် ကိုယ်တော်မြတ်ကြီးလည်း မျိုးမစစ်တဲ့လူဖြစ်သွားလိမ့်မယ် ”

ဟု ပြောလေ၏ ။ ဘရန်ရှောင်သည် ကိုယ်တော်မြတ်ကြီး၏

စကားကြောင့် လွန်စွာစိတ်အားတက်ကြွသွားလေ၏။

ကိုယ်တော်မြတ်ကြီးသည် ဝါးရင်းတုတ်ကိုင်ထားသော ကလေးငယ်တစ်ဦး၏ မေးခွန်းကို အလွန်စိတ်ဝင်စားသွားပြီး ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းလေ၏။

ထိုအခါ ဘရန်ရှောင်က တန်ဥတို့ လူစု၏ အကြိမ်ကြိမ် အနှောင့်အယှက်ပြုပုံများကို ပြောပြလေ၏။

ကိုယ်တော်မြတ်ကြီးသည် ကလေးငယ်တစ်ဦးအား အနိုင်ကျင့်စော်ကားသော အပြုအမူကို မနှစ်သက်သူဖြစ်သဖြင့် သူ၏ အနီးတွင် ရှိနေသော လားမားဘုန်းတော်ကြီးတစ်ပါးအား

“ အားငယ်သူကို အနိုင်ထက်မပြုရဘူးဆိုတဲ့ ဥပဒေသကို နားမလည်တဲ့ ကလေးတွေကို ဆုံးမပဲ့ပြင်ရမယ်၊ ဒါကြောင့် ကလေးငယ်တွေကို ပဲ့ပြင်ဆုံးမဖို့ ဘုန်းတော်ကြီး အမြန်ဆုံးစီရင်ပါ ”

ဟု အမိန့်တော် ချမှတ်လိုက်လေ၏။

ထိုအခါ ဘရန်ရှောင်က ကိုယ်တော်မြတ်ကြီးကို ရိုသေစွာ ဦးညွှတ်၍

“ ကိုယ်တော်မြတ်ကြီးရဲ့ ကျေးဇူးတော်ကို အမြဲထာဝရအောက်မေ့နေပါမယ် ”

ဟု ပြောဆိုလေ၏။ ထိုအခါ ကိုယ်တော်မြတ်ကြီးက ဘရန်ရှောင်အား စူးရှသော မျက်လုံးများနှင့် ကြည့်၍

“ ကလေးရဲ့ ဥပမိရုပ်ကို ထူးခြားတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နိုင်ငံ့သားကောင်းရတနာဖြစ်မှာ သေချာတယ် ”

ဟု အမိန့်တော်မှတ်လေ၏။

ထို့နောက်တွင်မူ လားမားဘုန်းတော်ကြီးသည် ဆရာဝမ်၏

ကျောင်းသို့သွား၍ တန်ဥတို့လူစုအား ဆုံးမရန် အမိန့်တော်ချမှတ်လေ၏ ။

ဆရာဝမ်သည် ကိုယ်တော်မြတ်၏ အပါးတွင် ခစားရသော လားမားဘုန်းတော်ကြီးကိုယ်တိုင် အမိန့်တော်ချသဖြင့် လွန်စွာထိတ်လန့်သွားပြီး တန်ဥတို့လူစုအား ပြင်းထန်သော အပြစ်ဒဏ်ခတ်လေ၏ ။

တန်ဥတို့လူစုသည် ဆရာဝမ်၏ ပြင်းထန်သော အပြစ်ဒဏ်ပေးမှုကို အကျအန ခံစားရပြီးနောက် ၎င်းတို့သည် ဘရန်ရှောင်ကို နောက်ပြောင်ဖို့ဝေးစွ အနီးသို့ပင် မကပ်ဝံ့တော့ဘဲ ရှိလေ၏ ။ ဘရန်ရှောင်သည် ထိုအချိန်မှစ၍ အေးချမ်းစွာ နေထိုင်လေ၏ ။

*

# အခန်း(၃)

တိဘက်ဒေသ၌ တစ်ဆယ်နှစ်ရာသီပွဲတော်များရှိ၏။ တိဘက်လူမျိုးများသည် ထိုပွဲတော်များ၌ ပျော်ရွှင်စွာ ဝင်ရောက်ဆင်နွှဲကြ၏။

ဘရန်ရှောင်သည် နှစ်သစ်ကူး မီးထွန်းပွဲတော်၌ ထောပတ်ရုပ်များ ပြုလုပ်၍ မီးထွန်းပြိုင်ပွဲဝင်ရန် ပြင်ဆင်လေ၏။

ဆေးသမားတော်ကြီး၏ သမီး မာလာသည် ဘရန်ရှောင် မီးထွန်းပြိုင်ပွဲဝင်ရန် အကြံဉာဏ်ပေးလေ၏။

ဘရန်ရှောင်သည် မာလာပေးသော အကြံဉာဏ်များကို လက်သင့်မခံဘဲ ထောပတ်ရုပ်များပြုလုပ်ရန် မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်လေ၏။

ဘရန်ရှောင်သည် ထောပတ်ရုပ်များပြုလုပ်ရန် တွေးတောရင်း ခေါင်းခြောက်လာ၏။ ကချင်ဒေသတွင် နေထိုင်စဉ် ဒူဝါတို့၏ အမှတ်အသားဖြစ်သော မနောတိုင်များကို မြင်ယောင်လာ၏။

ငယ်စဉ်က ရောင်စုံရေးဆွဲထားသော မနောတိုင်များကြားတွင် ဆော့ကစားခဲ့ပုံကို အမှတ်ရ၏။

မနောတိုင်ဘေးတွင် တရုတ်ပြည်မှလာသော ရောင်စုံဖယောင်းတိုင်များ ထွန်းညှိခဲ့ပုံကို သတိရ၏။

ထို့ကြောင့် မီးထွန်းပြိုင်ပွဲဝင်ရန် အကြံရရှိသွားပြီး မနောတိုင်များကို ဝန်းပတ်၍ ရောင်စုံဖယောင်းတိုင်များ၊ ထောပတ်ရုပ်များ ပြုလုပ်ရန် ကြံစည်လေ၏။

ဘရန်ရှောင်သည် ကချင်တို့၏ အမှတ်အသား ဖြစ်သော အောက်ချင်းငှက်ပုံသဏ္ဍာန် ထောပတ်ရုပ်များ ပြုလုပ်လေ၏။

ထိုအရုပ်များ ပြုလုပ်ပြီးသောအခါ ဘရန်ရှောင်၏ မီးထွန်းပြိုင်ပွဲဝင်အရုပ်များမှာ သူတစ်ပါးနှင့်များစွာခြားနားသွားလေ၏။

နှစ်သစ်ကူး မီးထွန်းပြိုင်ပွဲဝင်သောအချိန်တွင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် မီးပုံများကို လှည့်လည်ကြည့်ရှုပြီး ဆုပေးလေ့ရှိသော ထုံးစံရှိ၏ ။

ဆေးသမားတော်ကြီးနှင့် မာလာသည် ဘရန်ရှောင်၏ ထူးခြားသော ပြိုင်ပွဲဝင်ပုံစံကိုကြည့်၍ မာလာက

“ ဘရန်ရှောင်နင်ရဲ့ မီးပုံးက သိပ်ထူးဆန်းတယ်၊ ဘယ်သူနဲ့မှ မတူဘူး၊ ဒါကြောင့် ကိုယ်တော်မြတ်ကြီးပေးတဲ့ အကောင်းဆုံးဆုကို ရရင်ရ၊ မရရင်တော့ အညံ့ဆုံးဆုရမှာ သေချာတယ် ”

ဟု ပြောလေ၏ ။ ဘရန်ရှောင်သည် မာလာ၏ စကားကြောင့် ရယ်မော၍

“ ကိုယ်တော်မြတ်ကြီးပေးတဲ့ဆုကို မမျှော်မှန်းရဲပါဘူးဗျာ၊ လာဆာမြို့တော်မြို့တော်မှာ နှစ်စဉ်နှစ်တိုင်း မီးပုံပြိုင်ပွဲဝင်တဲ့သူတွေ ရှိတယ်၊ သူတို့ကို ကျုပ်ဘယ်လိုယှဉ်နိုင်မှာလဲ ”

ဟု ပြောလေ၏ ။

ထိုနေ့ည မှောင်ရီသန်းလာသောအခါ လာဆာမြို့တော်တစ်ဝှမ်းရှိ မီးထွန်းပြိုင်သူများသည် ကိုယ်တော်မြတ်ကြီး လာရောက်မည့်အချိန်ကိုမှန်း၍ မီးပုံးများကို အလှဆုံးဖြစ်အောင် ထွန်းညှိလေ၏ ။

ကိုယ်တော်မြတ်ကြီးသည် ပေါတလနန်းတော်မှ ညမှောင်ရီသန်းသော အချိန်တွင် နောက်လိုက်နောက်ပါ ဘုန်းတော်ကြီးများနှင့်အတူ လှည့်လည်လာလေ၏ ။

ဘရန်ရှောင်သည် သူ၏ အောက်ချင်းငှက်မီးပုံးများကို မီးမထွန်းမီ လာဆာမြို့တစ်ဝှမ်းသို့ လှည့်လည်ကြည့်ရှုလေရာ မီးပုံးရောင်စုံများ အမျိုးမျိုးပြုလုပ်ပြီး ပြိုင်ပွဲဝင်သူများကို တွေ့ရ၏ ။

ဘရန်ရှောင်သည် တခြားသူများ၏ မီးပုံများကိုကြည့်၍

မိမိအောက်ချင်းငှက်မီးပုံများ အနိုင်ရရန်မဖြစ်နိုင်ကြောင်း သိလိုက်ရ၏ ။

ညဦးပိုင်းတွင် ဘရန်ရှောင်တို့ လမ်းထဲသို့ ကိုယ်တော်မြတ်ကြီးနှင့် ဘုန်းတော်ကြီးများ ကြွချီလာ၏ ။

ကိုယ်တော်မြတ်ကြီးသည် ဘရန်ရှောင်၏ မီးပုံများအနီးသို့ ရောက်သောအခါ အံ့သြဟန်ဖြင့် မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး သူ၏ အနီးရှိ ဘုန်းကြီးများအား ဘရန်ရှောင်၏ မီးပုံးများ ထူးဆန်းပုံကို ပြောကြားလေ၏ ။

ဘုန်းကြီးများကလည်း ကိုယ်တော်မြတ်ကြီး၏ စကားကို ထောက်ခံလေ၏ ။

ကိုယ်တော်မြတ်ကြီးသည် မီးပုံလုပ်သူကို တွေ့မြင်လိုကြောင်း ပြောလေရာ ဘရန်ရှောင်က ရှေ့သို့ထွက်၍ မီးပုံလုပ်သူမှာ မိမိပင်ဖြစ်ကြောင်း ပြောလေ၏ ။

ကိုယ်တော်မြတ်ကြီးသည် ဘရန်ရှောင်ကိုမြင်သည်နှင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

“ တစ်ခါတုန်းက မင်းနဲ့ငါ တွေ့ဆုံခဲ့ဖူးပါတယ်၊ အခုတော့နောက်တစ်ကြိမ် ဆုံတွေ့ရပြန်ပြီ ”

ဟု ပြောကာ ဘရန်ရှောင်၏ မီးပုံများသည် အခြားသူများ၏ ထက် ဆန်းကြယ်ပြီး ဆွဲဆောင်မှုရှိကြောင်း ချီးမွမ်းလေ၏ ။ ပြီးနောက် ဘရန်ရှောင်အား မီးပုံးပြိုင်ပွဲတွင် ပထမဆုရရှိကြောင်း ပြောလေ၏ ။

ဘရန်ရှောင်သည် ကိုယ်တော်မြတ်၏ စကားကြောင့် မိမိကိုယ်မိမိ မယုံကြည်နိုင်အောင် ဖြစ်သွားပြီး ဝမ်းသာအားရဖြင့်

“ ကျေးဇူးကြီးလှပါတယ် ကိုယ်တော်မြတ်ကြီး ဘုရား”

ဟု ပြောလိုက်လေ၏ ။

ဘရန်ရှောင်သည် ထိုနေ့က မီးပုံးပြိုင်ပွဲတွင် အနိုင်ရရှိသဖြင့် ကိုယ်တော်မြတ်ကြီးပေးသော ရွှေဖြင့် ပြုလုပ်ထားသည့် ပဒုမ္မာကြာပွင့်လေးကို ရရှိလေ၏။

တိဘက်တို့သည် ကြာပွင့်ကို အလွန်အလေးအနက်ထား၏။ တိဘက်တို့၏ ဆုတောင်းပင် ' ဥုံမဏိပဒ်မေဟုံ ' ဟူသော ဆုတောင်းပါရှိ၏။ ထိုဆုတောင်း၏ အဓိပ္ပာယ်မှာ ကြာပန်းကဲ့သို့ ဖြူစင်သန့်ရှင်းသော မြတ်စွာဘုရားအား ရှိခိုးပါ၏ ဟု အဓိပ္ပာယ်ရ၏။

ကိုယ်တော်မြတ်ကြီးသည် ဘရန်ရှောင်အား ရွှေကြာပန်းလေးကို ကိုယ်တိုင်ဆုတံဆိပ်အဖြစ် ပေးအပ်ပြီး

“ နိုင်ငံ့သားကောင်းဖြစ်အောင် ကြိုးစားပါ၊ သာသနာ့ဝန်ကိုထမ်းပါ၊ အားငယ်သူကို ထောက်ပံ့ပါ ”

ဟု မှာကြားလေသည်။

ဘရန်ရှောင်သည် ကိုယ်တော်မြတ်ကြီး၏ မီးထွန်းပြိုင်ပွဲ၌ ပထမဆုရရှိသဖြင့် လာဆာမြို့ဝန်းကျင်တွင် နာမည်သတင်းကြီးသွားလေ၏။

လာဆာမြို့တော်မှ လူများသည် ဘရန်ရှောင်၏ မီးပုံးကို တကူးတက လာရောက်ကြည့်ရှုပြီး ချီးမွမ်းခန်း ဖွင့်ကြ၏။

*

ဘရန်ရှောင်သည် ဆရာဝမ်၏ ကျောင်းမှ စတုတ္ထတန်းအောင်သောအခါ ထူးဆန်းသော မိတ်ဆွေတစ်ဦး ရရှိခဲ့လေ၏။ ထိုမိတ်ဆွေမှာ ဘရန်ရှောင်တို့ အိမ်အနောက်ဘက်ရှိ အုတ်တံတိုင်းများကာရံသော ခြံကြီးတွင်

လာရောက်နေထိုင်သူဖြစ်၏။

ထိုသူသည် အသက်လေးဆယ်ဝန်းကျင်ရှိပြီး လာဆာမြို့ပေါ်ရှိ မြင်းရိုင်းများကို ယဉ်ပါးအောင် လေ့ကျင့်ပေးသော အလုပ်ကို လုပ်ကိုင်၏။

ထိုသူသည် သန်မာထွားကျိုင်းပြီး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးရှိကာ ခမ်နယ်သားတစ်ဦးဖြစ်ကြောင်း သိရ၏။

တိဘက်ဒေသရှိ ခမ်နယ်သားများသည် ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသန်မာပြီး သူရသတ္တိရှိကြ၏။

တိဘက်ဒေသ ကျောင်းတော်များတွင် ခမ်နယ်သားများကို အစောင့်အကြပ်ခန့်လေ့ရှိ၏။ ထိုသူ၏ နာမည်မှာ မာကျောက်ဖြစ်၏။ ထိုသူသည် လူ့ဂွစာတစ်ဦးဖြစ်ပြီး ပတ်ဝန်းကျင်ရှိ မည်သူနှင့်မျှ အဆက်အသွယ်မလုပ်ဘဲနေလေ၏။

မာကျောက်ဆိုသော လူကြီးသည် မျက်နှာကျောတင်းပြီး ဆက်ဆံရေးခက်ခဲသောကြောင့် သူနှင့်အပေါင်းအဖော်လုပ်မည့်သူ ရှားလှ၏။

သို့သော် မာကျောက်သည် မြင်းရိုင်းများကို ထိန်းကျောင်းရာတွင် ကျွမ်းကျင်လှသဖြင့် မြင်းဆိုးပိုင်ရှင်များသည် မာကျောက်ထံသို့ လာရောက်ရသည်ပင်ဖြစ်၏။

ဆေးသမားတော် အမျိုးသမီးကြီးသည် လူ့ဂွစာကြီးအား ဆက်ဆံရေးညံ့ဖျင်းလှသဖြင့် ကြည့်မရအောင် ဖြစ်နေရှာ၏။

တစ်ကြိမ်က မာကျောက်၏ မြင်းရိုင်းများ ခြံထဲမှလွတ်ထွက်ပြီး ဆေးသမားတော်ကြီး၏ နေလှန်းထားသော ဆေးရွက်ကြီးများကို နင်းချေမိသွား၏။

သူ၏ ဆေးရွက်ကြီးများ ပျက်စီးသွားခြင်းကြောင့် ဆေးသမားတော်ကြီးသည် လူ့ဂွစာကြီး မာကျောက်ကို သွားရောက် ရန်တွေ့လေ၏။

လူ့ငွစာကြီးက တိရစ္ဆာန်များ၏ အသိဉာဏ်မဲ့သော အပြုအမူဖြစ်ကြောင်း ပြောဆိုပြီး မိမိ၌ အပြစ်မရှိကြောင်း မခန့်လေးစား ပြောဆိုလေ၏။

ထိုအခါ ဆေးသမားတော် အမျိုးသမီးသည် ဒေါသအိုးပေါက်ကွဲသွားလေ၏။ ခုံသမာဓိရုံးသို့သွားရောက် တိုင်ကြားမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

ထိုအခါ လူ့ငွစာကြီး မာကျောက်က တဟားဟားရယ်မော၍ ပင်

" ကြိုက်တဲ့ ခုံသမာဓိရုံးမှာ သွားတိုင်၊ ကျုပ် ဂရုမစိုက်ဘူး "

ဟု ပြောဆိုလေ၏။ ထိုအခါ ဆေးသမားတော် အမျိုးသမီးက ဒေါသတကြီးဖြင့် ခံသမာဓိရုံးသို့ သွားရောက်တိုင်ကြားလေ၏။

ခုံသမာဓိရုံးမှ လူကြီးများသည် ဆေးသမားတော် အမျိုးသမီးကြီး၏ ကျေးဇူးနှင့် မကင်းနိုင်သူများဖြစ်၍ လူ့ငွစာကြီးမာကျောက်၏ အမှုအား တရားစီရင်၍ မာကျောက်အား အပြစ်ပေးရန် ပြင်လေ၏။

ထို့ကြောင့် ခုံသမာဓိရုံးမှ ဥက္ကဋ္ဌကြီးသည် စားပွဲခုံကို သစ်သားတူဖြင့် ဝုန်းခနဲထု၍

" ကျုပ်တို့ ခုံသမာဓိအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ဆေးသမားတော်ကြီးကို ဒီအမှုမှာ အနိုင်ပေးလိုက်တယ်၊ သူတစ်ပါးရဲ့ ခြံထဲကို ကျူးကျော်ဝင်ရောက်ပြီး နေလှန်းထားတဲ့ ဆေးရွက်ကြီးတွေကို ပျက်စီးအောင်လုပ်တဲ့အတွက် မြင်းထိန်းကြီးရဲ့ မြင်းရိုင်းတွေမှာ အပြစ်ရှိတယ်၊ ဒါကြောင့် သူတစ်ပါးခြံထဲကို ကျူးကျော်ဝင်ရောက်တဲ့ မြင်းရိုင်းကြီးကို ကိုယ်တော်မြတ်ကြီးရဲ့ တပ်တော်အတွက် သိမ်းပိုက်လိုက်ပြီ "

ဟု အမိန့်တော် ချမှတ်လိုက်လေ၏။ ထိုအခါ လူ့ခွစာကြီးမာကျောက်က တဟားဟား ရယ်မောလိုက်ပြီး

“ ဟား ဟား ဟား ….. ခုံသမာဓိရုံးက ဆုံးဖြတ်တာကို ကျုပ်နာခံပါ့မယ်၊ ဒါပေမယ့် ဥက္ကဋ္ဌကြီး စဉ်းစဉ်းစားစား ဆုံးဖြတ်ပါ၊ တကယ်တော့ ဆေးသမားတော်ကြီးရဲ့ခြံထဲကို ကျူးကျော်ဝင်ရောက်တဲ့ မြင်းရိုင်းကြီးဆိုတာ ခမ်နယ်က ဥက္ကဋ္ဌကြီးကိုယ်တိုင် ကြိုက်နှစ်သက်လွန်းလို့ ဈေးကောင်းပေးပြီး ဝယ်ယူထားတဲ့ မြင်းနက်ကြီးပဲ ”

ဟု ပြောလိုက်ရာ ဥက္ကဋ္ဌကြီးသည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားပြီး

“ ဟင် ….. သမားတော်ကြီးရဲ့ ခြံထဲကို ကျူးကျော်ဝင်ရောက်တာ ကျုပ်ရဲ့မြင်းကြီးဟုတ်လား၊ ဒုက္ခပါပဲ ”

“ ဟား ဟား ဟား ကျုပ်ဆီမှာ မြင်းရိုင်းကြီးကို မအပ်မီ သင်ပုန်းပေါ်မှာရေးတားတဲ့ စည်းကမ်းချက်တွေကို ခင်ဗျားမဖတ်ဘူးလား၊ ခြံထဲက လွတ်ထွက်သွားတဲ့ တိရစ္ဆာန်အတွက် ကျုပ် တာဝန်မယူ ဘူးဆိုတာ မသိဘူးလား ”

ဟု ပြောဆိုလေရာ ခုံသမာဓိလူကြီးသည် မတတ်သာတော့ဘဲ လူ့ဝှစာကြီးကို အရှုံးပေးပြီး မြင်းနက်ကြီးကို အဆုံးခံလိုက်ရလေ၏။

ဘရန်ရှောင်သည် ထိုအချိန်မှစ၍ လူ့ဝှစာကြီးသည် မြင်းရိုင်းများနှင့် ပျော်မွေ့သူတစ်ဦးဖြစ်သော်လည်း ရဲစွမ်း သတ္တိရှိပြီး လက်ရုံးရည်ရှိသူတစ်ဦးဖြစ်ကြောင်း လက်တွေ့သိခဲ့ရ၏။

လာဆာမြို့တော် ဈေးအတွင်း မာလာနှင့်အတူ လှည့်လည်သွားလာရင်း ဈေးဝယ်ခိုက်တွင် လူ့ဝှစာကြီး မာကျောက်၏ အစွမ်းကို မြင်တွေ့လိုက်ရ၏။

ထိုနေ့က ဈေးသို့ လာဆာမြို့တော်၏ လူမိုက်များ ရောက်ရှိလာပြီး ဆင်းရဲသော ဈေးသည်ကလေးများကို နိုင်ထက်စီးနင်းပြုကျင့်၍ မိုက်ကြေးခွဲလေ၏။

ဈေးသည်ကလေးများသည် ဈေးရောင်းမကောင်းသော်လည်း လူမိုက်များ၏ တောင်းဆိုသော ငွေကြေးကို ပေးရ၏။

ဈေးသည်များအနက် ဓမ္မာမုန့် ရောင်းသော လူငယ်လေးတစ်ဦးသည် ဆင်းရဲလွန်းသဖြင့် လူမိုက်များကို ငွေကြေးမပေးနိုင်ကြောင်း တောင်းပန်လေ၏။

ထိုအခါ လူမိုက်ခေါင်းဆောင်က ကလေးငယ်၏ ပါးကို ဖျန်းခနဲချ၍ ဓမ္မာမုန့်များ ထည့်ထားသော တောင်းကို မြေပေါ်သို့ ပေါက်ခွဲလိုက်၏။

လူငယ်လေးသည် ဓမ္မာမုန့်များ ဆုံးရှုံးသွားသဖြင့် ငိုယိုပြီး မုန့်များကို မြေပေါ်မှ လိုက်ကောက်လေ၏။ လူမိုက်ခေါင်းဆောင်သည် တဟားဟား ရယ်မော၍ မုန့်များကို ခြေဖြင့် နင်းချေလေ၏။

ဈေးသူ ဈေးသားများသည် ကလေးငယ်၏ အဖြစ်ကို ကရုဏာသက်စွာဖြင့် ကြည့်ရှုနေကြ၏။ သို့သော် ကလေးငယ် ဘက်မှာ ရပ်တည် ပြီး လူမိုက်များကို မည်သူမျှ မလွန်ဆန်ဝံ့ချေ။

ထိုအခိုက်မှာပင် လူမိုက်များရှိရာသို့ လူ့ဝွစာကြီးမာကျောက်ရောက်ရှိလာပြီး လူမိုက်ခေါင်းဆောင်၏ ပါးကိုဖျန်းခနဲချကာ

“ မင်းတို့ အတော်သတ္တိကောင်းတဲ့ကောင်တွေပဲ၊ ကလေးတစ်ယောက်ကို အနိုင်ကျင့်စော်ကားတာ မရှက်ဘူးလား ”

ဟု ကြိမ်းမောင်းလေ၏။

လူမိုက်ခေါင်းဆောင်သည် လူအများ၏ ရှေ့တွင် သူ၏ ပါးကို အရိုက်ခံ၍ လွန်စွာ ဒေါသူပုန်ထသွားပြီး တက်ခေါက်က

“ တောက် ….. ကျုပ်လိုလူကို စော်ကားဝံ့တဲ့သူ သေဖို့သာ ပြင်ပေတော့ ”

ဟု ကြုံးဝါးကာ ခါးကြားမှ ဓါးမြှောင်ကို ထုတ်၍ လူ့ဝွစာကြီးမာကျောက်အား ထိုးစိုက်လိုက်လေ၏။

လူ့ဝွစာကြီးသည် လူမိုက်ခေါင်းဆောင်၏ ဓါးကိုင်လက်ကို ချုပ်ကိုင်၍ လိမ်ချိုးလိုက်ရာ ထိုသူသည် မြေပေါ်သို့ ဒူးထောက်ကြသွားလေ၏။ ထိုအခါမှပင်

လူမိုက်ခေါင်းဆောင်၏ ကျောကုန်းကို ဖနောင့်ဖြင့် နင်း၍

“ ကလေးကို စော်ကားတဲ့ကောင်၊ မင်းရဲ့ကျောကို ခြေနဲ့နင်းပြီး တစ်သက်လုံး ဒုက္ခိတဖြစ်သွားမယ် နားလည်လား ”

ဟု ခြိမ်းခြောက်လိုက်လေ၏။ ထိုအခါ လူမိုက်ခေါင်းဆောင်သည် လူ့ဝွစာကြီးကို အရှုံးပေး၍ လွှတ်ပေးရန် တောင်းပန်လေ၏။

ထိုအခါမှပင် လူ့ဝွစာကြီးက တဟားဟား ရယ်မော၍

“ ဟား ဟား ဟား ..... လူမိုက်ကြီးလုပ်ပြီး ငါ့ဖနောင့်အောက်ရောက်နေတာ မရှက်ဘူးလား၊ ငါ့ဆီက လွှတ်ချင်ရင်တော့ ဓမ္မာမုန့်ပျက်စီးသွားတဲ့ ကလေးငယ်အတွက် ငွေဒင်္ဂါးဆယ်ပြားတိတိ အလျော်ပေးရမယ်၊ လူမိုက်ဆီက မိုက်ကြေးခွဲတယ်လို့ မထင်နဲ့နော်၊ ကလေးငယ်အတွက် လျော်ကြေးတောင်းတာပါ ”

ဟု ပြောဆိုလေ၏။

ထိုအခါ လူမိုက်ခေါင်းဆောင်သည် မတတ်သာတော့ဘဲ ငွေဒင်္ဂါးဆယ်ပြားကို စုဆောင်း၍ ပေးအပ်လိုက်ရလေ၏။ ထိုမြင်ကွင်းကို ကြည့်၍ ဈေးသူဈေးသားများသည် လူ့ဝွစာကြီး မာကျောက်၏ အစွမ်းကို ချီးမွမ်းကြလေ၏။

ဘရန်ရှောင်သည် လူ့ဝွစာကြီး အစွမ်းကို လက်တွေ့ မြင်တွေ့ခွင့်ရသဖြင့် လွန်စွာ သဘောကျသွားပြီး လူ့ဝွစာကြီး၏ အားနည်းသူဘက်မှ ရပ်တည်လိုသော စိတ်ဓာတ်ကို နှစ်သက်သွားလေ၏။

လူ့ဝွစာကြီးအစွမ်းကို မြင်တွေ့ခွင့်ရပြီးနောက် ၎င်းထံတွင် ပညာသင်ချင်စိတ်များ ဖြစ်ပေါ်လာလေ၏။

တစ်နေ့သ၌ လူ့ဝွစာကြီး၏ ခြံသို့ ကိုယ်တော်မြတ်၏ မြင်းသည်တော်များ ရောက်ရှိလာသဖြင့် တအံ့တသြ ကြည့်ရှုမိလေ၏။ လူ့ဝွစာကြီးနှင့်

ကိုယ်တော်မြတ်၏ မြင်းသည်တော်များ မည်သို့မျှ ဆက်စပ်မရပေ။

ကိုယ်တော်မြတ်ကြီး၏ အလွန်တန်ဖိုးရှိသော မြင်းဖြူကြီးတစ်ကောင်ကို လေ့ကျင့်ပေးရန် မြင်းသည်တော်များ လာရောက်ကြောင်းသိရ၏ ။

ထို့နောက် နှစ်ရက်ခန့်ကြာသောအခါ ကိုယ်တော်မြတ်ကြီး၏ တန်ဖိုးရှိသော မြင်းဖြူကြီးကို လူ့ဂွစာကြီး၏ ခြံသို့ အခမ်းအနားဖြင့် သယ်ဆောင်လာလေ၏ ။

တိဘက်ဒေသတွင် ကိုယ်တော်မြတ်ကြီးစီးသော မြင်းကို တိရစ္ဆာန်ပင်ဖြစ်စေကာမူ ဘုန်းတန်ခိုးကြီးလှသော မြင်းတော်ဟု လေးလေးစားစား ခေါ်ယူရ၏ ။

ကိုယ်တော်မြတ်၏ မြင်းဖြူကြီးသည် လူ့ဂွစာကြီး၏ ခြံသို့ရောက်ရှိလာခြင်းကို လာဆာမြို့တော် တစ်ဝှမ်းလုံး သိရှိသွားလေ၏ ။

ထို့ကြောင့် အချို့သော မြင်းဝါသနာအိုးများသည် လူ့ဂွစာကြီး၏ ခြံသို့ ရောက်အောင်လာပြီး ကိုယ်တော်မြတ်ကြီး၏ မြင်းတော်ကို ကြည့်ရှုရန် ကြိုးပမ်းကြ၏ ။

လူ့ဂွစာကြီးသည် မြင်းတော်၏ လုံခြုံရေးအတွက် အရေးကြီးလှသဖြင့် မည်သူ့ကိုမျှ ကြည့်ရှုခွင့် မပေးချေ။ ထို့ကြောင့် လူ့ဂွစာကြီး၏ ခြံတွင် မြင်းတော်ကို ကြည့်ရှုလိုသူများ နေ့စဉ်ဝိုင်းအုံနေလေ၏ ။

ဘရန်ရှောင်သည် မြင်းဝါသနာအိုး မဟုတ်သော်လည်း မွန်ဂိုလီးယားမှလာသော ရှားပါးသည့် မြင်းသည်တော်ကြီးကို ကြည့်ရှုလို၏ ။ ထို့ကြောင့် ဆေးသမားတော်ကြီး၏ အိမ်ခေါင်မိုးပေါ်သို့ တက်၍ လူ့ဂွစာကြီး၏ ခြံဝန်းအတွင်းသို့ ကြည့်ရှုလေ၏ ။

လူ့ဂွစာကြီးသည် မြင်းတော်ရောက်ရှိသည့် အချိန်မှစ၍

အခြားမြင်းများကို လက်မခံဘဲ တစ်ကောင်တည်း လေ့ကျင့်လေ၏။

မြင်းတော်သည် တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူပြီး အလွန်လှပသော မြင်းတစ်မျိုးဖြစ်၏။ ဘရန်ရှောင်သည် လူ့ဂွစာကြီး မြင်းလေ့ကျင့်နေပုံကို သဘောကျလှ၍ နေ့စဉ်ချောင်းမြောင်းကြည့်ရှုလေ၏။

လူ့ဂွစာကြီးသည် မြင်းတော်ကို အပြေးကောင်းစေရန် အမျိုးမျိုးလေ့ကျင့်ပေး၏။ လူ့ဂွစာကြီး၏ လေ့ကျင့်မှုကြောင့် မြင်းတော်သည် တစ်နေ့တစ်ခြား ယဉ်ပါးလာ၏။

လူ့ဂွစာကြီး၏ ခြံရှေ့တွင်မူ မြင်းဝါသနာအိုးများသည် မြင်းတော်ကို မမြင်ရသဖြင့် လက်လျှော့ပြီးပြန်သွားလေ၏။

တစ်ညသ၌ ဘရန်ရှောင်သည် အိပ်မပျော်သဖြင့် ခြံထဲသို့ ဆင်းကာ ဆေးသမားတော်ကြီး၏ ဆေးပင်များကို ရေလောင်းနေလေ၏။ ထိုအခိုက်မှာပင် ထူးဆန်းသော ပုလွေသံကို ခြံပတ်ဝန်းကျင်မှ ကြားရလေ၏။

ဘရန်ရှောင်သည် ပုလွေသံကြောင့် ဆေးသမားတော် အမျိုးသမီးကြီး၏ ခြံအနောက်မှ ထွက်လိုက်ပြီး အသံရှင်ကို ရှာဖွေလေ၏။

ထိုအခါ ခြံအနောက်ဘက်ရှိ ဝါးရုံတောစပ်တွင် မီးအိမ်တစ်လုံး လင်းလက်နေကြောင်း တွေ့ရလေ၏။ မီးအိမ်၏ အလင်းရောင်ဖြင့် ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ဦး၏ သဏ္ဍာန်ကို မြင်ရ၏။

ထိုအမျိုးသမီးထံမှ ပုလွေသံ ထွက်ပေါ်လာခြင်းဖြစ်၏။ ဘရန်ရှောင်သည် ပုလွေမှုတ်နေသော အမျိုးသမီးကို အနီးကပ်ကြည့်ရှုရန် ဆုံးဖြတ်လိုက်ပြီး ဝါးရုံတောအနီးသို့ တိုးကပ်သွားလေ၏။

ထိုအခါ မီးရောင်ဖြင့် ပုလွေမှုတ်နေသော အမျိုးသမီး၏ မျက်နှာကို မြင်ရသောအခါ အသက်လေးဆယ် ဝန်းကျင်မျှရှိကြောင်း တွေ့ရ၏။

ဘရန်ရှောင်သည် ထူးဆန်းသော အမျိုးသမီးကို အံ့ဩဟန်ဖြင့် ကြည့်ရှုနေစဉ် လူ့ဂွစာကြီး မာကျောက်သည် အမျိုးသမီးကြီးထံသို့ ရောက်ရှိလာကြောင်း တွေ့ရ၏ ။

လူ့ဂွစာကြီးနှင့် ထူးဆန်းသော အမျိုးသမီးကြီး မည်သို့ ဆက်စပ်နေသည် မသိချေ။ ဘရန်ရှောင်သည် ၎င်းတို့ကို တိတ်တခိုးကြည့် ရှုနေစဉ် လူ့ဂွစာကြီးက အမျိုးသမီးကြီးအား

“ မင်းရောက်လာပြန်ပြီ၊ မင်း ငါ့ကို ဘာတွေ ဒုက္ခပေးဦးမလို့လဲ ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ အမျိုးသမီးကြီးက မဲ့ပြုံးပြုံး၍

“ ရှင် ကျောင်းတော်ကရန်စကို မေ့နေပြီလား၊ ကျွန်မအသက်ရှင်နေသရွေ့ ရှင့်ကို ဒုက္ခပေးမှာပဲ ”

ဟု နာကြည်းဟန်ဖြင့် ပြောလေ၏ ။

ထိုအခါ လူ့ဂွစာကြီး ခေါင်းခါရမ်း၍

“ ငါတို့ အသက်တွေလည်း ကြီးနေပါပြီ၊ အတိတ်ကို အတိတ်မှာဘဲ ထားလိုက်ပါတော့ကွာ ”

ဟု ပြောလေ၏ ။ ထိုအခါ အမျိုးသမီးကြီးက ဒေါသတကြီးဖြင့်

“ မထားနိုင်ဘူး၊ ရှင့်အတွက်ကြောင့် ကျွန်မရဲ့သားလေး သေဆုံးခဲ့ရတာ ၊ ဒီရန်ကြွေးကို ရှင်ပေးဆပ်ရမယ် ”

ဟု ပြောကာ လူ့ဂွစာကြီး မာကျောက်ကို စကားမဆိုတော့ဘဲ လွှမ်းမောဖွယ်ကောင်းသော တေးသွားတစ်ပုဒ်ကို ပုလွေသံဖြင့် သရုပ်ဖော်လေ၏ ။

လူ့ဂွစာကြီးသည် အမျိုးသမီးကြီး၏ လွှမ်းမောဖွယ် ပုလွေသံကို နားဆင်နေပြီး သီချင်းပြီးဆုံးသောအခါ ခေါင်းခါယမ်း၍

“ မင်းရဲ့ကလေးသေဆုံးတဲ့အတွက် ငါ့မှာ အပြစ်ရှိပါတယ်၊ ဒါဟာ မတော်တဆဖြစ်တဲ့ ဖြစ်ရပ်တဲ့၊ ငါဘာတတ်နိုင်မှာလဲ နောက်ပြီးတော့ မင်းက ငါ့ကို လက်စားချေဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပြီးပြီ၊ ဒါပေမယ့် ဘယ်တုန်းက အောင်မြင်လို့လဲ၊ မင်းရဲ့စိတ်ကို လျှော့လိုက်ပါတော့ကွာ ”

ဟု ပြောဆိုလေ၏ ။

ထိုအခါ အမျိုးသမီးကြီးက တဟားဟား ရယ်မော၍

“ ဟား ဟား ဟား .... ဟုတ်တယ်၊ ရှင့်ကို လက်စားချေဖို့အတွက် ကျွန်မ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ဘယ်တုန်းကမှ မအောင်မြင်ခဲ့ဘူး၊ အလွန်ဝေးလံခေါင်သီတဲ့ တရုတ်ပြည်ကတော် လာခဲ့ရတယ်၊ ဒီတစ်ကြိမ်တော့ ရှင့်ကို ကျိန်းသေလတ်စားချေနိုင်မှာပဲ ”

ဟု ပြောလေ၏ ။

ထိုအခါ လူ့ဂွစာကြီးက အမျိုးသမီးကြီးကို မျက်မှောင်ကြုတ်ကြည့်၍

“ မဖြစ်ဘူးထင်တယ်၊ မင်းငါ့ကို ဘယ်လိုလက်စားချေမှာလဲ ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ အမျိုးသမီးကြီးက တဟားဟားရယ်မော၍

“ ဟား ဟား ဟား ... ရှင့်ကို လက်ရုံးရည်ချင်း မယှဉ်နိုင်တာနဲ့ဘဲ ကျွန်မက အရှုံးပေးရတော့မှာပါလား၊ နှလုံးရည်ချင်း ယှဉ်ပြိုင်ပြီး အနိုင်ယူနိုင်သေးတယ် ”

ဟု ပြောလေ၏ ။ ထိုအခါ လူ့ဂွစာကြီးက

“ မင်းမှာ ဘယ်လို ကောက်ကျစ်တဲ့ အကြံတွေရှိသေးသလဲ ”

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါ အမျိုးသမီးကြီးက

“ ဟင်း ဟင်း ဟင်း .... ရှင့်ကို ကျွန်မ

ကိုယ်ထိလက်ရောက်လက်စားမချေရပေမယ့် ရှင့်ရဲ့ဘဝပျက်အောင် လုပ်လို့ရတယ်၊ ခုလောက်ဆိုရင် ရှင်ထိန်းကျောင်းတဲ့ ကိုယ်တော်မြတ်ကြီးရဲ့ မြင်းတော်ဟာ ပင့်ကူနီတွေ လက်ချက်နဲ့ အသက်ဆုံးနေလောက်ပြီ ”

ဟု ပြောလေရာ လူ့ဂွစာကြီးက အလွန်ထိတ်လန့်အံ့ဩသွားပြီး

“ ဘာ .... ဟိမဝန္တာမှာရှိတဲ့ ပင်ကူနီကြီးတွေလား ”

ဟု အလောတကြီး မေးမြန်းလေ၏ ။ ထိုအခါ အမျိုးသမီးကြီးက

“ သိပ်ဟုတ်တာပေ့ါရှင်၊ မြင်းတွေတင်မကဘူး၊ ကျားတွေဆင်တွေတောင် တုန်းခနဲလဲသွားနိုင်တယ် ”

ဟု ပြောလေရာ လူ့ဂွစာကြီးသည် အမျိုးသမီးကြီး၏ စကားကို ဆုံးအောင် နားမထောင်နိုင်တော့ဘဲ မြင်းတော်ရှိရာသို့ အလောတကြီး ပြေးလေ၏ ။

ဘရန်ရှောင်သည် ၎င်းတို့၏ စကားကိုနားထောင်ပြီးနောက် ကိုယ်တော်မြတ်ကြီး၏ မြင်းတော်ကြီးအတွက် အလွန်စိုးရိမ်သွားလေ၏ ။

အမျိုးသမီးကြီးကမူ မြင်းတော်ရှိရာသို့ အထိတ်တလန့် ပြေးဝင်သွားသော လူ့ဂွစာကြီးနောက်ကျောကို ကြည့်၍

“ ဟား ဟား ဟား ..... ကိုယ်တော်မြတ်ကြီးရဲ့ မြင်းတော်သေဆုံးသွားတဲ့အတွက် ရှင်ကောင်းကောင်း ဒုက္ခရောက်ပြီ၊ ကျွန်မသားလေး အသက်ဆုံးရသလို ရှင့်ဘဝလည်းပျက်ပြီ၊ ဒီအတွက် ကျွန်မ သိပ်ဝမ်းသာတယ်၊ ရှင့်ကို ကျွန်မလက်စားချေခွင့်ရပြီ ”

ဟု ကြွေးကြော်ရင်း ဝါးရုံတောနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏ ။

ဘရန်ရှောင်သည် ကိုယ်တော်မြတ်၏ မြင်းတော်အတွက် လွန်စွာစိုးရိမ်နေသဖြင့် လူ့ဂွစာကြီးနောက်သို့ အပြေးအလွှား လိုက်ခဲ့လေ၏ ။

မြင်းတော် ထားရှိရာ သီးသန့်မြင်းဇောင်းသို့ရောက်သောအခါ မြင်းတော်၏ အနီးတွင် အလွန်များပြားသော ပင့်ကူနီများကို တွေ့ရပြီး လူ့ဂွစာကြီးသည် ဓါးရှည်တစ်လက်ဖြင့် ပင့်ကူနီများကို လိုက်လံခုတ်ပိုင်းနေကြောင်း တွေ့ရ၏။

သို့သော် မြင်းဇောင်းအနှံ့တွင် ရောက်ရှိနေသော ပင့်ကူနီများသည် အလွန်များပြားပြီး တရွေ့ရွေ့သွားလာနေသဖြင့် ပင့်ကူနီများကို လူ့ဂွစာကြီးတစ်ယောက်တည်း မသုတ်သင်နိုင်ဘဲရှိလေ၏။

ဘရန်ရှောင်သည် ပင့်ကူနီများကို ကြည့်၍ ဆေးသမားတော် အမျိုးသမီးကြီး၏ စကားကို အမှတ်ရလာလေ၏။

မိမိသည် အလွန်ရှားပါးသော နတ်ဆေးပင်ကို မမျှော်လင့်ဘဲ စားမိသဖြင့် နတ်ဆေးပင်၏ အစွမ်းကြောင့် ကမ္ဘာပေါ်ရှိ မည်သည့် အဆိပ်ကို မဆို နှိမ်နင်းနိုင်ကြောင်း ဆို၏။

ဘရန်ရှောင်သည် နတ်ဆေးပင်အစွမ်းဖြင့် ပင့်ကူနီများကို နှိမ်နင်းလိုစိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် မြင်းဇောင်း၏ အမိုးပေါ်သို့ ခိုးဆွဲတက်ပြီး မြင်းဇောင်းအတွင်းသို့ လျင်မြန်စွာ ခုန်ချလိုက်လေ၏။ ထိုအခါ လူ့ဂွစာကြီး မာကျောက်သည် ဘရန်ရှောင်ကို အထိတ်တလန့်ကြည့်၍

“ ဟေ့ကောင်လေး၊ မြန်မြန်နောက်ဆုတ်စမ်း၊ ပင့်ကူနီတွေက အဆိပ်ပြင်းတယ်၊ မင်းသေသွားလိမ့်မယ်”

ဟု မောင်းနှင်ထုတ်လေ၏။ ဘရန်ရှောင်က ခေါင်းခါ၍

“ ကျုပ်အတွက်မပူပါနဲ့၊ မြင်းတော်အတွက်က အရေးကြီးတယ်၊ ပင့်ကူနီတွေကို ကျုပ်လည်း ကူညီနှိမ်နင်းပေးမယ်”

ဟု ပြောကာ အနီးရှိ တုတ်တစ်ချောင်းကို ကိုင်၍ ပင့်ကူနီများ အကြားသို့ တိုးဝင်ပြီး တုတ်ဖြင့် ရိုက်လေ၏။ ဘရန်ရှောင်၏ ရဲတင်းသော အပြုအမူကြောင့် လူ့ဂွစာကြီး စိုးရိမ်တကြီးဖြင့်

" ဟေ့ကောင်လေး၊ အတင့်မရဲနဲ့၊ ပင့်ကူနီတွေက အဆိပ်သိပ်ပြင်းတယ် "

ဟု တားဆီးလေ၏။

သို့သော် ဘရန်ရှောင်သည် နောက်မဆုတ်ဘဲ ပင့်ကူများကို ရိုက်နှက်ခြင်း၊ ခြေထောက်ဖြင့် နင်းခြေခြင်း တို့ကို ရဲဝံ့စွာ ပြုလုပ်လေ၏။

ဘရန်ရှောင်၏ အပြုအမူကို လူ့ဂွစာကြီးသည် အထိတ်တလန့်ကြည့်၍

"ဟာ .... ဒီကောင်လေး သေတော့မှာပဲ၊ နောက်ဆုတ်ဆိုတာ ပြေးလို့မရဘူးလား၊ ကိုယ့်အသက်ကို မနှမြောဘူးလား" ဟုအော်ဟစ်လေ၏။ ဘရန်ရှောင်သည် လူ့ဂွစာကြီး၏ သတိပေးစကားကို နားမဝင်ဘဲ ပင့်ကူနီများကိုသာ အလောတကြီး လိုက်လံနှိမ်နှင်းလေ၏။

ပင့်ကူနီများကို ပြင်းထန်စွာ တိုက်ခိုက်လိုက်ရသဖြင့် ပင့်ကူနီတစ်ချို့သည် ဘရန်ရှောင်၏ ကိုယ်ပေါ်သို့ တွယ်ကပ်တက်ပြီး ကိုက်ခဲလေ၏ ။

လူ့ဂွစာကြီးသည် ဘရန်ရှောင်အတွက် အလွန်စိုးရိမ်သွားပြီး လက်ထဲရှိဓါးဖြင့် ပင့်ကူနီများကိုလိုက်လံခုတ်ထစ်လေ၏။ သို့သော် ဘရန်ရှောင်၏ ကိုယ်ပေါ်သို့ တွယ်ကပ်တက်သော ပင့်ကူများသည် ခြေလက်များကို ကိုက်ခဲပြီးဖြစ်လေ၏။

ပင့်ကူနီများ၏ ကိုက်ခဲခြင်းခံရလျှင် မခံမရပ်နိုင်အောင် နာကျင်ပြီး တုန်းခနဲလဲကျနိုင်၏။ သို့သော် ဘရန်ရှောင်သည် ပင့်ကူနီများကို ဂရုမစိုက်ဘဲ အပြင်းအထန် လိုက်လံနှိမ်နှင်းရာ ပင့်ကူနီများ တစ်ကောင်ပြီးတစ်ကောင်

ပျက်စီးခြင်းသို့ ရောက်လေ၏။

နောက်ဆုံးတွင် ပင့်ကူနီများအားလုံး ဘရန်ရှောင်၏ လက်ချက်ကြောင့် ပျက်ဆီးသွားသဖြင့် လူ့ဂွစာကြီးက မယုံနိုင်ဟန်ဖြင့်ကြည့်ပြီး

“ ဟင် ..... မင်း ပင့်ကူနီတွေ ကိုက်တာခံရတယ်၊ ဒီလောက်အဆိပ်ပြင်းတဲ့ကောင်တွေကိုက်တာ ဘာမျှမဖြစ်ဘူးလား၊ ထူးဆန်းလှချည်းလား၊ ငါ့မျက်စိတောင် မယုံချင်ဘူး ”

ဟု ပြောလေ၏။

ဘရန်ရှောင်သည် လူ့ဂွစာကြီးအမေးကို ဖြေရန် ပြင်နေစဉ် မြင်းတော်၏ အနီးသို့ ရောက်နေသော ပင့်ကူနီတစ်ကောင်ကို မြင်ရ၍ လွန်စွာ စိုးရိမ်ထိတ်လန့်သွားပြီး ခုန်လွှားကာ ပင့်ကူနီကို လက်ဖြင့် ဖိချေလိုက်လေ၏။

လူ့ဂွစာကြီးသည် ပင့်ကူကို ရဲတင်းစွာ ကိုင်တွယ်နေသော ဘရန်ရှောင်အား ထိတ်လန့်အံဩဟန်ဖြင့်ကြည့်၍

“ဟင်......မင်းကို ပင့်ကူမကိုက်ဘူးလား၊ ဒီလောက် အဆိပ်ပြင်းတဲ့ ပင့်ကူတွေကို မကြောက်ဘူးလား”

ဟုမေးမြန်းလေ၏။ ဘရန်ရှောင်က လူ့ဂွစာကြီး၏ အမေးကို မဖြေနိုင်သေးဘဲ မြင်းစောင်းထဲတွင် ပင့်ကူနီများရှိမရှိ လှည့်လည်ကြည့်ရှုလေ၏။ ပင့်ကူနီများကင်းရှင်းသွားသောအခါမှာပင် မြေပြင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်လိုက်ပြီး

“ ပင့်ကူနီတွေရန်က စိတ်ချရပါပြီဗျား၊ ကျုပ်ကမြင်းတော်ကြီးအတွက် စိုးရိမ်နေတာဗျ ”

ဟု ပြောလေရာ လူ့ဂွစာကြီးက ဘရန်ရှောင်ကို မယုံနိုင်ဟန်ဖြင့်ကြည့်၍

“ ကိုယ်တော်မြတ်ကြီးရဲ့မြင်းကြီးတော့ မင်းကယ်တင်လိုက်လို့

ပင့်ကူနီရန်က ဝေးသွားပါပြီဗျာ၊ မြင်းတော်ကြီးအတွက် ပင့်ကူနီတွေကို မကြောက်မရွံ့ကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ ကိုယ်တော်မြတ်ကြီးရဲ့ မြင်းကြီးသာသေရင် အတော်ဖြေရှင်းရမှာကွ၊ မြင်းတွေကို ထိန်းကျောင်းတဲ့ ငါ့ရဲ့အသက်မွေးဝမ်းကြောင်းအလုပ်ပျက်စီးသွားနိုင်တယ်၊ ဒါနဲ့ နေပါဦး ပင့်ကူနီတွေဟာ လူကို သေစေနိုင်တယ်၊ အလွန်အဆိပ်ပြင်းတယ်ဆိုတာ မင်းမသိဘူးလား ”

ဟု မေးမြန်းလေ၏ ။

ဘရန်ရှောင်က ခေါင်းညိတ်၍

“ ပင့်ကူနီတွေဟာ အလွန်ကြောက်ဖို့ကောင်းတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဆေးသမားတော်ပြောပြလို့ ပင့်ကူနီကိုက်ရင် အကိုက်ခံရတဲ့လူဟာ သွေးခဲပြီး တုန်းခနဲလဲကျတယ်ဆိုတာ ကြားဖူးတယ်၊ ဒါပေမယ့် ကျုပ်ငယ်စဉ်က အလွန်ရှားပါးတဲ့ နတ်ဆေးပင်ဆိုတာကို မမျှော်လင့်ဘဲစားလိုက်ရတယ်၊ ဒီလို စားလိုက်ရတဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ အဆိပ်အမျိုးမျိုးကို အောင်မြင်နိုင်ကြောင်းသိရတယ်၊ ဒါပေမယ့် ပင့်ကူနီတွေကို ရုတ်တရက်မြင်တော့ နတ်ဆေးပင် အစွမ်းမထွက်ဘူးဆိုရင် ကျုပ်အသက်ဆုံးရှုံးမှာကို စိုးရိမ်မိတယ်၊ နောက်ဆုံးတော့ မြင်းဖြူကြီး အန္တရာယ်ဖြစ်မှာစိုးလို့ အရဲစွန့်ပြီး ပင့်ကူနီတွေကို တိုက်ခိုက်ရတာ ပဲ ”

ဟု ရှင်းပြလေ၏ ။

ထိုအခါ လူ့ဂွစာကြီးက

“ ဩော် မင်းက အတော်ကံထူးတဲ့ကောင်ပဲ၊ နတ်ဆေးပင်ဆိုတာ လူတစ်သန်းမှာ တစ်ယောက်စားရဖို့ မလွယ်ကူဘူးကွ၊ နတ်ဆေးပင်ရဲ့အစွမ်းကြောင့် ပင့်ကူနီတွေရဲ့ အဆိပ်ဟာ မင်းရဲ့ခန္ဓာကိုယ်ကို မတိုးနိုင်တာပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် မင်းဟာ ငါ့ရဲ့ ကျေးဇူးရှင်ဖြစ်သွားပြီ၊ မြင်းတော်ကြီးသာ အသက်ဆုံးမယ်ဆိုရင်

ပေါ်တလနန်းတော်ကို ငါဘယ်လိုမျက်နှာ ပြရမလဲ မသိဘူး ”

ဟု ပြောလေရာ ဘရန်ရှောင်က မြင်းဖြူကြီး၏ ပခုံးကို ဖက်၍

“ မြင်းဖြူကြီးက သိပ်လှတယ်၊ တိဘက်မှာ ဒီလောက်လှတဲ့ မြင်းတစ်ခါမှ မတွေ့ဖူးဘူး၊ ဒါကြောင့် မြင်းဖြူကြီးသေမှာ ကျုပ်စိုးရိမ်တယ်၊ ခင်ဗျားနဲ့ မြင်းဖြူကြီး ညနေတိုင်းခြံဝင်းထဲမှာ ရှိနေတာမြင်ဖူးတယ်၊ ကျုပ်ချောင်းနေမိတာ စိတ်မဆိုးပါနဲ့ ”

“ စိတ်မဆိုးပါဘူးကွာ၊ မင်းနဲ့ငါ မိတ်ဆွေတွေဖြစ်သွားပြီပဲ၊ နောက်မြင်းဖြူကြီးကို ကြည့်ချင်ရင် အုတ်တံတိုင်းကို ကျော်ပြီး ငါ့ခြံထဲကိုလာခဲ့ ”

ဟု ပြောလေ၏ ။

ထိုအခါ ဘရန်ရှောင်သည် လူ့ဂွစာကြီးစကားကြောင့် အလွန်ပျော်ရွှင်သွားပြီး

“ ဟာ ….. ခင်ဗျားတကယ်ပြောတာလား၊ မြင်းဖြူကြီးကို ကျုပ်အနီးကပ်ကြည့်ချင်နေတာဗျ ”

ဟု ပြောလေ၏ ။

ထိုအခါ လူ့ဂွစာကြီးက

“ ကြည့်ချင်ရင်နောက်နေ့ကစပြီး ငါ့ခြံထဲကို နေ့တိုင်းလာခဲ့၊ မင်းရှိနေမယ်ဆိုရင် မြင်းဖြူကြီးအတွက်လည်း အစောင့်အကြပ်ရတာ ပေါ့ကွာ ”

ဟု ပြောလေ၏ ။

ဘရန်ရှောင်သည် ထိုနေ့မှစ၍ လူ့ဂွစာကြီးနှင့် ခင်မင်ရင်းနှီးသွားလေ၏ ။ သူသည် ညနေတိုင်း လူ့ဂွ စာကြီး၏ ခြံသို့သွားကာ မြင်းကြီးကို ဆော့ကစားလေ၏ ။

လူ့ဝွစာကြီးသည် မြင်းကြီးကို လေ့ကျင့်ပေးရင်း ဘရန်ရှောင်နှင့်အတူ သိုးသားဟင်းကို ချက်ပြုတ်စားလေ၏ ။

လူ့ဝွစာကြီးသည် သိုးသားဟင်း ချက်ပြုတ်ရာတွင် အလွန်ကျွမ်းကျင်လေ၏ ။ မွှေးပျံ့သော ရနံ့များထွက်အောင် ချက်ပြုတ်ထား၏ ။

ဘရန်ရှောင်သည် လူ့ဝွစာကြီး၏ သိုးသာဟင်းကို စားသောက်ပြီး အလွန်အရသာရှိသဖြင့်

“ ခင်ဗျားရဲ့ဟင်းက အရသာသိပ်ရှိတယ်နော်၊ မွှေးလည်း အလွန်မွှေးတယ် ”

ဟု ချီးမွမ်းလေရာ လူ့ဝွစာကြီးက ရယ်မော၍

“ ဟား ဟား ဟား .... ဒါက အိန္ဒိယ လူမျိုးတွေရဲ့ ချက်ပြုတ်နည်းကွ၊ တိဘက်တွေ ဘယ်စားဖူးမလဲ၊ ဟင်းထဲမှာပါတဲ့ မွှေးပျံ့တဲ့ ရနံ့တွေဟာ ဟင်းခတ်အမွှေးအကြိုင်တွေပဲ ”

ဟု ပြောလေရာ ဘရန်ရှောင်က တစ်စုံတစ်ရာကို သတိရ၍

“ ဟင် ... စောစောတုန်းက အသားဟင်းတွေ ချက်ရင်း သတ္တဝါတွေအတွက် ခင်ဗျားဆုမတောင်းဘူးနော် ”

တအံ့တသြမေးမြန်းလေ၏ ။

တိဘက်တွင် သတ္တဝါများကို သတ်ဖြတ်စားသောက်သောဓလေ့မရှိပေ။ သဘာဝ အတိုင်းသေဆုံးသော သတ္တဝါ၏ အသားကိုသာ စားကြ၏ ။

ထိုသတ္တဝါ၏ အသားကို မချက်ပြုတ်မီ ထိုသတ္တဝါ ကောင်းရာမွန်ရာ ဘဝသို့ရောက်အောင် ဆုတောင်းပေးရ၏ ။

လူ့ဝွစာကြီးသည် မိမိချက်ပြုတ်သော အသားအတွက် ဆုတောင်းပေးခြင်းမရှိသဖြင့် ဘရန်ရှောင်သည် အလွန်အံ့သြနေလေ၏ ။

လူ့ဝွစာကြီးက တဟားဟားရယ်မော၍

“ သေသွားတဲ့သတ္တဝါကို ထိုင်ပြီးဆုတောင်းပေးရုံနဲ့ ကောင်းရာမွန်ရာဘဝကို ရောက်မယ်ဆိုတာ ငါမယုံဘူးကွ၊ လောကမှာဆုတောင်းတိုင်းသာ ပြည့်ရမယ်ဆိုရင် လူတွေဟာ ဘာအလုပ်မှလုပ်ပဲ ဘုရားရှေ့မှာထိုင်ပြီး လိုချင်တာကို ဆုတောင်းနေတော့မှပေါ့ကွ၊ ဗုဒ္ဓကိုယ်တိုင်က မိမိကိုယ်သာမိမိ ကိုးကွယ်ရာလို့ ပြောခဲ့တယ်လေကွာ၊ လောကမှာ ကိုယ်လုပ်မှကိုယ်ရမယ်၊ အလုပ်မလုပ်ဘဲ ထိုင်ပြီါဆုတောင်းနေရင် ပါးစပ်ညှောင်းတာဘဲ အဖက်တင်လိမ့်မယ်၊ ငါတို့ တိဘက်တွေဟာ ဆုတောင်းတယ်၊ အိမ်မှာနေရင်းလည်းဆုတောင်းတယ်၊ ဆုတောင်းစရာမရှိရင် ခရီးသွားတဲ့ တိရစ္ဆာန်တွေအတွက်တောင် ထိုင်ပြီး ဆုတောင်းတယ်၊ ဥုံမဏိပဒ်မေဟုံ လို့ရွတ်ဆိုနေရင်ပဲ အရာရာပြီးပြည့်စုံတယ်လို့ ထင်မှတ်ကြတယ် ”

ဟု ပြောလေရာ ဘရန်ရှောင်သည် လူ့ဝွစာကြီး၏ စကားကို အလွန်နှစ်သက်သွားလေ၏ ။ သူသည် နေရာတကာ ဆုတောင်းလေ့ရှိသော သူများကို အမြဲတွေ့ရ၏ ။

ထိုသူများ ဆုတောင်းသည့်အခါ၌ လည်း လူ့ဝွစာကြီးကဲ့သို့ ခံစားရ၏ ။ ထို့ကြောင့် သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

“ ဟုတ်တယ်နော်၊ ကျုပ်တို့ဟာ အမြဲဆုတောင်းနေကြတယ်၊ ဆုတောင်းတိုင်း ပြည့်မယ်ဆိုရင် ဘာဒုက္ခမှ ကြုံရမှာ မဟုတ်ဘူး၊ အခုတော့ လူတွေပဲ ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့နေရတာ ပဲ ”

ဟု အားတက်သရော ထောက်ခံလေ၏ ။

ထိုအခါ လူ့ဝွစာကြီးက

“ လောကမှာ အောင်မြင်ချင်ရင် လက်တွေ့ကျရမယ်၊ စိတ်ကူးယဉ်လို့မရဘူး၊ ဦးတည်ရာလမ်းကို အဓိကထားပြီး လျှောက်လှမ်းရမယ်၊

အောင်မြင်ချင်ရင် လွယ်လွယ်လေးပါ၊ အောင်မြင်တဲ့လူတွေ လုပ်တဲ့အလုပ်ကို လက်တွေ့ကျကျ လုပ်ရမယ်၊ လောကမှာ အောင်မြင်တဲ့လူတွေကို ကြည့်ပါ၊ သူတို့ဟာ ဘုရားရှေ့မှာ ဆုတောင်းနေတဲ့ လူတွေမဟုတ်ဘူး၊ ခွဲ၊ လုံ့လ၊ ဝီရိယနဲ့ လက်တွေ့ကျကျ ရုန်းကန်နေတဲ့ သူတွေပဲ၊ တကယ်တော့ အောင်မြင်တယ်ဆိုတာ လူကပဲလုပ်တာကွ၊ ဘယ်တန်ခိုးရှင်ကမှ ဖန်တီးပေးတာမဟုတ်ဘူး၊ ဘုရားတောင် လုပ်မပေးနိုင်တဲ့ အရာကို ဘယ်တန်ခိုးရှင်က လုပ်ပေးနိုင်မှာလည်း၊ လူတွေဟာ လက်တွေ့ကျပြီး အမှန်ကို မြင်နိုင်တဲ့သူနည်းတယ်၊ ကိုယ့်ဦးတည်ရာလမ်းကို တည့်တည့်မတ်မတ် မလျှောက်ဘဲ ဝေ့ဝါးသွားတာများတယ်၊ အောင်မြင်ချင်ရင် ကိုယ်လျှောက်မယ့်လမ်းကို သေသေချာချာ စူးစိုက်ကြည့်၊ ငါ့မှာ ဘာတွေလိုနေလဲ၊ ဘယ်အရာတွေကို ပြုပြင်ရမလဲ၊ ဘယ်သူတွေကို အတုခိုးရမလဲ၊ ကောင်းသောလမ်းကို ဘယ်မှာ ရှာရမလဲဆိုတာ သေသေချာချာ သိမြင်နိုင်အောင် ကြိုးစားပါ၊ တန်ခိုးရှင်တွေနား သွားပြီးအဆောင်တွေ၊ ယတြာတွေတောင်းနေရင်တော့ ဘဝမှာအချိန်တွေသာ ကုန်မယ်၊ ဘာတစ်ခုမှ ဖြစ်လာမှာမဟုတ်ဘူး၊ အဆောင်တွေ ယတြာတွေရတိုင်း ကြီးပွားအောင် လုပ်မယ်ဆိုရင် အဲဒီ တန်ခိုးရှင်တွေဟာ မင်းတို့ကို ပေးမှာ မဟုတ်ဘူး၊ သူတို့ဘာသာကြီးပွားအောင်မြင်အောင် လုပ်မယ်ဆိုရင် အဲဒီ တန်ခိုးရှင်တွေဟာ မင်းတို့ကို ပေးမှာ မဟုတ်ဘူး၊ သူတို့ဘာသာကြီးပွားအောင်မြင်အောင် လုပ်လိမ့်မယ်၊ နေစရာမရှိလို့ စေတီနဘေးက အုတ်တံတိုင်းမှာ ကပ်ပြီး ဗေဒင်ဟောနေတဲ့ ဆရာဆီက နေစရာအိမ်ရအောင် ယတြာသွားတောင်းတဲ့ လူတွေရှိတယ်၊ သူ့ကိုယ်သူတောင် အိမ်ရအောင် မဆောင်ရွက်နိုင်တတဲ့ ဗေဒင်ဆရာဟာ မင်းတို့ကို ဘာများစွမ်းဆောင်ပေးနိုင်မှာလဲ၊ လူတွေဟာ အလွန်ရိုးစင်းတဲ့ ဖြစ်ရပ်ကလေးကိုတောင် လက်တွေ့ကျကျမစဉ်းစားနိုင်ကြဘူး၊ တကယ်တော့ သဘာဝ လောကကြီးမှာ လက်တွေ့ကျကျစဉ်းစားတတ်ရင် အရာရာကို ရှင်းရှင်းမြင်လာ လိမ့်မယ်၊ ဒါကြောင့် ဘာကိုပဲလုပ်လုပ် လက်တွေ့ကျကျစဉ်းစားပြီးသာလုပ်ပါ၊ လိုချင်တဲ့ ပန်းတိုင်ကို

ရောက်မှာသေချာတယ်၊ အောင်မြင်ချင်ရင် အောင်မြင်တဲ့ လူတစ်ယောက်ကိုကြည့်၊ သူ့မှာ ဘာအရည်အချင်းတွေရှိသလဲ၊ သူ့လို အရည်အချင်းတွေရှိအောင်လုပ်၊ လောကမှာ မဖြစ်နိုင်လို့ လက်လျှော့ရတယ်ဆိုတာ မရှိဘူး၊ မဖြစ်သေးတဲ့အချိန်မှာ လက်လျှော့သွားတာပဲရှိတယ်၊ လူတိုင်းမှာ စွမ်းအင်သတ္တိရှိတယ်၊ အဲဒီ စွမ်းရည်သတ္တိတွေကို ထူးထူးခြားခြား ထုတ်နုတ်ပြီး သုံးစွဲရင် အောင်မြင်နိုင်မှာသေချာတယ် ”

ဟု ရှည်လျားစွာ ရှင်းလင်းလေ၏ ။

ဘရန်ရှောင်သည် လူ့ဂွစာကြီး၏ ထူးဆန်းသော စကားများကြောင့် စိတ်အားတက်ကြွလာပြီး

“ ခင်ဗျားရဲ့ စကားတွေကို ကျုပ်တစ်ခါမှ မကြားဖူးဘူး၊ ကျုပ်ကို တိဘက်တွေဟာ ဘာပဲဖြစ်ချင်ဖြစ်ချင် ဆုတောင်းဖို့ပဲ လမ်းညွှန်ပေးတယ်၊ ဒီနေ့ပြောတဲ့ စကားတွေကို ကျုပ်သိပ်ပြီး စိတ်အားတက်ကြွတယ်၊ ကျုပ်ကို ဒီလို စကားတွေ ခဏခဏပြောပြပါလား ”

ဟု တောင်းဆိုလေ၏ ။ လူ့ဂွစာကြီးက ဘရန်ရှောင်၏ စိတ်ထားတက်ကြွပုံကိုကြည့်၍ ရယ်မောလိုက်ပြီး

“ ဟား ဟား ဟား ... မင်းမဆိုးဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ကြီးပွားတိုက်တက်ချင်ပုံရတယ်၊ ဒီလိုစိတ်မျိုးရှိတဲ့လူဟာ တစ်နေ့နေ့မှာ အောင်မြင်တတ်တယ် ”

ဟု မှတ်ချက်ချလေ၏ ။ ဘရန်ရှောင်သည် လူ့ဂွစာကြီး၏ စကားကြောင့် သက်ပြင်းချလိုက်ပြီး

“ အောင်မြင်တာတွေ ဘာတွေ ကျုပ်မသိဘူး၊ ကျုပ်သိတာက ခင်ဗျားရဲ့စကားတွေကိုကြားရတာ စိတ်ဓာတ်တက်ကြွတယ်၊ ဒါကြောင့် ဒီစကားမျိုးကို မကြာခဏပြောပြပါ ”

ဟု တောင်းဆိုလေ၏။ လူ့ဂွစာကြီးက ရယ်မောဍ်

“ ငါ့ဆီကိုလာရင် ဒီစကားမျိုးတွေကို မင်းအမြဲကြားရမယ်၊ ငါ့ရဲ့ မြင်းကြီးကို နေ့တိုင်းလာပြီး အကူအညီပေးပေတော့ ”

ဟု ပြောလေ၏။

ဘရန်ရှောင်သည် လူ့ဂွစာကြီးအား မကြာခဏ သွားရောက်တွေ့ဆုံပြီး တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးကျွမ်းဝင်လာ၏။

*

တစ်နေ့သ၌ လူ့ဂွစာကြီးသည် မြင်းတော်ကို အစာကျွေးရန်လာဆာမြို့တော် ဈေးအတွင်းမှ ရှားပါးသော ဆေးမြစ်များကို ဝယ်ယူလေ၏။

ထို့နောက် ဘရန်ရှောင်အား ဈေးအတွင်းရှိ မုန့်ဆိုင်မှ ပေါက်စီများကို ဝယ်ယူကျွေးမွေးလေ၏။

ပေါက်စီများသည် အသားမပါသောသက်သက်လွတ်ပေါက်စီများဖြစ်၏။ ဘရန်ရှောင်သည် ပေါက်စီများ စားသောက်ပြီး ဆေးမြစ်အိတ်ကြီးအားထမ်းကာ ပြန်ခဲ့လေတော့၏။ ၎င်းတို့သည် ဈေးတန်းရှည်ကြီးကိုဖြတ်၍ လူများကို တိုးဝှေ့ပြီး ပြန်လာခဲ့၏။

ထိုအခိုက်မှာပင် အဝေးဆီမှ မြင်းခွာသံများကို ကြားရသဖြင့် ဈေးရောင်းဈေးဝယများသည် အထိတ်တလန့်ဖြင့် လမ်းနံဘေးသို့ ဆင်းပြေးကြ၏။

“ ပေါတလနန်းတော်က ကောင်တွေပါလား၊ လူတွေ ဒီလောက်များတဲ့

လမ်းပေါ်မှာ ဘာလို့ ဒီလောက် အလျင်လိုနေရတာ လဲ၊ သက်ကြီးရွယ်အိုနဲ့ ကလေးတွေကို တိုက်မိလျှင် ဒုက္ခရောက်တော့မယ် ”

ဟု ရေရွတ်လေ၏ ။

ထိုအခိုက်မှာပင် မြင်းသည်တော်များသည် လမ်းလယ်ခေါင်တွင် လျှောက်သဖြင့် မြင်းသည်တော်များ တဖြည်းဖြည်းနီးကပ်လာပြီး ဘရန်ရှောင်က

“ ကျုပ်တို့ လမ်းနံဘေးကို ဆင်းပေးရအောင် ”

ဟု ပြောလေ၏ ။ ထိုအခါ လူ့ဂွစာကြီးက ခေါင်းခါယမ်း၍

“ ဘာဖြစ်လို့ ဆင်းပေးရမှာလဲ၊ ငါတို့က လူလျှောက်တဲ့လမ်းမှာ လျှောက်တာ၊ တိရစ္ဆာန်တွေကို ဆင်းပေးစရာမလိုဘူး ”

ဟု ပြောလေ၏ ။ ဘရန်ရှောင် မြင်းသည်တော်များ တဖြည်းဖြည်း နီးကပ်လာသဖြင့် စိုးရိမ်သောကဖြစ်သွားပြီး

“ ကျုပ်တို့ လမ်းမဖယ်ပေးရင် မြင်းနဲ့ တိုက်ခံရမယ်၊ ကြာပွတ်စာမိမယ် ”

ဟု ပြောလေ၏ ။ လူ့ဂွစာကြီးက

“ မင်းသတ္တိမရှိဘူးလား၊ ငါ့မိတ်ဆွေဟာ သတ္တိရှိရမှာပေါ့ မြင်းသည်တော်တွေကို ကြောက်စရာမလိုဘူး ”

ဟု ပြောလေ၏ ။

ဘရန်ရှောင်သည် လူ့ဂွစာကြီး၏ စကားကြောင့် အကြံရခက်ဖြစ်သွားပြီး တရကြမ်း စီးနှင်းလာသော မြင်းများကို စိတ်လှုပ်ရှားစွာ လှည့်ကြည့်လေ၏ ။

ထိုအချိန်တွင် မြင်းများသည် ဘရန်ရှောင်အနီးသို့ ရောက်လာပြီး ရှေ့ဆုံးမှ ရောက်လာသော မြင်းသည်တော်သည် မြင်းဇက်ကြိုးကို ဆွဲ၍

“ တောက် ..... ဟေ့လူတွေ၊ မြင်းသည်တော်တွေလာတာ မမြင်ဘူးလား၊

သေပေတော့ ”

ဟု ဆိုကာ လူ့ဂွစာကြီးအား ကြာပွတ်ဖြင့် ရိုက်လေ၏။ လူ့ဂွစာကြီးသည် မြင်းသည်တော်၏ ကြာပွတ်ကို ဆုပ်ကိုင်လိုက်ပြီး မြင်းပေါ်မှ ဆောင့်ဆွဲလိုက်ရာ မြင်းသည်တော်သည် ဈေးထဲသို့ ဒလိမ့် ကောက်ကွေးကျသွားလေ၏။

ထိုအခါ မြင်းသည်တော်များသည် လှုပ်လှုပ်ရွရွဖြစ်သွားပြီး မိမိလက်ထဲရှိ ဓါး၊ လှံများကို လျင်မြန်စွာ ထုတ်လိုက်လေ၏။

လူ့ဂွစာကြီးက မြင်းသည်တော်များကို ထိတ်လန့်မှုမရှိဘဲ ဘရန်ရှောင်၏ ပခုံးကိုဖက်၍

“ ဟား ဟား ဟား .... ဓါးတွေ လှံတွေနဲ့ တိုက်ခိုက်တော့မှာလား၊ ငါဘယ်သူလဲဆိုတာ မင်းတို့ မသိဘူး မဟုတ်လား ”

ဟု ကြွေးကြော်ရရပြောဆိုလေ၏။

ထိုအခိုက်မှာပင် လူ့ဂွစာကြီးကြောင့် ဈေးထဲသို့ လဲကျသွားသော မြင်းသည်တော်သည် မြေပေါ်မှ ကမန်းကတန်းလူးလဲထပြီး ခါးကြားမှ ဓါးမြှောင်ကို ထုတ်၍ ထိုးလေ၏။

ဘရန်ရှောင်သည် မြင်းသည်တော်၏ အပြုအမူကြောင့် အထိတ်တလန့် အော်ဟစ်လိုက်၏။ လူ့ဂွစာကြီးသည် မြင်းသည်တော်အား လှည့်၍ ပင်မကြည့်ဘဲ ခြေဖြင့်ကန်လိုက်ရာ မြင်းသည်တော်သည် မြေပေါ်သို့ လဲကျသွားပြန်၏။

လူ့ဂွစာကြီးက မြင်းသည်တော်များကိုကြည့်၍ ရယ်မောကာ

“ ဟား ဟား ဟား ... သတ္တိရှိရင် မင်းတို့ ရှေ့တစ်လှမ်းတိုးကြည့်စမ်း၊ ငါ့ကျောကုန်းမှာ လွယ်ထားတဲ့ အိတ်ကြီးကို မြေပေါ်ကို ပစ်ချလိုက်ရင် မင်းတို့ဘာဖြစ်သွားမယ် အောက်မေ့လဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ မြင်းသည်တော်များသည် ကြောင်အမ်းအမ်းဖြစ်သွားပြီး လူ့ဝှစာကြီးအား လှံဖြင့်ချိန်ထားသော မြင်းသည်တော်က

“ ခင်ဗျားအိတ်ထဲက ပစ္စည်းတွေက ဘာတွေမို့လို့လဲ ”

ဟု အလောတကြီး မေးမြန်းလေ၏။ ထိုအခါ လူ့ဝှစာကြီးက

“ ဒီအိတ်ထဲကပစ္စည်းတွေဟာ ကိုယ်တော်မြတ်ကြီးရဲ့မြင်းတော်ကို ကျွေးဖို့အတွက် ယူလာတဲ့ ရှားပါးဆေးမြစ်တွေကွ၊ ဆေးမြစ်တွေသာ မင်းတို့ရဲ့ ပယောဂကြောင့် မြေပေါ်ကျသွားရင် မြင်းတော်ရဲ့ အသရေ ဘယ်လောက်ညှိုးနွမ်းသွားမယ် ထင်သလဲ”

ဟု ပြောလိုက်ရာ မြင်းသည်တော်များသည် ကိုယ်တော်မြတ်ကြီး၏ မြင်းတော်ကို ထိခိုက်လျှင် အလွန်အန္တရာယ်ကြီး၍ အထိတ်တလန့်ဖြစ်သွားပြီး

“ ဟင် ….. ဒီဆေးမြစ်တွေက မြင်းတော်အတွက် ဟုတ်လား ဒါဆိုရင် ခင်ဗျားက ဘယ်သူလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ လူ့ဝှစာကြီးက တဟားဟား ရယ်မော၍

“ ဟား ဟား ဟား …. ငါဟာ ကိုယ်တော်မြတ်ကြီးရဲ့ မြင်းကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ပုဂ္ဂိုလ်ကွ၊ ငါ့ကို စော်ကားရင် မင်းတို့မှာ အပြစ်တွေ ဘယ်လောက်ဖြစ်မယ်ဆိုတာ မသိဘူးလား ”

ဟု ပြောလိုက်ရာ မြင်းသည်တော်များသည်လူ့ဝှစာကြီးကို ထိတ်လန့်သွားပြီး

“ ကျုပ်တို့မှားပါတယ်၊ အကြောင်းမသိလို့ စော်ကားမိတယ် ”

ဟု တောင်းပန်ပြီး ထိုနေရာမှ လျင်မြန်စွာ ထွက်သွားလေ၏။

ဘရန်ရှောင်သည် လူ့ဝှစာကြီးနှင့်အတူ အိမ်သို့ပြန်လာပြီးနောက် လူ့ဝှစာကြီးတတ်မြောက်သော ကိုယ်ခံပညာအစွမ်းကို သတိပြုမိသွားပြီး

“ မြင်းပေါ်ကကောင်ကို မြေကြီးပေါ်ပြုကျအောင်လုပ်လိုက်တာ သိပ်ပြီးကြည့်ကောင်းတယ်၊ ခင်ဗျားက ကိုယ်ခံပညာ ကောင်းကောင်း တတ်တယ်ထင်တယ် ”

ဟု မေးမြန်းလေရာ လူ့ဝွစာကြီးက ရယ်မော၍

“ ဟား ဟား ဟား .... ဘာပညာမှ မတတ်ပါဘူးကွာ၊ မြင်းပေါ်က ကောင်ရဲ့ကြာပွတ်ကို ဆုပ်ကိုင်ပြီး ဆောင့်ဆွဲချလိုက်တော့ ဒီကောင်ပြုတ်ကျသွားတာ မဆန်းပါဘူး ”

ဟု ပြောလေ၏။

ထိုအခါ ဘရန်ရှောင်က ခေါင်းခါရမ်း၍

“ ခင်ဗျားမှာ ကိုယ်ခံပညာ ကောင်းကောင်းရှိတယ်ဆိုတာကျုပ်သိပါတယ်၊ တစ်ခါတုန်းက ဈေးထဲမှာ လာဆာမြို့တော်က လူမိုက်တွေကို ခင်ဗျားပညာပေးလိုက်တာ ကျုပ်သိပါတယ်၊ ဘာလဲ ခင်ဗျားက ကျုပ်ကို ကိုယ်ခံပညာသင်မပေးချင်လို့လား ”

ဟု မေးလေ၏။

ထိုအခါ လူ့ဝွစာကြီးက ဘရန်ရှောင်ကို မျက်မှောင်ကြုတ်ကြီးရင်း

“ မင်းဘာဖြစ်လို့ ကိုယ်ခံပညာကို သင်ချင်ရတာ လဲ၊ ငါ့မှာ ကိုယ်ခံပညာနဲ့ ပတ်သက်လို့ အလွန်ဝမ်းနည်း ကြေကွဲစရာကောင်းတဲ့ နောက်ကြောင်းခံဇာတ်လမ်းရှိတယ်၊ ဒါကြောင့် ကိုယ်ခံပညာကို ဒီနေ့အထိ မလေ့ကျင့်တာ မင်းအမြင်ပဲလေ၊ တကယ်တော့ ငါတတ်ထားတဲ့ ကိုယ်ခံပညာကိုတောင် ငါမေ့ပစ်ချင်တာကြာပါပြီ။”

ဟုပြောလေ၏။ ဘရန်ရှောင်သည် လူ့ဝွစာကြီး၏ စကားကြောင့် ခေါင်းခါယမ်းလိုက်ပြီး

“ ခင်ဗျားစကားကို ခင်ဗျားမေ့နေပြီလား၊ လူနဲ့ ပညာ မတူညီကွဲပြားတယ်ဆိုတာလေ၊ တကယ်တော့ ပညာကို လူက လုပ်တာပါ၊ ပညာမှာ အပြစ်မရှိပါဘူး ”

ဟု ပြောလေရာ လူ့ဝွစာကြီးသည် ခေါင်းကိုညိတ်၍

“ ဟုတ်တယ်၊ လူနဲ့ပညာဟာ သက်သက်စီပဲ၊ ပညာကို လူက လုပ်တတ်တယ်၊ ဒါပေမယ့် ငါ့ဘဝမှာ သိုင်းပညာကြောင့် ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ နောက်ကြောင်းခံဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့တယ်၊ လွန်ခဲ့တဲ့ ညတစ်ညက ငါ့ကို ကလဲ့စားချေမယ်ဆိုပြီး ရောက်လာတဲ့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးကို မင်းမှတ်မိတယ်မဟုတ်လား၊ ငါနဲ့သူဟာ အလွန်ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေဟောင်းတွေဖြစ်ခဲ့တယ်၊ ဒါပေမယ့် ပညာရပ်တစ်ခုကို လောဘတစ်ကြီးနဲ့ အရူးအမူးစွဲလမ်းတမ်းတတဲ့ စိတ်ကြောင့် ဝမ်းနည်းကြေကွဲစရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့တယ်၊ ဒါကြောင့် မုဆိုးတစ်ပိုင်းမိန်းမရိုင်းကြီးဟာ ငါ့ကို အမုန်းကြီးမုန်းပြီး ကလဲ့စားချေဖို့ကြိုးစားခဲ့တယ်၊ တကယ်တော့ သူနဲ့ငါဟာ တစ်ဦးနဲ့တစ်ဦး အသက်ပေးချစ်ရတဲ့ ချစ်သူဟောင်းတွေပဲ၊ ငါတို့နှစ်ယောက် ချစ်ခဲ့စဉ်အခါက ဘယ်သောအခါမှ မခွဲခွာတော့ဘူးဆိုပြီး မိုးနတ်မင်းကြီးဆီမှာ ဆုတွေတောင်းခဲ့တယ် ”

ဟု ရှင်းပြလေရာ ဘရန်ရှောင်သည် လူ့ဝွစာကြီးမာကျောက်ကို အံ့သြဟန်ဖြင့် ကြည့်၍

“ ဟင် ခင်ဗျားတို့နှစ်ယောက်ဟာ အရင်တုန်းက ချစ်သူတွေလား ”

ဟု မေးမြန်းလေ၏။ လူ့ဝွစာကြီးက အဝေးဆီသို့ မှိုင်းညို့သော မျက်လုံးများဖြင့် ငေးကြည့်၍

“ ဟုတ်တယ်၊ အတိတ်ကအကြောင်းတွေကို ပြန်ပြောရရင်တော့ စိတ်လှုပ်ရှားစရာကောင်းတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က ငါဟာ

မိဘနှစ်ပါးဆုံးပြီး လားမားဘုန်းတော်ကြီး ဖြစ်ချင်တာနဲ့ ဆက်ပိုရီကျောင်းတော်မှာ
ကျောင်းတော်သားအဖြစ် ပညာသင်ကြားခဲ့တယ်၊ ဒါပေမယ့် ကျောင်းတက်ရင်း
ပေါ်တလနန်းတော်က အရာရှိကြီး တစ်ဦးရဲ့သားနဲ့ ပညာပြိုင်ခဲ့ရာက ဒီကောင်တွေရဲ့
ချောက်တွန်းမှုကြောင့် ငါကျောင်းထွက်ခဲ့ရတယ်၊ ဆက်ပိုရီကျောင်းက
ထွက်လိုက်ရတဲ့ ငါဟာ စိတ်ထိခိုက်ပြီး ခြေသလုံးအိမ်တိုင်သွားလာနေခဲ့တယ်၊
နောက်တော့ အိန္ဒိယကလာတဲ့ မျက်လှည့်အဖွဲ့မှာ ဝင်ပြီး အလုပ်လုပ်ကိုင်ခဲ့တယ်၊
ငါဟာ မျက်လှည့်ပညာကို ဝါသနာထုံလွန်းလို့ ကြိုးစားသင်ယူခဲ့တယ်၊ ဒါပေမယ့်
ငါ့ရဲ့ ဝွကျကျနေထိုင်တဲ့ စရိုက်ကြောင့် မျက်လှည့်အဖွဲ့မှာ လူမုန်းများခဲ့တယ်၊
လောကမှာ လူသားတိုင်းဟာ သဘာဝ ကြီးကပေးတဲ့ အခွင့်အရေးတစ်ခုကိုတော့
သာတူညီမျှ ရကြတာပဲကွ၊ မျက်လှည့်တစ်ဖွဲ့လုံးက ယောကျာ်းတွေဟာ
ငါ့ကိုကြည့်မရဘဲ မုန်းတီးခဲ့ပေမယ့် မျက်လှည့်ဆရာကြီးသမီးကတော့
ကရုဏာပိုခဲ့တယ်၊ သူမဟာ မျက်လှည့်အဖွဲ့ထဲမှာ ငါရှိနေတုန်း အကူအညီတွေ
အများကြီးပေးခဲ့တယ်၊ ဒါပေမယ့် မိန်းမတွေနဲ့ပတ်သက်တဲ့ ငါ့ရဲ့ကံကဆိုးပါတယ်
မျက်လှည့်အဖွဲ့ထဲကိုရောက်ရှိလာတဲ့ အိန္ဒိယလူမျိုး မီးစားပညာရှင်တစ်ယောက်ဟာ
မျက်လှည့်ဆရာကြီး သူ့ကိုအခွင့်အရေးပေးတာကို အကြောင်းပြုပြီး လူယုတ်မာပီပီ
ဆရာကြီးသမီးကို စိတ်ညှို့ပြီး အဓမ္မကျူးလွန်ခဲ့တယ်၊ ဆရာကြီးသမီးဟာ
စိတ်ညှို့ခံရတဲ့အတွက် သူ့ကိုမတရားလုပ်တဲ့လူကို မရိပ်စားမိခဲ့ဘူး၊
ဆရာကြီးသမီးမပေါ့မပါးဖြစ်တဲ့အခါ စိတ်ညှို့ပြီး အဓမ္မမှုကျူးလွန်တဲ့ကောင်ဟာ
အိန္ဒိယကိုပြန်သွားပြီ၊ ဒီတော့ မျက်လှည့်အဖွဲ့တစ်ဖွဲ့လုံးဟာ
မျက်လှည့်ဆရာကြီးသမီးနဲ့ အနီးကပ်ဆုံးမှာနေတဲ့ ငါ့ကိုပဲ အပြစ်ပုံချပြီး စွပ်စွဲခဲ့တယ်၊
ငါဘယ်လိုမှ ရှင်းပြလို့မရခဲ့ဘူး၊မျက်လှည့်ဆရာကြီးဟာ သမီးဇောနဲ့ ငါ့ကို
ကလဲ့စားချေမယ်ဆိုပြီး သတ်ဖြတ်ခါနီး ဆဲဆဲမှာ မျက်လှည့်ထဲက
တောက်တိုမယ်ရခိုင်းတဲ့ ကလေးတစ်ယောက်ဟာ အဖြစ်မှန်ကို ဖော်ထုတ်ပေးလို့
အသက် ဘေးက လွတ်ကင်းခဲ့တယ်၊ ဒီအချိန်ကစပြီး ငါလည်း မျက်လှည့်အဖွဲ့ထဲက
ထွက်ခဲ့တယ်၊ နောက်တော့ ခြေသလုံးအိမ်တိုင်ဘဝနဲ့ တိဘက်ပြည်မှာ

လှည့်လည်နေတုန်း တရုတ်ပြည်က သိုင်းပညာရှင် ဆရာကြီးတစ်ယောက်ကို လာဆာမြို့ပေါ်မှာ သိုင်းစွမ်းရည်ပြနေတာ မြင်တွေ့ခဲ့ရတယ်၊ ဆရာကြီးဟာ တိဘက်လူမျိုး မိဘမဲ့ကလေးငယ်တွေအတွက် ရည်စူးပြီး သိုင်းစွမ်းရည်ပြပွဲ ပြုလုပ်တာဖြစ်တယ်၊ ဒါပေမယ့် ဆရာကြီးရဲ့ ရည်ရွယ်ချက်ကို နားမလည်တဲ့ တိဘက်စစ်သည်တော်တွေဟာ ဆရာကြီးရဲ့ အပြုအမူကို တားဆီးဖို့ ကြိုးစားခဲ့တယ်၊ ဒီကိစ္စကို ငါဝင်ရှင်းရင် ဆရာကြီးနဲ့ငါ ရင်းနှီးခဲ့တယ်၊ နောက်တော့ ဆရာကြီးနေထိုင်ရာ တိဘက်ပြည်ဂါတောက်ပြည်နယ်ကို ငါလိုက်သွားခဲ့တယ်၊ ဆရာကြီးဟာ တရုတ်လူမျိုးဖြစ်ပေမယ့် သူတို့လူမျိုးသိုင်းပညာကို ငါတို့ တိဘက်တွေ တတ်မြောက်စေချင်တဲ့အတွက် ပညာအမွေ ဖြန့်ဝေနေတာဖြစ်တယ်၊ ဆရာကြီးမှာ ချောမောလှပတဲ့ သမီးတစ်ယောက်ရှိတယ်၊ ဆရာကြီးဆီမှာ သိုင်းပညာကို ဝါသနာထုံတဲ့ တိဘက်လူငယ်တွေ အတော်များများ ပညာသင်ကြားနေတယ်၊ ထုံးစံအတိုင်း ဂွကျတတ်တဲ့ ငါ့ရဲ့စရိုက်ကြောင့် လူမုန်းများခဲ့ပေမယ့် ဆရာကြီးသမီးက ငါ့ကို သနားပိုခဲ့ပြန်တယ်၊ ငါဟာ သိုင်းပညာကို ငယ်စဉ်ကတည်းက ဝါသနာထုံတယ်၊ ငါတို့ တိဘက်တွေရဲ့ ကိုယ်ခံပညာထက် တရုတ်လူမျိုးတွေရဲ့ ပညာတွေကို ပိုပြီး လိုချင်မက်မောလေ့ရှိတယ်၊ ဒါကြောင့် တပည့်တွေအားလုံးထဲမှာ သိုင်းပညာကို ကြိုးစားပြီး သင်ယူခဲ့တယ်၊ ဆရာကြီးဟာ တိဘက်လူငယ်တွေထဲမှာ အကြိုးစားဆုံးဖြစ်တဲ့ ငါ့ကို အထူးအရေးပေးခဲ့တယ်၊ ငါဟာ ဆရာကြီးရဲ့ ညာလက်ရုံးတပည့်တစ်ယောက်ပေါ့၊ ငါနဲ့ ဆရာကြီးသမီးဟာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးကျွမ်းဝင်လာရာက အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုတဲ့အတိုင်း ချစ်သူဘဝကို ရောက်ခဲ့တယ် ”

ဟု ပြောလေရာ လူ့ဂွစာကြီးကို ဖြတ်၍ ဘရန်ရှောင်က

“ တစ်ခါတုန်းက ခင်ဗျားအသက်ကို ရန်ရှာဖို့ ရောက်လာတဲ့ အမျိုးသမီးကြီးဟာ သူပဲမဟုတ်လား ”

ဟု ပြောဆိုလေ၏။ လူ့ဂွစာကြီးက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ငါ့ကို အမုန်းကြီးမုန်းနေတဲ့သူဟာ ငါ့ချစ်သူပဲပေါ့၊ ငါတို့နှစ်ယောက်ဟာ တစ်ဦးကိုတစ်ဦး သစ္စာထားပြီး ချစ်ခဲ့ကြပေမယ့် ငါ့ရဲ့ကျေးဇူးရှင်သိုင်းဆရာကြီးက သူ့သမီးကို အမျိုးအနွယ်တူတဲ့ လူနဲ့ပဲ ပေးစားမယ်ဆိုလို့ ငါတို့နှစ်ယောက် ရှင်ကွဲကွဲခဲ့ရတယ်၊ ငါဟာ ကျေးဇူးရှင်ဆရာကြီးရဲ့ စကားကို ဖီဆန်ပြီး ငါ့ချစ်သူကို ခိုးပြေးရင် ရပါတယ်၊ ငါ့ချစ်သူကလည်း ငါ့နောက်ကို လိုက်မှာသေချာတယ်၊ ဒါပေမယ့် ဆရာကြီးရဲ့ ကျေးဇူးတွေဟာ ငါ့အပေါ်မှာ အများကြီးရှိတယ်၊ ဆရာကြီးစကားကို ငါဘယ်လိုသတ္တိနဲ့ ဖယ်ရှားဝံ့မှာလဲကွာ၊ ငါ့ချစ်သူကတော့ ငါ့ကို သတ္တိကြောင်တဲ့လူကို စွပ်စွဲပြီး စိတ်နာကြည်းသွားခဲ့တယ်၊ နောက်တော့ တရုတ်ပြည်ကနေလာတဲ့ လက်ဖက်ခြောက်ကုန်သည်တစ်ဦးနဲ့ လက်ထပ်သွားခဲ့တယ်၊ လက်ဖက်ခြောက်ကုန်သည်ဟာ ဆရာကြီးနဲ့ အမျိုးအနွယ်တူတဲ့လူပဲ ”

ဟု ပြောရင်း ခဏရပ်နားကာ ခါးတွင်ချိတ်ထားသော ထောပတ်လက်ဖက်ရည်ကို အဖုံးဖွင့်၍ တစ်ကျိုက်မော့ချလိုက်လေ၏။

တိဘက်ပြည်တွင် ရာသီဥတုအေးမြလွန်းသောကြောင့် တိဘက်လူမျိုးတို့သည် တစ်နေ့လျှင် ထောပတ်လက်ဖက်ရည် ခွက်သုံးဆယ်မျှ သောက်ကြ၏။ လူ့ဂွစာကြီးက ဆက်လက်၍

“ ငါဟာ ချစ်သူနဲ့ ရှင်ကွဲကွဲခဲ့ရပေမယ့် ဝမ်းနည်းကြေကွဲတဲ့စိတ်ကို မေ့ထားပြီး သိုင်းပညာကိုပဲ အားထုတ်ကြိုးပမ်းခဲ့တယ်၊ သိုင်းပညာထဲမှာပဲ မြုပ်နှံထားခဲ့တယ်၊ ငါ့ချစ်သူက လက်ဖက်ခြောက်ကုန်သည်နဲ့ တရုတ်ပြည်ကို လိုက်သွားပြီး လမ်းခရီးမှာ ဓါးပြတိုက်ခံရလို့ သူ့ယောကျ်ားအသက်ဆုံးခဲ့ရတယ်၊ ငါ့ချစ်သူဟာ ကလေးတစ်ယောက်ရပြီး မုဆိုးမဘဝနဲ့ ဂါကောက်နယ်ကို ပြန်ရောက်လာခဲ့တယ်၊ ဒီလိုနဲ့ ငါတို့နှစ်ယောက်ဟာ ဘဝချင်းခြားပြီး မြင်သာမြင် မကြင်ရတဲ့ဘဝဖြစ်ခဲ့တယ်၊ ဒီလိုနဲ့ ငါ့ချစ်သူရဲ့ ကလေးဟာ တဖြည်းဖြည်း အရွယ်ရောက်လာပြီး ချစ်စဖွယ်ကလေးတစ်ယောက်ဖြစ်ခဲ့တယ်၊ ငါဟာ

ကလေးငယ်ကို ချစ်လွန်းလို့ ငါသွားလေရာကို ခေါ်ဆောင်သွားခဲ့တယ်၊ ကလေးကလည်း ငါ့ကို သွေးသားအရင်းအခြားတစ်ယောက်လို သဘောထားပြီး ချစ်ခင်ရင်းနှီးခဲ့တယ်၊ တစ်နေ့တော့ ငါဟာ မြားပစ်လေ့ကျင့်ရမှာမို့ ကလေးငယ်ကို မခေါ်ဘဲ တောထဲကို တစ်ယောက်တည်း သွားခဲ့တယ်၊ ငါတို့ တိဘက်တွေအတွက် မြားပစ်ကျွမ်းကျင်ဖို့ဟာ အလွန်အရေးပြီးတယ်၊ ဆရာကြီးဟာ ငါ့ကို ရက်ပေါင်း သုံးဆယ်တိတိ မြားပစ်လေ့ကျင့်ရမယ်ဆိုပြီး ငါ့အတွက် မြားပေါင်းတစ်သိန်းတိတိလုပ်ပေးခဲ့တယ် ”

ဟု ပြောလေရာ ဘရန်ရှောင်က အံ့ဩဟန်ဖြင့် ကြည့်၍

“ ဟင် ...... မြားအစင်းတစ်သိန်းဟုတ်လား၊ ဒီလောက်များတဲ့ မြားတွေကို ခင်ဗျား ဘယ်သူလုပ်ပေးတာလဲ”

ဟု မေးလေ၏ ။ ထိုအခါ လူ့ဝံစာကြီး မာကျောက်က

“ ငါ့အတွက် လိုအပ်တဲ့ မြားတွေကို ဆရာကြီးတပည့်တွေအားလုံးက လနဲ့ချီပြီး ဝိုင်းလုပ်ပေးရတယ်၊ ငါဟာ ဆရာကြီး တပည့်တွေထဲမှာ မြားဝိဇ္ဇာဖြစ်လို့ မြားအစင်းတစ်သိန်းကို ကုန်စင်အောင် တောထဲဝင်ပြီး လေ့ကျင့်ရတာ ဖြစ်တယ်၊ မြားအစင်းတစ်သိန်းကို ကုန်အောင် လေ့ကျင့်ပြီးရင် ဆရာကြီးပေးတဲ့ မြားဝိဇ္ဇာဘွဲ့ကို ငါရပြီ၊ ဒါကြောင့် ဂါတောက်နယ်က တောနက်ကြီးထဲဝင်ပြီး မြားပစ်လေ့ကျင့်ခဲ့တယ်၊ ငါ့ချစ်သူရဲ့ ကလေးဟာ ငါ့ကို အဖေအရင်းတစ်ယောက်လို သံယောဇဉ်တွယ်နေတဲ့အတွက် တောထဲဝင်ပြီး မြားပစ်လေ့ကျင့်မယ်ဆိုတာကို ဝမ်းနည်းကြေကွဲနေခဲ့တယ်၊ သူဟာ ငါနဲ့အတူ တောထဲကို လိုက်ချင်လို့ မိခင်ဖြစ်သူကို ပူဆာခဲ့တယ်၊ ငါလည်း ကလေးနဲ့ထပ်တူ သံယောဇဉ်တွယ်နေပေမယ့် ဆရာကြီးအမိန့်ကို မလွန်ဆန်ဝံ့တာနဲ့ မြားအစင်းတစ်သိန်းကုန်အောင် လေ့ကျင့်ဖို့ တောကြီးထဲကို ဝင်ခဲ့ရတယ်၊ ဒီလိုနဲ့ တောထဲမှာ ရက်ပေါင်းများစွာကြာအောင် မြားပစ်လေ့ကျင့်ပြီးတော့ တောတစ်ခုလုံးမှာ ငါ့ရဲ့မြားတံတွေနဲ့ ပြည့်နှက်သွားခဲ့တယ်၊ ငါဟာ တစ်ရက်ပြီးတစ်ရက် တောထဲမှာ နေထိုင်ပြီး ငါ့ရဲ့

မြားတံတွေဟာ တဖြည်းဖြည်း လျော့နည်းသွားခဲ့တယ်၊ မြားတွေကို ပစ်ခတ်ရင်း တောနက်ထဲက မြားတံတွေနဲ့ ကင်းလွတ်ရာနေရာကို တဖြည်းဖြည်းရွှေ့ပြောင်းသွားခဲ့တယ်၊ ငါဟာ တောနက်ထဲက ရွှေ့ပြောင်းရင်း ကြာတာနဲ့ တဖြည်းဖြည်းနီးလာပြီး မြားတံတွေလည်း ကုန်လုနီးပါးဖြစ်လာတယ်၊ ငါဟာ မြားပစ်လေ့ကျင့်ရင်းနောက်ဆုံးတစ်နေ့မှာ ငါ့လက်ထဲမှာ မြားတံဆယ်ချောင်းပဲ ကျန်တော့တယ်၊ ရွာကိုပြန်ရတော့မယ်ဆိုပြီး ဝမ်းသာနေခဲ့တယ်၊ ငါဟာ စိတ်လှုပ်ရှားစွာနဲ့ မြားတံတွေကို တစ်ချောင်းပြီးတစ်ချောင်း ပစ်လွှတ်ခဲ့တယ်၊ နောက်ဆုံးမြားတံကို ဝမ်းသာအားရ ပစ်လွှတ်ပြီးတဲ့ အချိန်မှာပဲ တောထဲက နာကျင်စွာအော်ဟစ်လိုက်တဲ့ အသံကို ကြားရလို့ ခေါင်းနားပန်းကြီးသွားတယ်၊ အလွန်ထိတ်လန့်တုန်လှုပ်ပြီး အသံကြားရာနေရာကို ပြေးလွှားခဲ့တယ်၊ ဒီအခါ ငါ့ရဲ့ နောက်ဆုံးမြားတံ စိုက်ဝင်ခဲ့ရတဲ့ လူဟာ ငါ့ချစ်သူရဲ့ ကလေးငယ်ဖြစ်ကြောင်း ကြေကွဲဝမ်းနည်းစွာတွေ့လိုက်ရတယ် ”

ဟု ပြောလေရာ ဘရန်ရှောင်က အလွန်အံ့သြဟန်ဖြင့် မျက်လုံးပြူးကျယ်သွားပြီး

“ ဟာ …… တိုက်တိုက်ဆိုင်ဆိုင် ကလေးကိုမှ မြားစိုက်ခံရတယ်နော်၊ နောက်ပြီး စိုက်ဝင်တဲ့ မြားကလည်း ခင်ဗျားမြားတံ တစ်သိန်းထဲက နောက်ဆုံးမြားတံဖြစ်နေတယ် ”

ဟု ပြောလေ၏ ။

ထိုအခါ လူ့ဂွစာကြီးက သက်ပြင်းရှည်ကြီးကိုချ၍

“ ဟုတ်တယ်၊ မြားတံတစ်သိန်းရဲ့ နောက်ဆုံးမြားတံဟာ တိုက်တိုက်ဆိုင်ဆိုင် ငါချစ်တဲ့ကလေးကို မှ ထိခိုက်သွားတယ်၊ တကယ်တော့ ကလေးဟာ မသေသင့်ပဲ သေရတာ ကွ၊ ကလေးဟာ ငါပြန်လာမယ့်ရက်ကို မှန်းပြီး

အချိန်တန်လို့ ငါရောက်မလာတာနဲ့ မိခင်မသိအောင် တောထဲကို
တိတ်တခိုးလိုက်လာတာကွ၊ ငါဟာ ကလေးအတွက် မချိတင်ကဲဖြစ်လွန်းလို့
ငါ့ရဲ့လေးကိုင်းကို ဒေါသတကြီး ရိုက်ချိုးပစ်လိုက်တယ်၊ တကယ်တော့
မြားဝိဇ္ဇာတစ်ယောက်ရဲ့ အရေးအကြီးဆုံးသံမဏိစည်းကမ်းကတော့
လေးကိုင်းမကျိုးမပြတ်စေဖို့ဘဲ၊ ငါဟာ ကလေးကို စိုးရိမ်လွန်းလို့ ရင်မှာပိုက်ပြီး
ဆေးသမားတော်ကြီးဆီကို ပြေးခဲ့တယ်၊ ဒါပေမယ့် အလာကောင်းပေမယ့်
အခါနှောင်းခဲ့ရတယ်၊ ကလေးအသက်ကို ဆုံးရှုံးခဲ့ရတယ်၊ ငါဟာ
ဖြစ်ကြောင်းကုန်စင်ကို ပြောပြီး ဆရာကြီးရဲ့ ခြေသလုံးကို ငိုယိုနေမိတယ်၊
ဆရာကြီးကတော့ သူ့ရဲ့မြေးဆုံးရှုံးခဲ့ပေမယ့် ပညာရပ်ကို အလေးနက်ထားသူပီပီ
အပစ်မဆိုဘဲ လေးကိုင်းကို ချိုးပစ်ခဲ့တဲ့အတွက်သာ ငါ့ကိုအပြစ်တင်ခဲ့တယ်၊ ငါဟာ
မြားဝိဇ္ဇာဘွဲ့ကို လက်လွှတ်ဆုံးရှုံးရပေမယ့် စိတ်ထိခိုက်မှုမဖြစ်ပါဘူး၊
ငါ့ကြောင့်ကလေးအသက်ဆုံးရတာ ကိုပဲ ဝမ်းနည်းကြေကွဲ နှမြောတသဖြစ်ခဲ့တယ်၊
ဒီအကြောင်းတွေကို ငါ့ချစ်သူသိတဲ့အခါ ငါ့ကို ခွင့်မလွှတ်နိုင်ဘဲ နာကြည်းခဲ့တယ်၊
သူ့ရဲ့ကလေးကို ချစ်ဟန်ဆောင်ပြီး တောထဲကို လှည့်ဖျားခေါ်ဆောင်ပြီး
သတ်ဖြတ်ပစ်တယ်လို့ စွပ်စွဲခဲ့တယ်၊ ဖခင်ဖြစ်သူသိုင်းဆရာကြီးက တားမြစ်ထားတဲ့
ကြားက ငါ့ကို ကလဲ့စားချေဖို့ ကြိုးစားခဲ့တယ်၊ သူဟာ ငါ့ကို မုန်းတီးလွန်းလို့
ငါ့အသက်ကို ရမှ ကျေနပ်မယ်လို့ ကြုံးဝါးခဲ့တယ်၊ သူဟာ အကြိမ်ကြိမ်အခါခါ ငါ့ကို
တိုက်ခိုက်ဖို့ ကြိုးစားခဲ့တယ်၊ နောက်ဆုံးမှာ ဆရာကြီးဟာ သူ့သမီးကို
မတားမြစ်နိုင်တဲ့အဆုံးမှာ ငါ့ကို ဒီနေရာကထွက်သွားဖို့ ပြောဆိုခဲ့တယ်၊
ငါလည်းဆရာကြီးရဲ့ အမိန့်ကို မလွန်ဆန်နိုင်ဘဲ ဂါတောက်နယ်ကို စွန့်ခွာပြီး
ခမ့်နယ်ဘက်ကို ပြောင်းရွှေ့ခဲ့တယ်၊ ခမ့်နယ်ဘက်မှာ ငါဝါသနာပါတဲ့ မြင်းတွေနဲ့
နှစ်ပေါင်းများစွာ အတူနေခဲ့တယ်၊ ငါဟာ ကလေးငယ်အသက်ဆုံးတဲ့ အဖြစ်ကို
မကြာခဏသတိရပြီး ဝမ်းနည်းကြေကွဲနေတဲ့အတွက် သိုင်းပညာကိုတောင်
မလေ့ကျင့်တော့ဘဲ အပြီးအပိုင် စွန့်လွှတ်ခဲ့တယ်၊ ဂါတောက်နယ်မှာ မြင်းတွေနဲ့
ပျော်ပါးပြီး ငါ့ဘဝတစ်ခုလုံးကို မြင်းတွေကြားမှာ မြှုပ်နှံထားတဲ့ အချိန်မှာပဲ

ငါ့ချစ်သူဟာ ငါ့ကို ရန်ငြိုးမပြေနိုင်သေးဘဲ အကြိမ်ကြိမ်အခါခါ တွန်းလှန်ခဲ့ရတယ်၊ သူနောက်ဆုံးရောက်လာတုန်းက ကိုယ်တော်မြတ်ကြီးရဲ့ မြင်းတော်ကြီးကို လုပ်ကြံဖို့ ကြိုးစားခဲ့တာပေါ့၊ အဲဒီ တုန်းက မင်းရဲ့ ကျေးဇူးကြောင့် မြင်းတော်ရဲ့ အသက်မဆုံးရှုံးခဲ့တာပေါ့ ”

ဟု ရှင်းလင်းပြလေ၏ ။

ဘရန်ရှောင်သည် လူ့ဝွစာကြီး၏ စကားကြောင့် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး

“ ခင်ဗျားရဲ့ ဘဝမှာ သိုင်းပညာနဲ့ ပတ်သက်ပြီး ကြေကွဲစရာ ဖြစ်ရပ်တွေ အများကြီးရှိခဲ့တာကိုး၊ ဒါကြောင့် သိုင်းပညာကို ခင်ဗျားစိတ်နာပြီး စွန့်လွှတ်လိုက်တာကိုး၊ ဒါဆိုလည်း ကျုပ်ထိုက်နဲ့ ကျုပ်ကံပဲ ရှိပါစေ၊ ကျုပ်ဘဝမှာ သိုင်းပညာသင်ဖို့ ကံဇာတာမပါဘူးလို့ပဲ မှတ်ယူလိုက်ပါမယ် ”

ဟု စိတ်ပျက်ဟန်ဖြင့် ပြောဆိုလေ၏ ။

ဘရန်ရှောင်၏ စကားကြောင့် လူ့ဝွစာကြီးသည် မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

“ မင်းသိုင်းပညာကို သိပ်သင်ချင်တာပဲလား ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ ဘရန်ရှောင်က ခေါင်းညိတ်၍

“ သင်ချင်တာပေါ့ဗျာ၊ ကျုပ်အဖေ ဒူဝါကြီးနဲ့ နေခဲ့စဉ်ကတည်းက ရှမ်းသိုင်းဆရာတွေမြင်တိုင်း သိုင်းပညာကို အရူးအမူး သင်ချင်တယ်၊ ကျုပ်အသက်ငယ်သေးလို့ ပညာသင်ချင်စိတ်ကို ချိုးနှိမ်ခဲ့ရတယ်၊ နောက်ပြီးတော့ ကျုပ်ဘဝမှာ အရေးအကြီးဆုံး တာဝန်ကြီးကို ထမ်းဆောင်ဖို့အတွက် သိုင်းပညာကို တတ်ကျွမ်းမှကိုဖြစ်မယ် ”

ဟု ပြောလေ၏ ။

လူ့ဂွစာကြီးသည် ဘရန်ရှောင်၏ စကားကြောင့် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

“ တကယ်တော့ မင်းရဲ့ ကျေးဇူးတွေ ငါ့အပေါ်မှာ ရှိပါတယ်၊ အတွင်းတော်ကြီးရဲ့ မြင်းတော်ကို ငါ့ချစ်သူ လာလုပ်ကြံတုန်းက အဆိပ်ပြင်းတဲ့ပင့်ကူနီတွေကို မင်းအသက်နဲ့ရင်းပြီး ရင်ဆိုင်တိုက်ခိုက်ခဲ့တယ်၊ အဲဒီတုန်းက ပင့်ကူနီတွေကိုက်ပြီး ကိုယ်တော်မြတ်ကြီးရဲ့ မြင်းတော်သေခဲ့ရင် ငါ့ရဲ့ မြင်းထိန်းအလုပ်ကို ထိခိုက်ရုံမကဘူး၊ အသက်အန္တရာယ်နဲ့လည်း ကြုံတွေ့ရမှာပဲ ”

ဟု ပြောလေ၏။

ဘရန်ရှောင်က ခေါင်းညိတ်၍

“ အဲဒီ တုန်းက မြင်းတော်ကို ပင့်ကူနီကြီးတွေ တိုက်ခိုက်မှာ စိုးရိမ်လို့ ကူညီတာပါ ”

ဟု ပြောလေ၏။ ထိုအခါ လူ့ဂွစာကြီးက

“ ဘာပဲဖြစ်ဖြစ် မင်းရဲ့ ကျေးဇူးငါ့ဆီမှာ ရှိပါတယ်၊ ဒါကြောင့် ငါနှစ်ပေါင်းများစွာ စွန့်လွှတ်ထားတဲ့ သိုင်းပညာကို မင်းကို ငါသင်ပေးမယ်လို့ ဆုံးဖြတ်လိုက်ပြီ ”

ဟု ပြောလေရာ ဘရန်ရှောင်က စိတ်လှုပ်ရှားစွာဖြင့်

“ ဝမ်းသာလိုက်တာဗျာ၊ ကျုပ်ဘဝမှာ ဆရာကောင်းတစ်ယောက်ရှာပြီး ကိုယ်ခံပညာကို ကျွမ်းကျင်အောင် သင်ကြားပေးဖို့ အဓိကတာဝန်ဖြစ်တယ်၊ ကိုယ်ခံပညာတတ်မှ သေဆုံးသွားတဲ့ ကျုပ်မိဘနှစ်ပါးအတွက် ကလဲ့စားချေနိုင်လိမ့်မယ် ”

ဟု ပြောလေရာ လူ့ဂွစာကြီးက

“ မင်းကို ကိုယ်ခံပညာကျွမ်းကျင်အောင် ငါသင်ပေးမယ်၊ ဒါပေမယ့်

ရန်ကို ရန်ခြင်း တုံ့နှင်းတဲ့ အလုပ်ကိုတော့ အားမပေးနိုင်ဘူး”

ဟု ပြောလေ၏။ ဘရန်ရှောင်က လက်သီးဆုပ်၍

“ ခင်ဗျား ဘယ်လိုပဲတားတား သေဆုံးသွားတဲ့ ကျုပ်မိဘနှစ်ပါးရဲ့ စကားကိုတော့ ကျုပ်နာခံရမှာပဲ၊ အမေဟာ ရန်သူလက်ချက်နဲ့ သူတို့ ကျဆုံးမယ်ဆိုရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူတို့အတွက် ပြန်ပြီး လက်စားခေဖို့ မှာကြားထားခဲ့တယ် ”

ဟု ပြောလေရာ လူ့ဂွစာကြီးက

“ ဒါကတော့ မင်းမိဘနှစ်ပါးရဲ့ ဆန္ဒဖြစ်လို့ ငါဘာမှမပြောလိုဘူး၊ ဘာပဲဖြစ်ဖြစ် လောကမှာ သတ်သူမရှိသလို သေသူလည်းမရှိဘူး၊ အရာအားလုံး ကံစီမံရာပဲ ”

ဟုပြောလေ၏။

*